
www.burmeseclassic.com



www.burmeseclassic.com



www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁)

"ကိုခန့်လူ . . ရှင် ကျွန်မအဖေကို ဘာတွေ မြှောက်ပင့်ပေးခဲ့လဲ"

ခင်ရဲတိုက်၏ မျက်လုံးအစုံတို့သည် ဒေါသကြောင့် မီးခိုးတွေ အူထွက်မတတ်။

ရုံးမှပြန်လာလာချင်း အမြဲဆီးကြိုနေကျလေသံကြောင့် ခန့်လူကလည်း အိမ်ကို ပြန်မလာချင်လောက်အောင်ကို အိမ်အပြင်မှာပဲ နေချင်တာပါ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၈)

“အချစ်..”

“အင်း..”

“အိပ်ပြီလား”

“ဘာလုပ်ဖို့တုန်း”

ခင်ရဲတိုက် အိပ်ဖို့ဟန်ပြင်နေသလောက် ခန့်လူ အိပ်မပျော်နိုင်သေး။ မနက်ဖြန်ဆိုလျှင် ယောက္ခထီးကြီးနှင့် အွာဘွားကြီး ကြီးကြာနီတို့ လက်ထပ်ကြမည့်ပွဲရှိသည်။

မိထွေးအသစ်စက်စက်ကြီး အိမ်မှာလိုက်နေမည်ဆိုတာကို ခင်ရဲတိုက် နည်းနည်းလေးမှ မရိပ်မိသေး။



www.burmeseclassic.com

www.burmeseclassic.com



အိမ်အပြင်ဆိုလျှင် ခင်ရဲတိုက်၏စက်ကွင်းက လွတ်ပြီးသား။ ခင်ရဲတိုက်နှင့် တစ်နာရီ တစ်စက္ကန့် ဝေးနေရလျှင်၊ ဝေးနေရမယ်ဆိုလျှင် ခန့်လူ ကျောတစ်ခင်းစာအတွက် ပေတစ်ရာမှာ အိပ်ဆိုလဲ အိပ်ရဲပါတယ်၊ ဆိုက္ကားဂိတ်နားက အကြော်တဲမှာ ပုဆိုးခြုံပြီး ကွေးဆိုလည်း ကွေးဝံ့ပါတယ်၊ နေခြစ်ခြစ်တောက် ပူလောင်နေတဲ့ ရထားသံလမ်းပေါ်မှာ (အသုံးမပြုတော့သည့် ရထားသံလမ်းအဟောင်းကို ပြောခြင်းဖြစ်သည်။) ကျောအပူခံပြီး လှဲအိပ်ဆိုလျှင်လည်း. . ရဲရဲတောက် အိပ်ပြပါမည်။ ဒါတင်မကသေး ကျားရုံထဲမှာ ကျားနှင့်အတူ အဖော်သွားအိပ်ဆိုလျှင်တောင် အိပ်လိုက်ချင်သူပါ။

သို့ဆိုလျှင်တောင် လူထူးဆန်းရယ်ဆိုပြီး မောင်သီတို့ အရိုးတို့ မမိုးတို့ကတောင် မိန်းမချောချောလေးနှင့်အတူတူ အိပ်ရမည့် ဒန်းလော့မွေ့ယာနှင့် အဲကွန်းကို ကျောခိုင်းပြီး ဒီလိုကြမ်းတမ်းခက်ထန်သည့်နေရာတွေကိုမှ ရွေးချယ်ရသလားဆိုပြီး အံ့ဩဘနန်းဖြစ်ပြီး Yes ဟုပြောကာ ရွေးချယ်အုန်းမလားမသိ။

တကယ်တော့ ခန့်လူဟာ ရှေ့တစ်မျိုး ကွယ်ရာတစ်မျိုး လုပ်တတ်သည့်လူမျိုးတော့ မဟုတ်ပါ၊ သို့သော် အချိန်တွေပြောင်း ရာသီတွေနှောင်းပြီး လက်တွေတောင် အတိုအရှည် မတူမှတော့ ခံစားမှုစေတသိက်တွေကရော အမြဲတသမတ်ထဲ ပြောင်းလဲနေမှာ အဆန်းမှမဟုတ်တာ။

ရှေ့ကဦးဆောင်နေသည့် ယောကျ်ားကို အမှီလိုက် ဘေးချင်းယှဉ်ပြီး ဂုတ်ခွစီးချင်နေသည့် မိန်းမမျိုးကို ဘယ်ယောကျ်ားက ကြာကြာနှစ်မြို့နိုင်တော့မလဲ။

ယခင်က ချစ်လိုက်တာဟု တကြော်ကြော် ပြောခဲ့သမျှ စကားလုံးတွေဟာ ပိုးဟတ်ချိုးဆော်နံပြီး ခြံတွေစားကုန်လို့ ဂလိုင်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကို ဖြစ်ကရောပါ။

အမှန်ဆို အမှုန့်ဖြစ်ပြီး လေနှင်ရာကို လွင့်မျောပစ်ရမှာ. .

"ဟော့လူ ရှင့်ကို မေးနေတယ်လေ၊ ခုမှ မျက်လုံးလေး ပေကလပ် ပေကလပ်နဲ့၊ ကြောင်သေပါးရိုက်ရုပ်လုပ်ပြပြီး ဆိုက်ကိုကွက်မနင်းပြနဲ့"

ပခုံးကို ဆတ်ခနဲပုတ်ပြီး ခပ်ကြောကြောပြောလာသော ခင်ရဲတိုက်ကို အိပ်ယာနိုးထစ လူတစ်ယောက်၏ အကြည့်မျိုးဖြင့် ခပ်ဝေါင်ဝေါင်ကြည့်ကာ. .

"ဘာ. . ဘာမေးတာတုန်း"

"ရှင် ကျွန်မအဖေကို ဘာတွေမြှောက်ပေးလိုက်တုန်းလို့"

"ငါက ဘာတွေများ မြှောက်ပေးလိုက်မိလို့လဲ"

"ဩော်. . ခုမှ မသိချင်ဟန်ဆောင်နေသေးတယ်၊ ကျွန်မအဖေ အသက်ကိုးဆယ့်ငါးနှစ် အရွယ်ကြီးကို အသက်ရှစ်ဆယ်ကျော်အဖွားကြီးနဲ့ အိမ်ထောင်ပြုဖို့ လှော်နေတာလေ၊ နှစ်ယောက်စလုံး အသက်တိုပြီး လောကကြီးထဲက မြန်မြန်ဆန်ဆန် အမောဆို့ပြီးထွက်သွားရအောင်လို့လား၊ ဟမ်. . ရှင်ကြီးက ကျွန်မအဖေကို ဒီနည်းနဲ့ သေကြောင်းကြံလိုက်တာပေါ့လေ"

ခင်ရဲတိုက် ဘာတွေဒေါ်ဖောင်းနေသည်ဆိုတာ ခုမှပင် သဘောပေါက်တော့သည်။

"ဩော်. . ဒါ. . ဒါလား၊ အဲ. . အဲဒါကို ကိုယ်ရှင်းပြပါမယ် အချစ်ရယ်၊ ခုတော့. . ကိုယ် အိမ်ထဲဝင်ပါရစေဦးနော်"

အိမ်ပေါက်ဝ ခါးထောက်ရပ်ပြီး ရန်ထောင်နေသော ခင်ရဲတိုက် ဘေးမှဖြတ်ပြီး ဝင်လာလိုက်သည်။ ခင်ရဲတိုက် ဘောက်ဆတ်ဆတ်ခြေလှမ်းတွေဖြင့် ထပ်ကြပ်မကွာ လိုက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ခန့်လူ အကြံအိုက်နေတာတော့ အမှန်ပါ၊ တကယ်တော့ ယောကျ္ာထီးကြီး ဒီရောဂါဝင်သွားတာ ခန့်လူ၏ ပယောဂ ကင်းမှ မကင်းတာပဲလေ။

သူတို့၏ ငယ်ကျွမ်းဆွေဘဝကို ပြန်လည်အသက်ဝင်လာအောင် အသက်သွင်းပေးလိုက်တာ ကိုယ်ပါပဲ။

သို့သော် မတတ်နိုင်၊ အင်မတန်ဒေါသကြီးပြီး ဇီဇာကြောင် သောယောကျ္ာထီး အိမ်မှာမရှိမှ အေးမှာမို့ သင့်တော်တာ မတော်တာ ဘေးချိတ်၊ ခုလတ်တလော ကိုယ်နားအေးပါးအေး နေရဖို့အရေး ထက် ဘာကိုမှမငဲ့နိုင်တော့။

"ကဲ ပြောလေ. .၊ ဘာကို အချိန်ဆွဲနေတာလဲ"

ခင်ရဲတိုက် စိတ်မရှည်ချင်တော့။

"အချိန်ဆွဲနေတာ မဟုတ်ပါဘူးကွာ၊ တကယ်ဆို အဲဒီကိစ္စ ကိုယ်ဘာမှမသိဘူး၊ ဒယ်ဒီကသာ ကိုယ့်ကိုလာတိုင်ပင်တာ၊ သူ ငယ် ငယ်တုန်းက မပေါင်းသင်းလိုက်ရပဲ ကွေကွင်းခဲ့ရတဲ့ချစ်သူ ရှိခဲ့တယ် တဲ့"

"အင်း. . ပြောပါဦး"

"အဲဒါနဲ့. . ဒယ်ဒီက ချစ်နေသေးလို့လားလို့ မေးတော့"

"ငါသေတာတောင် ငါ့ရင်ဘတ်ထဲကို ထည့်သိမ်းသွားမှာ တဲ့"

ခင်ရဲတိုက် နှုတ်ခမ်းအစုံကို တွန့်ကွေးပြီး မဲ့လိုက်သည်။

"ပြီးတော့. . ပြောသေးတယ်၊ ခုချိန်မှာ ငါလည်း လူလွတ် သူလည်း အိမ်ထောင်မရှိသေးတဲ့ အပျိုကြီးဘဝနဲ့ ငါ့ကိုပဲ တမ်းတနေ ရရှာတာတဲ့၊ ဒါကြောင့် ငါ မသေခင်လေးမှာ သူနဲ့ တစ်နှစ်ပဲ ပေါင်း ရပေါင်းရ၊ တစ်လပဲပေါင်းရပေါင်းရ၊ တစ်ပတ်ပဲပေါင်းရပေါင်းရ. .



www.burmeseclassic.com

www.burmeseclassic.com


ငါကျေနပ်တယ်၊ သေမယ်ဆိုရင်တောင် သေပျော်တယ်တဲ့၊ အဲဒါ. . မင်းအဖေပြောတဲ့စကား"

"အဲဒါနဲ့ပဲ ရှင်က မြောက်ထိုးပင့်ကော် လုပ်လိုက်တယ် ဆိုပါတော့၊ ဟုတ်လား. . ."

"အဲလိုလည်း မဟုတ်သေးဘူး၊ ကိုယ်က ခေါင်းတညိတ်ညိတ်နဲ့ပဲ နားထောင်ပေးခဲ့တာ ဘာအကြံမှ မပေးခဲ့ဘူး၊ အဲ. . ကန့်ကွက်လို့လည်း မရဘူးလေကွာ၊ မင်းအဖေက သူလုပ်တာပဲမှန်တယ် သူပြောတာပဲ လက်ခံရမယ့် တယူသန်စိတ်ကြီးမို့. . ကိုယ်ဘာမှကို အကြံမပေးသလို ကန့်လည်းမကန့်ကွက်ခဲ့ဘူး"

"အဲ့ဒါက ရှင့်အပြောလေ၊ အခု ဒယ်ဒီက စမ်းချောင်းထဲက ဘိုးဘွားပိုင်အိမ်ကြီးကိုရောင်းပြီး သားသမီးတွေကို အမွေပေးမယ်၊ ကျန်တဲ့ငွေနဲ့ အိမ်ထောင်ပြုမယ်တဲ့"

"အေးလေ. . အဲဒါ ကိုယ်နဲ့ဘာဆိုင်လဲကွာ"

"ဆိုင်တာပေါ့၊ ငါ့ရဲ့ ကိုယ်ရေးကိစ္စမှန်သမျှ ငါ့သားမက်ကို မေးကြတဲ့၊ ငါ ရှင်းပြရတာ မောလို့တဲ့လေ"

"ဗုဒ္ဓေါ. . ရှင်းပြရတာတော့မောပြီး မိန်းမယူရတာကျတော့ မမောဘူးပေါ့. . ဟုတ်လား"

ခေါင်းငှားလိုက်သော လူလည်ယောက္ခထီးကြီး သေခါနီး ရိက္ခာယူတာတောင် ကိုယ့်အပေါ် လွှဲချရသလား။

"ဘာပဲဖြစ်ဖြစ် ဒီကိစ္စ ရှင့်ပယောဂတော့ မကင်းဘူး မဟုတ်လား"

"ဘာဆိုင်လဲကွာ"

"ရှင်က ကျွန်မအဖေကို ဖြစ်နိုင်ရင် ဒီအိမ်မှာ မရှိစေချင်ဘူး မဟုတ်လား"


www.burmeseclassic.com

www.burmeseclassic.com



"မရှိစေချင်တာ မဟုတ်ဘူး၊ ဘုရားသွား ကျောင်းတက် လုပ်စေချင်တာ၊ ဒါမှ သေရင် သူ့အတွက် ရိက္ခာပါသွားမှာလေ၊ ခုတော့ မင်းအဖေ ရိက္ခာယူပုံက လွဲနေတယ်၊ တမလွန်အတွက် အကုသိုလ်ထုပ်ကြီး ခေါင်းပေါ် ရွက်သွားမယ့် ရိက္ခာမျိုးကိုပဲ ယူနေတာ၊ ဒါကို ကိုယ်က သားမက်တစ်ယောက်ဖြစ်ပြီး ဘယ်လိုတားရမှာလဲ"

"ခု ရှင်က မကန့်ကွက်ပဲ ခေါင်းညိတ်နေတော့ ဒယ်ဒီက သူ့လုပ်ရပ် မှန်တယ်ထင်ပြီး သူထင်ရာ သူဆိုင်းနေပြီလေ"

"ဒါဆိုရင် မင်းက ကန့်ကွက်လိုက်ပေါ့၊ မကန့်ကွက်ချင်ရင်လည်း မေမေအသစ်ကို ချစ်နိုင်အောင် ကြိုးစားလိုက်၊ ကဲ. . ကိုယ် ပင်ပန်းနေပြီကွာ. . ရေချိုးမယ်၊ ပြီးရင် ထမင်းစားမယ် ချစ်ရယ်"

စကားစကို မနည်းဖြတ်ခဲ့ရပြီး ခင်ရဲတိုက်နားမှ ခတ်သွက်သွက် ထွက်လာခဲ့လိုက်သည်။

ရေချိုးခန်းထဲရောက်မှ အားရပါးရ ရယ်ပစ်လိုက်သည်။

"ယောက္ခထီးကြီးကို ဆေးကျွေးလိုက်တာ ကောင်းမှန်းသိသာအိတစိုစိုနဲ့. . . ဒေါ်ကြိုးကြာနီကိုမှ မသေ့ခင်လေး ပေါင်းသွားချင်ပါသတဲ့၊ အဟတ်. . ဟား. . ဟား. . ဟား. . ဟား"



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

“ငခန့် . . ငခန့်”

“ဗျာ . . ”

“ထစမ်းပါဦးကွ၊ မင်းကလည်း သောက်ပျင်းကကြီးတာ”

ရုံးပိတ်ရက်ကလေး နေမြင့်အောင် အိပ်မယ်ကြံကာရှိသေး၊ မီးရထားဥဩဆွဲသလို အသံပြကြီးနှင့် နှိုးနေသော ယောက္ခထီးအသံကြောင့် မျက်လုံးတို့ မဖွင့်ချင်ဖွင့်ချင်ဖြင့် မနည်းဖြဲဖွင့်လိုက်သည်။

“ဘာခိုင်းမလို့လဲ ဒယ်ဒီရာ၊ ဒီနေ့ ရုံးပိတ်ရက်လေးမို့ အိပ်မိတာပါ”



www.burmeseclassic.com

www.burmeseclassic.com



"အေး. . ခုထတော့၊ ငါ့ကို 'ကြိုးကြာ'ဆီ မက်ဆေ့ပို့ပေးစမ်းပါကွာ"

"အာ. . ဒယ်ဒီကလည်း စာမတတ် ပေမတတ်တာ ကျနေတာပဲ"

ယောက္ခထီးနှင် မတည့်အတူနေမို့ ပြောစရာရှိလျှင်တော့ ခန့်လူက ထိုသို့ ဘွင်းဘွင်းရှင်းရှင်း ပြောတတ်သည်။

"ဟာ. . စာတော့တတ်တာပေါ့ကွာ၊ ဖုန်းကစာလုံးတွေ ငါ သိပ်မသဲကွဲဘူး၊ စားလုံးပေါင်းသတ်ပုံတွေ မှားကုန်ရင် ဘယ့်နှယ်လုပ် မတုန်း၊ ကိုယ်ချစ်သူရှေ့မှာ အရှက်တွေကွဲမှာပေါ့၊ ခွိ. . ခွိ. . ခွိ"

အံမယ်. . အဘိုးကြီး အပေါ်သွားတွေ တစ်ချောင်းမှမရှိလို့ အတုတွေတပ်ပြီး ငယ်မူငယ်သွေးကြွတေတယ်၊ ချစ်သူတဲ့. . .။

ခုမှတော့မထူးတော့ ပို့မယ့်ပို့ ကူးတို့ရောက်အောင်ပဲ လိုက်ပို့ ပေးလိုက်ပါတော့မယ်။ ထို့ကြောင့် ကျိန်းစပ်နေသော မျက်လုံးတွေကို ပွတ်ကာ သမ်းဝေလိုက်ပြီး. . .

"ဝါး. . ကဲ. . ပေး. . ပေး၊ ဘာရိုက်ထည့်ပေးရမလဲ"

ယောက္ခထီးကြီး ဦးစိန်တိုက်လက်ထဲမှဖုန်းကို လှမ်းယူပြီး မက်ဆေ့စ်ဘောက်ကို ဖွင့်လိုက်သည်။

"နှင်းရေ ဆာနေပြီလားလို့ ရိုက်ထည့်လိုက်. . ဟီး. . ဟီး"

"ဗျာ. . "

စကားလုံးကြီးက ရိုက်ထည့်ရမယ့်လူတောင်တွန့်သွားသည်။

"ဆာနေပြီလားလို့ ရိုက်ထည့်လေ၊ ဘာကြောင့်ကြည့်နေတာလဲ"

"ဘာ. . ဘာဆာတာလဲဒယ်ဒီ၊ ဒီအသက်အရွယ်ကြီးတွေကျမှ သုံးတဲ့စကားတွေက ကြမ်းလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . စကားကများနေသေးတယ်၊ ရိုက်စရာရှိ ရိုက်ထည့်လိုက်"

ခန့်လူခေါင်းကို ဖတ်ခနဲရိုက်ပြီး ဖွတ်ခိုင်းနေသောကြောင့် သူခိုင်းတဲ့အတိုင်း စာရိုက်ပြီး ပို့လိုက်သည်။

"အယ်. . "

သိပ်မကြာလိုက် မက်ဆေ့ပြန်ပို့သည်။

"ဆာနေပြီပေါ့လို့ မလာသေးဘူးလား"

"ဆာနေပြီတဲ့. . မလာသေးဘူးလားတဲ့"

"အေး. . ဟုတ်လား. . ဟီး. . ဟီး၊ ဒါကြောင့် ငါ့စိတ်က သိနေတာပေါ့၊ ငါ သွားကျွေးလိုက်ဦးမယ်၊ မင်းအားရင် ငါ့ကို ကားမောင်းပြီး လိုက်ပို့စမ်းကွာ"

"ဗျာ. . "

"ဩော်. . နားက ဝေးပါ့၊ ကားမောင်းပြီး လိုက်ပို့လို့၊ သွားကျွေးမလို့"

အဘိုးကြီး တစ်စခန်းထပ်ထပြန်သည်။

"ဒယ်ဒီ အချိန်အခါမဟုတ်ဗျာ၊ မနက်စောစောစီးစီးကြီးကို ဘာလို့တောင်. . အဲ. . အမြင်မတော်အောင် လုပ်မှာလဲ၊ ဒယ်ဒီ သမီးတွေ့ရင် ကျွန်တော့်ကို ပြဿနာရှာဦးမယ်"

"ဟကောင်၊ ငါ့က ကြိုးကြာနီ့ဆီကိုသွားမှာ ဘာကြောင့် အမြင်မတော်ရမှာလဲ"

"ဟိုကဆာနေလို့ ဒယ်ဒီကျွေးမှာလေ"

"အေးလေ. . အဲဒါ ဘာဖြစ်လဲ"

"ဒီအချိန်ကြီး ဘယ်တည်းခိုခန်းခေါ်ပြီး ကျွေးမှာလဲ"

မထူးတော့ပြီမို့ ဒွဲသာပြောချလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ မင်းကတော့ တလွဲပြောပြီ၊ မနက်ခင်းစာ ကျွေးဖို့သွားမှာကို ငါက ဘယ်တည်းခိုခန်း သွားစရာလိုလဲ"

"ဒါနဲ့ သူပြောတော့ ဆာနေပြီ မလာသေးဘူးလားတဲ့"

"ဟုတ်တယ်လေ၊ ငါက ဒီမနက် သူကြိုက်တဲ့ မြိတ်ကပ်ကျေးကိုက်ဝယ်ပြီး သွားပို့မလို့ သူက ငါ့ကို ဘာမှမစားသေးပဲ စောင့်နေတာ"

"အဲ့ . . အဲလိုလား၊ ဒါဆိုလည်း ရှင်းရှင်းပြောကြပါလား၊ အရင်းမရှိ အဖျားမရှိ၊ ဆာတာတွေရော ကျွေးတာတွေရော"

"အောင်မာ မင်းက ချော်တွေးနေတာ၊ ငါတို့က ရိုးရိုးပြောတာ"

နောက်ဆုံးတော့ ရှေ့ကိုချော်တွေးမိတဲ့ ကိုယ်ကပဲအပြစ်

"ဟီး . . ဟီး . . ဟီး . . ဆော . . ဆောရီး ဒယ်ဒီ"



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

"ဟယ်. . လာပြီ. . လာကြပြီ၊ မြေးရေ. . "

မိထွေးယောက္ခမလောင်းအိမ်ရှေ့ ကားရပ်လိုက်သည်နှင့် ခါးအနည်းငယ်ကိုင်းနေသော အဖွားကြီးတစ်ဦး ကော့လန်၊ အဲ. . ကိုင်းကိုင်း. . ကိုင်းကိုင်းနှင့် ထွက်လာသည်။

ကားပေါ်မှ ယောက္ခထီးကြီးကလည်း ကားမရပ်ခင်ကတည်းက တံခါးက ကြိုဖွင့်ပြီးသားမို့ ကားရပ်လိုက်သည်နှင့် ရှေ့ကို ဟတ်ထိုးလဲမတတ် ကားပေါ်က ဆင်းပြေးသွားသည်။

သေခါနီးကြီးတွေ ရိက္ခာယူပုံများ ဘယ်လိုမှ ရုပ်ထဲမှာ ခံစား

www.burmeseclassic.com



၅်မရသည်မို့ ခန့်လူ ကားစက်သတ်ပြီး သက်ပြင်းကို ဟင်းခနဲ ချ လိုက်သည်။

"ကိုတိုက်ရယ်၊ ကြိုးကြာကလေ ဒီနေ့ ကိုတိုက်နဲ့ မနက်ခင်း စာ အတူစားမှာမို့ မြေးကျွေးတာကိုတောင် ဘာမှမစားထားဘူး"

စကားလုံးတွေကသာ နွဲ့နေတာ အဖွားကြီး အသံကလည်း တုန်နေသည်။

"ကိုယ်လည်း မနက်မိုးမလင်းခင်ကတည်းက အပြေးလာ ချင်တာကွ၊ ဟောဒီက သားမက်မနိုးသေးလို့ စောင့်နေရတာ၊ မနိုးတဲ့ အဆုံး နှိုးပြီးတော့ လိုက်ပို့ခိုင်းရတာ၊ ဟော့ကောင်. . ခန့်လူ"

"ခင်ဗျာ"

"ဘာကြောင့်ကြည့်နေတာလဲ၊ ကားထဲကဝယ်လာတဲ့ စား စရာတွေ ထုတ်လေ"

"ဩော်. . ဟုတ်. . ဟုတ်ကဲ့ပါ ဒယ်ဒီ"

နတ်ကရာ ကျိုးမောနေသောခန့်လူ ဦးစိန်တိုက် ပြောတော့မှ စားစရာတွေ ထုတ်ယူလိုက်သည်။

အမှန်တော့ ဒီမြင်ကွင်းက ရှားပါးမြင်ကွင်းလေး မဟုတ် လား၊ သေခါနီးမှ နွဲ့နေကြသော မြင်ကွင်းကို ပြောပါတယ်။ ဒီအရွယ် ကြီးတွေကျမှ လင်ယူမယားယူလုပ်ပြီး ဘဝသစ် စကြဦးမယ်တဲ့၊ ရှက် စရာတော့ ကောင်းသား။

ကိုယ့်မိတ်ဆွေအပေါင်းအသင်းတွေကြားမှာ ခန့်လူ ဘယ်လို မျက်နှာပြရပါ့မလဲ။

"ဟင်. . ကိုခန့်"

"အဲ. . ဟဿာဖြူ"

ထင်မှတ်မထားသောနေရာမှာ ငယ်ငယ်ကချွဲလန်းခဲ့ရသော



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးကို ပြန်တွေ့ရလိမ့်မည်ဟု ဘယ်လိုမှထင်မထားခဲ့။

"ဒီမှာနေတာလား"

"အင်းလေ. . အဖွားနဲ့အတူနေတာ"

"အဖွားကြိုးကြာနီက မင်းရဲ့အဖွားလား"

"ဟုတ်တယ် အဖွားလေးပေါ့"

"ဒါနဲ့ ကိုခန့်ကရော အဖိုးဦးစိန်တိုက်နဲ့ ဘာတော်လဲ"

ထိုမေးခွန်းကိုဖြေဖို့ စကားလုံးတွေက လည်ချောင်းဝမှာ တစ်သွားသည်။ ဖြေရမှာ မဝံ့မရဲ ဖြစ်နေသည်။

"အဘိုးလား"

ဟသ်ာဖြူ ထပ်မေးသည်။ သူ့မျက်ဝန်းတွေက ခန့်လူနှင့် ပြန်တွေ့လိုက်ရ၍ ထင်သည်၊ ရွှန်းရွှန်းဝေကာ တောက်ပလင်းလက်၍ နေသည်။

"မဟုတ်ဘူး. . သားမက်ပါ"

ထင်သည့်အတိုင်းပင် ဟသ်ာဖြူမျက်ဝန်းတွေ ချက်ချင်းမှိန်ဖျော့သွားသည်။

"ဩော်. . ကိုခန့်တောင် အိမ်ထောင်ကျသွားပြီပဲ"

"မိဘပေးစားလို့ပါ ဟသ်ာရယ်၊ ကိုယ့်အရည်အချင်းနဲ့ဆိုရင် ခုချိန်ထိ လူပျိုကြီးဘဝက ကျွတ်မှာမဟုတ်ဘူး"

"မြေး. . ဟသ်ာရေ လာလေကွယ်၊ စားဖို့သောက်ဖို့ပြင်လေ"

အဖွားကြိုးကြာနီအသံကြောင့် ဟသ်ာဖြူ အာရုံပြောင်းသွားပြီး ဘာမှမဖြစ်သလိုဟန်ဖြင့်

"ဟော. . အဖွားခေါ်နေပြီ၊ လာလေ ကိုခန့်"

ခန့်လူလည်း. . ဟသ်ာ၏ အရင်လိုလှနေဆဲ ခန္ဓာကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တောက်ကြောင်းလေးတို့ အနောက်မှ အပီအပြင်ငေးပြီး လိုက်ဝင်လာလိုက်သည်။

"မင်း ပြန်ချင်ပြန်တော့လေ ခန့်လူ၊ ငါ ပြန်မယ်ဆိုတော့မှ ဖုန်းဆက်ပြီး ခေါ်လိုက်မယ်"

စားပြီးနားမလည်လုပ်သည့်အဘိုးကြီး သူ့မယားရှေ့ရောက်တော့ လေသံကတစ်မျိုး. . .

"ဟာ. . ဒယ်ဒီကလည်း ကျွန်တော်ဗိုက်ဆာနေပြီဗျ၊ စားပြီးမှပဲ ပြန်မယ်"

"ဟုတ်သားပဲ ကိုတိုက်ရယ်၊ စားသောက်ပြီးမှ ပြန်လွှတ်လိုက်ပါ။ လာ. . သားထိုင်၊ အမေကလေ သားကိုတွေ့ချင်နေတာ"

"ဗျာ. . ဘာ. . ဘာဖြစ်လို့လဲ အမေ"

"ဩော်. . ဒုံးဝေးချက်က တွေ့ချင်တယ်ဆိုတာ ကိုတိုက်မှာ သိပ်ချစ်စရာကောင်းတဲ့ သားမက်ကလေးရှိတယ်လို့ အမေ့ကို ကြွားနေကတည်းက. . "

"ဘယ်သူက ကြွားလို့လဲ. . အ. . အမေ"

မထူးတော့ပါဘူး၊ သူ့ကိုယ်သူအမေဟု နာမ်စားသုံးနေမှတော့ အမေဟုပဲ ခေါ်လိုက်တော့သည်။

"ဘယ်သူရှိရမှာလဲ ဒီလူကြီးပေါ့၊ သူ့သားမက်က သိပ်ပြီး ခိုင်းလို့ကောင်းတာတဲ့လေ"

"ဩော်. . ဒါဆိုရင် ခိုင်းကောင်းတဲ့ သားမက်မို့ ချစ်ရရာကောင်းတယ်လို့ ပြောတာဖြစ်မယ်၊ တော်တော်ချစ်ဖို့ကောင်းတဲ့ ဒယ်ဒီ"

ဒီအဘိုးကြီး ကြည့်မရတာကြာပြီမို့ အခွင့်အရေးရတုန်း စိတ်ထဲရှိသည့်အတိုင်း ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ငါ့ကို မင်း ချစ်ဖို့မလိုဘူး၊ ငါ့မှာ ချစ်ရမယ့်သူ လေးရှိတယ်၊ ဟုတ်တယ်နော် ကြိုးကြာ"

အဘိုးကြီးကား ဆယ့်ခြောက်နှစ်ကလေးဟု ထင်နေသလား မသိ. . ပြောပုံကိုက ခပ်ညုညု၊ အဖွားကြီးကလည်း မွဲခြောက် ခြောက်နှင့် တွဲကျနေသော မျက်ရည်အိတ်တွေကိုမှ အားမနာ မျက် စောင်းခပ်လဲ့လဲ့ထိုးပြီး နှုတ်ခမ်းက မချိုမချဉ်ပြုံးကာ. . .

"အို. . ရှင်နော် ကလေးရှေ့မှာ"

ခန့်လူ ရယ်ချင်တာမှ တအားပါပဲ၊ ဒီမျက်နှာပေးနဲ့ ဒီအ သက်အရွယ်ကြီးတွေကို ဓါတ်ပုံတွေ တဖျတ်ဖျတ်ရိုက်ပြီး facebook ပေါ် တောင် တင်လိုက်ချင်သေး။

ဟသ်ာလည်း ခန့်လူလိုပင် ရယ်ချင်စိတ်ကို တင်းထားပုံရ သည်။ အကြည့်ချင်းဆုံပြီး မျက်ခုံးနှစ်ဖက် မြင့်တက်ကာ အကဲပိုနေ့ ကြသည်ဟူသော မျက်နှာပေးဖြင့် မဲ့ရယ်လေးရယ်ပြသည်။

ခန့်လူလည်း ပြန်ရယ်ပြပြီး ပခုံးတစ်ချက် တွန့်ပြလိုက်သည်။

မလွယ်ဘူးဆိုတဲ့သဘော. . .

ဘာပဲဖြစ်ဖြစ် ခန့်လူရင်ထဲမှာ ကျေနပ်နေတာကတော့. . ဟသ်ာကို ပြန်တွေ့ရလို့ပါပဲ။

လူပျိုဘဝက မရေတွက်နိုင်အောင်ထားခဲ့သည့် ချစ်သူတွေ ထဲမှာ ဟသ်ာကိုတော့ ခုချိန်ထိ မကြာခဏသတိရနေဆဲပါ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

"သမီးရှက်တယ် ဒယ်ဒီ၊ ဒီပတ်ဝန်းကျင် ဒီအသိုင်းအ ဝိုင်းတွေအလယ်မှာ သမီး ဘယ်လိုမျက်နှာပြရမလဲ၊ သမီးက ဒယ်ဒီ့ သမီးမှ ဟုတ်ရဲ့လား ဒယ်ဒီရယ်"

အသက်ကိုးဆယ်အရွယ်ကြီးကျမှ နောက်ထပ်အိမ်ထောင် ပြုသည့်အလုပ်ဟာ ဘယ်လောက်အရုပ်ဆိုး အကျည်းတန်လိုက် သလဲ၊ ဒါကို ခင်ရဲတိုက် ဘယ်လိုမှလက်မခံနိုင်ပါဘူး။

"အေး. . ညည်းက ငါနဲ့ညည်းအမေရပြီး မွေးထားတာလေ ငါ့မိန်းမဗိုက်ကထွက်မှတော့ ငါ့သမီးပေါ့"

"အဲဒါကိုရှက်တာဒယ်ဒီရဲ့၊ ဒယ်ဒီ့အရွယ်က ဘိုးဘွားရိပ်သာ

www.burmeseclassic.com

www.burmeseclassic.com



တို့ တရားရိပ်သာတို့လို နေရာမျိုးမှာပဲ ရှိသင့်တာလေ”

“တော်. . တော်. . ငါ့ကို တရားလာမချနဲ့၊ ငါက သေရင် နတ်ပြည်တက်ရမယ့်အလုပ် မလုပ်ဘူး”

“ဘုရားရေ ဒယ်ဒီဘယ်လိုပြောလိုက်တာလဲ၊ သူများတွေက နိဗ္ဗာန်ကိုရောက်ဖို့ ကောင်းမှုကုသိုလ်တွေ လုပ်ကြတယ်၊ တရားအား ထုတ်ကြတယ်၊ ဒယ်ဒီက နိဗ္ဗာန်မရောက်ချင်ဘူးဆိုတော့ သူများကြား ရင် ကဲ့ရဲ့စရာတွေ ဖြစ်နေပါ့မယ် ဒယ်ဒီရယ်”

“ဖြစ်. . ဖြစ်ပေါ့၊ အားလုံး ကိုယ့်စိတ်နဲ့ ကိုယ့်ဘဝကို တည် ဆောက်ကြတာ နိဗ္ဗာန်က လူ့ပြည်လောက် ပျော်စရာကောင်းမလား တာ၊ လူပြန်ဖြစ်မှ ကိုယ်စားချင်တဲ့ အစားအသောက်တွေကို စားခွင့်ရှိ မယ်၊ ကိုယ်လုပ်ချင်တာတွေကို လုပ်ခွင့်ရှိမယ်၊ ကိုယ်သွားချင်တာ သွားလို့ရတယ်၊ နိဗ္ဗာန်မှာ အဲဒါတွေ အကုန်လုပ်နိုင်ဖို့ ချူတစ်ပြား တောင်ရှိလား. . ဟမ်. . ”

“ဗုဒ္ဓေါ. . ”

ဦးစိန်တိုက်၏ အယူအဆကြီးကို နားထောင်ပြီး ခင်ရဲတိုက် ဘုရားတလိုက်၊ ဗုဒ္ဓေါတလိုက်နှင့် ကိုယ့်အဖေကို ပြတိုက်တောင် ပို့သင့်နေပြီ။

“ဒါပေမယ့်ဒယ်ဒီရယ် အသက်ကိုးဆယ်မှ မိန်းမထပ်ယူတာ တော့ လူကြားလို့မကောင်းပါဘူး၊ ဒယ်ဒီ့သူငယ်ချင်း ဦးဘထူးဆိုရင် လေ ရာသက်ပန်တရားစခန်း ဝင်သွားပြီ၊ သမီးသူငယ်ချင်း နုနုရဲ့ အဖေဆိုရင်လည်း ဘုန်းကြီးဝတ်သွားပြီ”

“အဲဒါ သူ့စိတ်နဲ့သူ့ကိုယ်လေ၊ ငါ့စိတ်နဲ့ ငါ့ကိုယ်က ဒါမျိုးမှ ဝါသနာမပါတာ”

ဖခင်ဖြစ်သူ၏စကားက ဂိတ်ဆုံးနေပြီမို့ ဘာမှ ထပ်ပြီးမ



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုတော့၊

အသက်ကြီးမှ မိန်းမယူချင်သော အဖေဖြစ်သူကြောင့် ပတ်[illegible]မှာ မှတ်နှာပူလည်း အဲဒီပူတဲ့မျက်နှာကို ရေခဲပဲ ရိုက်ထား[illegible] ဘာမှထပ်ပြီး မကန့်ကွက်တော့။

ထက်ထပ်ပြီးလျှင်တော့ ဆံထုံးနောက်ယောင်ပါ လိုက်သာ[illegible] ကိုယ့်ဖခင် တစ်ယောက်ထဲတုန်းကတော့ ဖအေမို့ လိုလေသေးမရှိအောင် ဝရုစိုက်ပြုစုနိုင်သည်။ ကျမ်းမာရေးမကောင်းယခုမူ အကောင်းဆုံးသမားတော်နှင့်ပြပြီး ကုသနိုင်သည်။

ခုတော့ အစီအစဉ်ပြောင်းသွားပြီ၊ ဒေါ်ကြိုးကြာနီဆိုတဲ့ အဘွားကြီးလက်ထဲကို ကိုယ့်အဖေကို ဝကွက်အပ်လိုက်ပြီမို့ ဒယ်ဒီ့ ကိစ္စအဝဝကို ဒီအဖွားကြီးကိုသာ လွှဲပေးလိုက်တော့မည်။

ကဲ. . မှတ်ကရော၊ ကံကြမ္မာကို ကိုယ်ကစီစဉ်ချင်ပေမယ့် စီစဉ်ခွင့်မှမရတာ၊ ဒီတော့လည်း ကံစီမံရာပေါ့။

အမိကက ဒယ်ဒီ သက်လုံကောင်းပါ့မလား။



www.burmeseclassic.com





# အခန်း(၅)

"**ဟယ်**. . . ကိုခန့်လာတယ်"

ပန်းပင်တွေရေလောင်းနေသောဟသ်ာ ခန့်လူကိုမြင်ပြီး ရေပန်းခရားကိုချကာ ပြေးထွက်ကြိုသည်။

"အမေရော. ."

"အဘွားရှိတယ် ကိုခန့်ရဲ့၊ အဘိုးစိန်တိုက်အတွက် ဝတ်စုံသွားဝယ်ဖို့ ပြင်နေတယ်"

"အပြင်ထွက်ကြမလို့လား"

"အဘွားပဲထွက်မှာ ဟသ်ာကမထွက်ဘူး၊ ဒါနဲ့ အဘိုးလွတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လို့ လာတာလား၊ ဒီပန်းစည်းကရော အဘိုးပေးခိုင်းလိုက်တာလား"

ခန့်လူလက်ထဲမှ ဂန္ဓာမာပန်းစည်းကို သဘောတကျ လှမ်းကြည့်ပြီး မေးလိုက်သည်မို့ ခန့်လူ ဟသ်ာကိုလှမ်းပေးကာ. .

"အဘိုး. . အဲ. . ဒယ်. . ဒယ်ဒီ လွှတ်လိုက်တာ မဟုတ်ပါဘူး၊ ဒီလာတာ ဒယ်ဒီတောင်မသိဘူး၊ ဒီနားက ဖြတ်သွားရင်း ပန်းဈေးမှာ ဂန္ဓမာတွေလှတာနဲ့ ဟသ်ာအတွက်ဝယ်လာတာ၊ ဟသ်ာက ဂန္ဓမာပန်းကြိုက်တယ်မဟုတ်လား"

"ဟယ်. . ဒါကိုလည်း သူ မှတ်မိနေသေးတယ်ပေါ့"

ဟသ်ာ ရှက်ဝဲဝဲလေးဖြင့် ရယ်ကာ မျက်စောင်း ခတ်လဲ့လဲ့ ရွှယ်လိုက်သည်။

"ဟသ်ာနဲ့ပတ်သက်သမျှ ကိုယ့်အတွက်တော့ မနေ့တနေ့ကလိုပါပဲ ဟသ်ာရယ်"

"သွားပါ. . ဒါနဲ့များ ဘာလို့လက်ထပ်သွားသေးလဲ"

"မိဘတွေစကားကိုမှ မလွန်ဆန်နိုင်တာကွာ၊ တကယ်ဆို ကိုယ်ပျော့ညံ့ခဲ့တာပါ၊ ကိုယ်သာ သတ္တိရှိရှိ ရင်ဆိုင်ခဲ့မယ်ဆိုရင်လေ ခုလို စိတ်ဆင်းရဲကိုယ်ဆင်းရဲနဲ့ မနေရဘူး"

ခန့်လူစကားကြောင့်. . ဟသ်ာ မျက်လုံးလေးဝင့်ကာ မော့ကြည့်ပြီး. .

"ဟင်. . ခုရော ကိုခန့်တို့အိမ်ထောင်ရေး မသာယာဘူးလား"

"အိမ်ထောင်စကျကတည်းက မသာယာတာ ခုချိန်ထိပဲဆိုပါတော့၊ အချစ်မပါပဲ တည်ဆောက်ထားမှတော့ ဘယ်မှာလာပြီး သာယာတော့မလဲ ဟသ်ာရယ်၊ တစ်နေ့တစ်နေ့ မိန်းမကတစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



ယောကျ္ာထီးကတစ်မျိုး အဲဒီနှစ်ယောက်ကြားမှာ ကိုယ်လေ ခေါင်းမွှေးပြောင်တော့မယ်”

“ဟင်. . ဟုတ်လား တော်တော်ပြောင်နေပြီလား၊ သိပ်မသိသာပါဘူး ကိုခန့်ရယ်၊ တအားပြောင်လာရင်တော့ ဆရာ့ရဲ့ ဆံပင်ပေါက်ဆေးကိုသုံး”

စကားအဖြစ်ပြောသည်ကို အဟုတ်မှတ်ကာ ခန့်လူ၏ ငယ်ထိပ်ကို ခြေဖျားထောက်ကြည့်သည်။

“ကိုယ်က စကားအဖြစ်ပြောတာပါ ဟသ်ာရယ်၊ ကိုယ့်ဇနီးခင်ရဲ့တိုက်ကလေ သူ့အဖေလို လူ့ဂွစာကွ”

“ဟင်. . ဟုတ်လား၊ စိတ်မကောင်းပါဘူး ကိုခန့်ရယ်”

“ဒါဆိုရင် ကိုယ့်ကို အရင်းနှီးဆုံးမိတ်ဆွေအဖြစ် ပြန်ပြီးအသိအမှတ်ပြုမယ် မဟုတ်လား”

“အသိအမှတ်ပြုလို့ ခုလို လက်ခံစကား ပြောနေတာပေါ့လို့သာ. . လာ. . အထဲဝင်. . အဖွားကို ဝင်တွေ့လိုက်ဦး”

နှစ်ယောက်သား အိမ်ထဲဝင်မည်အလုပ်. . .

“ဟဲ့. . သားမက်ကလေး အသံမပေး ဘာမပေးနဲ့ ဘယ်တုန်းကရောက်လဲ”

“ခုပဲရောက်တာပါ အမေ၊ ဒီမှာလေ အမေ့အတွက် ဂန္ဓာမာပန်းတွေ လှတာနဲ့ဝယ်လာတာ၊ အမေလဲပန် ဘုရားလည်းလှူပေါ့”

“အိုး. . . လှလိုက်တဲ့ပန်းတွေကွယ်၊ ဘုရားလှူတာရော အမေပန်တာရော လုပ်တာတောင် ကုန်ပါ့မလားကွယ် အများကြီး. . .”

“မကုန်ရင်လဲ အမေ့အိပ်ယာထဲမှာ ခင်းအိပ်ပေါ့”

“ဟမ်. . ဘယ်. . ဘယ်လို. . ဖွဟဲ့. . လွဲပါစေ ဖယ်ပါစေ၊



www.burmeseclassic.com

www.burmeseclassic.com



မင်းကွယ် မဦးမချွတ်၊ ဒီပန်းတွေကို အမေ့အိပ်ယာထဲ ဘယ်လိုခင်း အိပ်မလဲ၊ အမေက 'မသာ'မှ မဟုတ်တာ"

"ဗျာ. ."

ခန့်လူ အူကြောင်ကြောင် ဖြစ်သွားသည်။ ကိုယ်ပြောသည့် စကား ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းမသိ။ ဟာသ်ာဖြူ တခစ်ခစ် ရယ်သည်။

"ဪ. . ဒီ. . ဒီလိုလား၊ ကန်. . ကန်တော့နော်အမေ ကျွန်တော် သဘောရိုးနဲ့ ပြောလိုက်တာပါ"

အယူသီးလွန်းသောအဘွားကြီး မနည်းကို တောင်းပန်လိုက် ရသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

"ကို ..ထမင်းမစားခင် ဒယ်ဒီ့အိပ်ယာထဲမှာ ဆေးပုလင်း သွားယူပေးပါဦး၊ ဒယ်ဒီက ထမင်းမစားခင် ဆေးအရင်ကြို သောက်ပြီးမှ ထမင်းစားရမှာမို့. . ."

ဗိုက်အရမ်းဆာနေသော ခန့်လူ၊ ထမင်းဝိုင်း ဝင်ထိုင်မည် လုပ်တုန်း အခိုင်းခံရသည်မို့ ထိုင်ခုံမှ လေးပင်စွာထလိုက်ပြီး ဦးမိုး တိုက်အခန်းသို့ ထလာခဲ့ရသည်။

ထမင်းစားတော့မည့်၊ အိပ်ယာဝင်တော့မည့် အချိန်ဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



ခင်ရဲတိုက် တစ်ခုမဟုတ်တစ်ခု ခိုင်းလိုက်ရမှ အာသာပြေသည့် မိန်းမ။

ကိုယ်ကလည်း ကျွန်ဇာတာ ပါ၍လားတော့မသိ၊ ခိုင်းလိုက်လျှင် တသွေမတိမ်းကို လိုက်လုပ်ပေးတတ်သည်။

"ဩော် . . ကိုကလည်းလေ ဆေးဘူးမှားယူလာပြန်ပြီ၊ အဲဒီဆေးက ဆီးဆေးလေ၊ ဒယ်ဒီ ခုသောက်မှာက အစာအိမ်ဆေးပါ ဆိုနေ . ."

"မင်းကွာ . . ဒီသောက် ငါသောက်လာတာကြာပြီ၊ ခုချိန်ထိကို မမှတ်မိသေးဘူးလား"

"ဒါဆိုလည်း ဆေးမယူခင်ကတည်းက ဘာဆေးယူရမယ် ဆိုတာ ကြိုပြောပေါ့အချစ်ရယ်၊ ကိုယ်လည်း ဒီတစ်လုပ်တည်း လုပ်နေရတာမှ မဟုတ်တာ"

ဒီတစ်ခါတော့ ခန့်လူမခံတော့၊ ပြန်ပြောပစ်လိုက်သည်။ ခံမှန်းသိလျှင် နှိပ်ကွပ်ချင်သည့် မိန်းမနှင့် ဒီအဘိုးကြီးကို စိတ်ထဲမှာ သိပ်မတွေ့တော့။

စိတ်ထဲ ဘယ်လောက်ပဲ မကျေနပ်စိတ်ဖြစ်ပါစေ ဆေးဘူးကိုတော့ တစ်ခေါက်သွား ပြန်လဲယူပေးရသည်။

"ကဲ . . ရော့၊ ဒါမဟုတ်လား"

"အေး . . အေး ဟုတ်တယ်"

အဘိုးကြီး ဆေးဘူးလှမ်းယူကာ အဆင်သင့်ချထားသော ရေဖန်ခွက်ထဲမှရေနှင့် ဆေးကိုသောက်လိုက်သည်။

ငါးဟင်းကိုတောင် ကိုယ့်ဟာကိုယ် မစားတတ်၍ ဒသနီးဖြစ်သူက ထွင်ပေးနေရသောအဖိုးကြီး၊ ယူလိုက်သည့် မိန်းမအေ အသက်ရှုစ်ဆယ်အဖွားကြီး ဘယ်လိုအရိုးထွင်ပေးမလဲ။



www.burmeseclassic.com

www.burmeseclassic.com



မျက်စိထဲ မြင်ယောင်ကြည့်ရုံနဲ့တင် ရယ်ချင်မိသည်။ တလွဲတော့ဖြစ်ဦးမည်၊ မြင်ယောင်ပါသေးသည်။

အသွေးနှင့်အတူ အသံထွက်အောင် ရယ်မိလိုက်သလားမသိ။

"ဟော့. . ကို ထမင်းစားရင်း ဘာရယ်နေတာလဲ"

ခင်ရဲ့တိုက်အမေးကြောင့် မလုံ့တလုံကြည့်ကာ. . .

"ဘာလဲ. . ဘာရယ်လို့လဲ"

"ဒါတော့ ဘယ်သိမလဲ၊ ထမင်းမစားပဲ ပြုံးဖြီးဖြီးလုပ်နေပြီးတော့"

"ကိုယ့်အကြောင်းနဲ့ကိုယ်ပေါ့. ."

"သွား. . ကျွန်မအခန်းထဲမှာ ဖုန်းလာနေတယ်၊ သွားယူပေးဦး. . ."

တဆိတ်တော့ လွှန်လာပြီမို့. . .

"မင်းကွာ ကိုယ့်ဟာကိုယ်သွားယူပါလား၊ ကိုယ်ပဲ ထနေရတယ်၊ ဘယ်တော့မှ ထမင်းကို ဖြောင့်ဖြောင့်မစားရဘူး"

ဘုဆတ်ဆတ် ပြန်ပြောလိုက်သည်။

"ကြည့်. . ရှင်နော်၊ ဒီမှာ ဒယ်ဒီ့ကို ငါးအရိုးထွင်ပေးနေတာမမြင်ဘူးလားလို့'ဒါလေး သွားယူပေးရတာ ပေါင်ကျိုးသွားမှာမို့လား၊ ဟွန်း. . ယောက်ျားဖြစ်ပြီး တွက်ကပ်လိုက်တာ"

နောက်ဆုံးတော့ ကိုယ်ကအမှားမို့ ဘာမှရှည်ရှည်ဝေးဝေး ထပ်မပြောချင်တော့၍ ထိုင်ရာမှထကာ ဖုန်းမြည်နေသော အိပ်ခန်းထဲသို့ ဝင်ခဲ့လိုက်သည်။

ထိုစဉ် ကိုယ့်ဘောင်းဘီအိတ်ထဲမှဖုန်းပါ ထမြည်သော၍ ကိုယ့်ဖုန်းကို အရင်ထုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို . . ဟယ်လိုလား၊ ကိုယ် . . အိမ်မှာ"

ခင်ရဲတိုက်ကြားမှာစိုး၍ အသံကို ခပ်အုပ်အုပ်နှိမ့်၍ ပြောလိုက်သည်။

"နေ့ခင်းလား၊ အင်း . . လာခဲ့မယ်လေ၊ အိုခေ . . အိုခေ"

အပြင်ထွက်စရာ အကြောင်းဖန်လာပြီမို့ ခင်ရဲတိုက်ကို အကြောင်းပြချက်တစ်ခု ပေးရဦးမည်။

"ဖုန်းသွားယူနေတာ၊ အဲလောက် ကြာရသလားရှင်"

"ဟာ . . ကိုယ်လည်းဖုန်းလာလို့ ဖုန်းပြောနေတာပေါ့ အချစ်ရယ်"

"ကဲ . . ပေး . . ပေး၊ ရှင်လုပ်တာနဲ့ ဖုန်းကပြန်ကျသွားပြီ"

ဖြစ်တောက်ဖြစ်တောက်ပြောပြီး ခန့်လူလက်ထဲမှဖုန်းကို ဆတ်ခနဲ လှမ်းယူလိုက်သည်။

အထက်စီးနင်းဆန်သော အပြုအမူတွေကို ခန့်လူ ဘယ်အချိန်ဘယ်ကာလအထိ ခေါင်းငုံ့မျိုသိပ်ရမလဲ။



www.burmeseclassic.com

www.burmeseclassic.com




# အခန်း(၇)

"ကိုယ်. . ဒီချွေးထုတ်ခန်းကို တစ်ခါမှ မလာဖူးဘူး ဟဿာရ"

"ဟယ်. . ဟုတ်လို့လား"

အထက်အောက် ဆင်တူဝတ်ထားသော တီရှပ်ပွပွ ဘောင်းဘီပွပွနှင့် ဟဿာပုံစံက ဖရိုဖရဲလေးဖြင့် လှနေသည်။

"တကယ်. ."

"ကိုခန့် အမျိုးသမီးကရော မလာဖူးဘူးလား"

နှစ်ကိုယ်တူရှိနေခိုက် ကိုခန့်အမျိုးသမီးဟု သုံးနှုန်းလိုက်


www.burmeseclassic.com

www.burmeseclassic.com



သော်အသုံးအနှုန်းက ဟသ်ာနှင့်ခန့်လူကြားထဲ စည်းတစ်ခုခြားလိုက်သလို ခပ်စိမ်းစိမ်း ဖြစ်သွားသည်။

"ကျွတ်. . အဲဒီမိန်းမအကြောင်း မပြောစမ်းပါနဲ့ ဟသ်ာရယ်၊ ကိုယ့်ကျောထဲ စိမ့်လွန်းလို့ပါ"

ရင်ထဲမှာရှိနေသည့် မကျေနပ်ချက်တွေထက် ပို၍သာလွန်သော စကားလုံးတွေကိုသုံးပြီး ဟသ်ာထံမှ ကရုဏာ သနားခြင်းတွေကို သဲ့ပြီးယူလိုက်သည်။

"ကိုယ့်ဘဝကိုယ် တစ်ကပြန်စလို့ ရရင်လေ စချင်ပါတယ် ဟသ်ာရယ်၊ သူများတွေက မိဘစကားနားမထောင် သားတစ်ကောင်နဲ့ တိုးလို့တွဲလောင်းတဲ့၊ ကိုယ်ကတော့ မိဘစကားနားထောင်မိလို့ မိန်းမတစ်ယောက်ရဲ့ စရိုက်ဆိုးတွေအောက်မှာ လှောင်ပိတ်ခံနေရတယ်၊ ကိုယ့်ဘဝမှာ စိတ်သွားတိုင်းကိုယ်မပါတာ ကြာပါပြီ"

ခန့်လူစကားအဆုံး ဟသ်ာထံမှ သက်ပြင်းငွေ့ငွေ့ချသံ ထွက်ပေါ်လာသည်။ ဟသ်ာ ခန့်လူကို တော်တော်မှ သနားသွားပါရဲ့လား. .။

"ဟသ်ာ စိတ်မကောင်းလိုက်တာ ကိုခန့်ရယ်၊ ဟသ်ာ ထင်ထားတာကလေ ခုချိန်ဆိုရင် ကိုခန့်က ဇနီးမယား သမီးသားနဲ့ ပျော်ပျော်ရွှင်ရွှင် နေထိုင်နေပြီပေါ့၊ ဪ. . ဒါနဲ့ ကိုခန့်အမျိုးသမီးက ဘာလုပ်လဲ"

"သူလား. . ဗြူတီပါလာ ဖွင့်ထားတယ်လေ"

"ဪ. . ဒါဆိုရင်တော့ လှမှာပဲနော်"

မလှဘူး ရုပ်ဆိုးတယ်ဟုတော့ မပြောချင်၊ တကယ်လည်း ခင်ရဲ့ တိုက် လှပါသည်။ ဒါကြောင့်လဲ မိဘသဘောတူ ပေးစားမည်ဆိုတော့ လုံးဝငြင်းဆန်ခြင်းမရှိဘဲ ခေါက်ခနဲ လက်ခံခဲ့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ရုပ်ကတော့လှပါတယ်၊ စိတ်ကတော့ သိပ်မလှဘူး"

"အဘွားနဲ့အဘိုး လက်ထပ်ဖို့ကိစ္စကိုရော သူက သဘောတူလားဟင်"

"ဘယ်လာပြီး သဘောတူလိမ့်မလဲ ဟသ်ာရယ်၊ လုံးဝအတိုက်အခံကို ကန့်ကွက်တာပေါ့၊ ဒါပေမယ့် သူကျေနပ်တာ တစ်ခုတော့ရှိတယ်"

"ဟင် ဘာကျေနပ်တာလဲ"

"သိပ်ကို ဇီဇာကြောင်တဲ့ သူ့အဖေကြီးရဲ့ ဝေယျာဝစ္စတွေ မလုပ်ရတော့ဘူးတဲ့လေ"

"ဟင်. . ဒါဆိုရင် ဘယ်သူလုပ်ပေးမှာတဲ့လဲ"

"ဟသ်ာတို့အဘွားပေါ့"

ခန့်လူစကားကြောင့် ဟသ်ာမျက်လုံးပြူးသွားသည်။

"ဟော့တော် အဘွားက အသက်ရှစ်ဆယ်ရှိနေပြီ၊ အဘိုးဝေယျာဝစ္စ ဘယ်လိုလုပ်နိုင်မလဲ၊ ခုတောင် ဟသ်ာ လုပ်ပေးနေရတာ"

"ဟင်. . "

ခန့်လူကလည်း မျက်ခုံးနှစ်ဖက် မြင့်တက်သွားပြီး ဟသ်ာကို ကြည့်သည်။

"ဟသ်ာကလည်း အဘွားက လက်ထပ်ပြီးရင်. . အဘိုးနဲ့ လိုက်နေမှာဆိုတော့ အဘွားအတွက် တာဝန်တွေလျော့ပြီဆိုပြီး ပျော်နေတာ"

"ဘာ. . ဟသ်ာအဖွားက ကိုယ်တို့အိမ် လိုက်နေမှာတဲ့လား"

"အင်းလေ"

"ဟောဗျာ. . တိုင်ပတ်ရုံတင်မဟုတ်ဘူး၊ မြို့ရှုံးပါပတ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



ဟာသ်ာထံမှ ခစ်ကနဲရယ်သံ ထွက်လာသည်။

"ဟာသ်ာအဖွားကလည်း သိပ်ပြီးဇီဇာကြောင်တယ်၊ နေရာတိုင်းမှာ သူဝင်ပါရမှ. . ၊ တစ်ခါတစ်လေ ဟာသ်ာ သိပ်စိတ်ညစ်တာကိုခန့်ရယ်၊ သူတို့က ငယ်ငယ်ကတည်းက သူတို့ စွမ်းဆောင်နိုင်တဲ့မာန်ကို အခု အသက်ကြီးတဲ့အထိသယ်လာပြီး လူငယ်တွေနဲ့ အတိုက်အခံ လုပ်တော့တာပဲ၊ အသက်ကြီးလေ အတ္တကြီးလာလေပါပဲ"

ခပ်ညည်းညည်းလေး ရင်ဖွင့်နေသော ဟာသ်ာကိုကြည့်ပြီး ကိုယ်ပါ ဘာပြောရမှန်း မသိတော့။

ဒီအဘိုးကြီးနဲ့ ဒီအဘွားကြီးသာ အိမ်မှာနေမယ်ဆိုလျှင် ခန့်လူ အဲဒီအိမ်မှာမနေနိုင်။

အိပ်ကောင်းခြင်းလည်း မအိပ်ရ၊ စားကောင်းခြင်းလည်း မစားရ။ ဒီကြားထဲ မိန်းမက အလိုက်ကန်းဆိုးမသိ၊ ဒီအတွက်ကြောင့် မိန်းမကို မုန်းလားဆိုတော့လည်း ရင်ထဲမှာ တစိုးတစိမှ မမုန်းမိ။

ကိုယ့်ကံကိုက ကောင်းမှမကောင်းပဲ. . . ။





www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန် မင်းအဖေကို မင်း အပြည့်အဝ မပိုင်ရတော့ဘူး နော်"

"အင်းလေ အဲဒါဘာဖြစ်လဲ၊ ဒါ ကျွန်မဖန်တီးတာမှ မဟုတ်တာ၊ ဒယ်ဒီဖန်တီးတာပဲလေ"

"စိတ်မကောင်းမဖြစ်ဘူးလား"

"ဖြစ်ပေမယ့် ကျွန်မတားလို့ရတဲ့ကိစ္စမှ မဟုတ်တာပဲ"

"ဒယ်ဒီက ဘယ်မှာနေမှာတဲ့လဲ"

"ခုချိန်ထိတော့ ရေရေရာရာ မပြောသေးဘူး၊ ဒါပေမယ့် ကျွန်မ ထင်ပါတယ်၊ သူ့သတို့သမီးနောက်ပဲ လိုက်နေမှာပေါ့၊ ဒီမှာက သမီးနဲ့သားမက်ရှိနေတော့ ဘယ်လွတ်လပ်မလဲ၊ ကျွန်မလည်း အလှပြင်ဆိုင် တစ်ဖက်နဲ့ဆိုတော့ ဒယ်ဒီသူတို့နဲ့ လိုက်နေတာ အကောင်းဆုံးပါပဲ"

အခြေအနေကို ဘာမှမသိသေးသော ခင်ရဲတိုက် ဖခင် အစီအစဉ်ကိုတောင် ကြိုတင်မမေးမြန်းထား။

"အကယ်၍ ချစ်ရဲ့မေမေလေးက ဒီမှာလာနေရင် ဘယ်လိုလုပ်မလဲ"

"မနေလောက်ပါဘူး၊ ကျွန်မ မအားတာလဲ ဒယ်ဒီသိနေတာပဲလေ၊ နောက်ပြီး ခုမှမြင်ဖူးမယ့်မိထွေးနဲ့ တစ်အိမ်ထဲ အတူမနေနိုင်ပါဘူး၊ ဒါနဲ့နေပါဦး. . အိပ်ခါနီးမှ ဘာလို့ ဒီကိစ္စကို ဆိုင်းမဆင့်ဘုံမဆင့် မေးနေသလဲ"

"ဘာရယ်မဟုတ်ပါဘူး၊ ဒယ်ဒီလက်ထပ်ပြီးရင် အဘိုးကြီး အဘွားကြီးနှစ်ယောက် ဘယ်လိုစခန်းသွားကြမလဲလို့ စဉ်းစားမိလိုက်လို့ပါ"

"မစဉ်းစားနဲ့ အသက်ကြီးမှ ရိက္ခာယူတော့လည်း သူတို့



www.burmeseclassic.com

www.burmeseclassic.com



သမိုင်း သူတို့ရေးကြတော့ပေါ့၊ ကိုယ့်အဖေကို ပြုစုနိုင်ပေမယ့် မိထွေးကိုတော့ မပြုစုနိုင်ဘူး၊ ဗျူး. . . စိတ်မောတယ်ရှင်၊ ခုချိန်မှာ ကျွန်မ ဘာမှမတွေးချင်ဘူး အိပ်တော့”

တစ်ဖက်ကို လှည့်အိပ်သွားသော ခင်ရဲတိုက်၏ စိမ်းပြက်ပုံကို ခန့်လူပင် လိုက်မမှီနိုင်တော့

ကိုယ့်မှာသာ ကြိုသိနေ၍ စိတ်ထဲမှာမဖြောင့် အခြေအနေမှန်ကို ပြောပြလိုက်လျှင်လည်း ဟံသာဖြူနှင့် ပတ်သက်မှုကို သိသွားနိုင်သည်မို့ ပြောပြ၍မဖြစ်။

ဟံသာဖြူကိုတော့ ခန့်လူတစ်ကိုယ်တည်း ပတ်သက်ရမည့်သူအဖြစ် လျှို့ဝှက်ထားရမှာပင်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၉)

"မြေး အဘွား ဟိုမှာလိုက်နေတဲ့အချိန်မှာ မြေးတစ်ယောက်ထဲ ဒီအိမ်မှာနေရမှာကို အဘွား စိတ်မချဘူး"

"ဩော်. . အဘွားရယ်၊ ဟင်္သာအရွယ်က ကလေးမှမဟုတ်တာ၊ ဘာကို စိတ်မချဖြစ်စရာလိုလဲ၊ ဟင်္သာကသာ အဘွားကို စိတ်မချတာ၊ ဟိုရောက်ရင် ချွေးမက အဘွားကို ကြည်ဖြူပါ့မလားလို့ပေါ့"

ဟင်္သာ၏ စိုးရိမ်စကားကြောင့် အဘွားပြုံးသည်။

"အဘွားအတွက် ဘာမှစိတ်မချမဖြစ်နဲ့၊ အဘွား နေတတ်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကိုတိုက်ကိုချစ်လို့ သူ့နောက်လိုက်သွားမှတော့ သူ့သမီး ချစ်အောင်လဲ နေတတ်ရမှာပေါ့ မြေးရယ်"

"အင်းလေ အဘွားနဲ့ အဘွားချွေးမ အဆင်ပြေပါစေပဲ ဆုတောင်းပါတယ်၊ ဒါနဲ့ အဘွားချွေးမနာမည်က ဘယ်သူ"

"အင်း. . ဘာပါလိမ့်၊ နာမည်ကတော့ အဆန်းပဲအေ့၊ တစ်ရာမှာတစ်ယောက် မပေးတဲ့နာမည်မျိုး ဘာတဲ့၊ အင်း. . ပါးစပ်ဖျားလေးတင် မေ့နေတယ်အေ့၊ သူ့အဖေနာမည် တိုက်တစ်လုံးတော့ပါတယ်"

အဘွား နားထင်ကို လက်ဖြင့်ကုတ်ရင်း လင်ပါသမီး၏ နာမည်ကို စဉ်းစားသည်။

"နာမည်က မိန်းမဆန်ဘူးလို့တော့ တွေးမိပါသေးတယ်"

အသက်က အိုဇာဂိတ်ဆုံးနား ရောက်တော့မှာမို့ မှတ်ဉာဏ်အား သိပ်မကောင်းတော့။

"ကဲပါ အဘွားရယ် စဉ်းစားလို့မရလည်း ခေါင်းအရှုပ်ခံပြီး မစဉ်းစာနဲ့တော့၊ ဟသ်ာလည်း အပြင်သွားလိုက်ဦးမယ်"

"ဘယ်တုန်း"

"အလှုပြင်ဆိုင်လေ အဘွားရဲ့၊ အဘွားလဲ ပြင်ချင်တဲ့ဆန္ဒရှိရင် ဟသ်ာနဲ့လိုက်ခဲ့ပါလား"

"အိုအေ. . မပြင်ချင်ပါဘူး၊ ဒီအသက် ဒီအရွယ်ရောက်မှတော့ ပြင်လည်းဘာထူးတော့မှာလည်း ညည်းလေးသာ ချစ်သူချောချောရဖို့ ပြင်စမ်းပါ"

အဘွားစကားကြောင့် ဟသ်ာအတွေးအာရုံထဲ ခန့်လူ၏ မျက်နှာ ဘွားခနဲ ပေါ်လာသည်။

ချစ်သူချောချော ရဖို့အတွက်တဲ့လား၊ လွန်ခဲ့သည့် ငါးနှစ်



www.burmeseclassic.com

www.burmeseclassic.com



ခန့်ကတော့ ချစ်သူချောချော ရခဲ့ပါသည်။ ခုတော့ အဲဒီ ချစ်သူချော ချောက တခြားမိန်းကလေးကို လက်ထပ်သွား၍ ဟသ်ာအသည်းကွဲ နေခဲ့တာ အဖွားမှ မသိပဲလေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၀)

"မမနုတ်သမီး"

မှန်တံခါး တွန်းဖွင့်ဝင်လာပြီး နှုတ်ဆက်လိုက်သော ချိုလွင်လွင်အသံကြောင့် ဆံပင်ညှပ်ပေးနေသော ခင်ရဲတိုက် လှည့်ကြည့်လိုက်သည်။

"ဟိုင်း. . ဌက်ကလေး၊ ဆိုင်ကို မလာတာကြာပြီ၊ လေစိမ်းတွေတိုက်နေတယ်နော်"

"မတိုက်ပါဘူး၊ မမနုတ်သမီးရယ်၊ ဟာသ်ာ မအားလို့ပါ၊ ခုတောင် မနည်းအချိန်လုပြီး လာရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ. . ဟုတ်ပါပြီ၊ ကဲ. . ဘာပြင်မှာလဲ၊ skin care လား၊ hair လား"

"အားလုံးပဲလေ မနက်ဖြန် ပွဲတစ်ခုရှိတယ်"

"ဟုတ်လား ဝဲလ်ဒင်လား"

"ဟုတ်တယ်. . ဒါပေမယ့် အကြီးကြီးတော့ မဟုတ်ပါဘူး"

အဘွားလက်ထပ်မည့် ပွဲလေးပါဟု မပြောချင်တော့၍. . စကားကို ပြီးစလွယ်ပြောလိုက်သည်။

"မမလည်း မနက်ဖြန် ဝဲလ်ဒင်ရှိတယ်၊ အဟင်း. . ဒယ်ဒီ နောက်အိမ်ထောင် ပြုမှာလေ၊ ကိုယ့်စိတ်တိုင်းကျမဟုတ်တော့ စိတ် မပါလည်း ဖြစ်တာပဲမို့ လက်ထပ်ပွဲကိုတောင် မတက်တော့ပါဘူး ကဲ. . လာ. . ဌက်ကလေး၊ အရင်ဆုံး ခေါင်းလျှော်ရအောင်၊ မမ ဒီတစ်ခေါက် လက်စသပ်လိုက်ဦးမယ်"

ခေါင်းလျှော်စင်ပေါ် အရင်တက်ခိုင်းလိုက်သည်။ ဘာပဲဖြစ် ဖြစ် မနက်ဖြန်ဆိုတာ ဟသ်ာဘဝမှာ တကယ့်ကြုံတောင့်ကြုံခဲတဲ့ မင်္ဂလာ နေ့တစ်နေ့ပါ၊ ဒါကြောင့် မလိုက်လို့တော့ ဘယ်ဖြစ်မလဲ။

ခန့်လူက သေသေချာချာကို ပြောထားတာ၊ အဘွားနှင့် အဘိုး လက်ထပ်တဲ့နေ့ အလှဆုံးဖြစ်လာရမယ်တဲ့။

အတွေးနှင့်အတူ ဟသ်ာပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

မြို့နယ်တရားရုံးရှေ့ ကားရပ်လိုက်သည်နှင့် ကားမောင်းသူနေရာမှ ခန့်လူ အရင်ဆုံးဆင်းလိုက်သည်။ ခန့်လူဆင်းပြီး ဟာသ်ာ ဆင်းသည်။

ခန့်လူက ဦးစိန်တိုက်ကို ကားတံခါးဖွင့်ပေး၍ ဦးစိန်တိုက် ဆင်းလာသလို ဟာသ်ာကလည်း သူ့အဘွား ဒေါ်ကြိုးကြာနီကို တံခါးဖွင့်ပေးသည်။

"လာ. . ကြိုးကြာ"

ဦးစိန်တိုက် ဒေါ်ကြိုးကြာနီကို တယုတယ တွဲခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ် ခါးကိုင်းနေပြီဖြစ်သော ဦးစိန်တိုက်နှင့် ဒေါ်ကြိုးကြာနီ တရားရုံးထဲသို့ တက်ကြွသော ခြေလှမ်းတွေဖြင့် ဝင်သွားသည်။

ခန့်လူနှင့် ဟသ်ာက နောက်မှလိုက်ဝင်ကြသည်။

"ကိုခန့် အမျိုးသမီး ဘာလို့မလိုက်တာလဲ"

စတစ်ကော်လံအဖြူ ယောပုဆိုး အပြာရင့်ရင့်နှင့် တွဲဝတ်ထားသော ခန့်လူ၏ပုံစံမှာ အိမ်ထောင်သည်ဟု မထင်ရလောက်အောင် ကျော့ရှင်းသပ်ရပ်နေသည်။ ကြည်လင်ခန့်ညားသော ရုပ်သွင်ကြောင့် ဟသ်ာ၏ရင်ထဲမှာ နှမြောနေမိသည်။

တကယ်ဆို ဟသ်ာကသာ ခန့်လူကို ပိုင်ဆိုင်ရမှာ မဟုတ်ဘူးလား။ ခုတော့. . .

"ဟသ်ာ ကိုယ့်ကိုဘာပြောလိုက်တာလဲ"

ဟသ်ာအမေးကို မကြားလိုက်၍ ခန့်လူ ပြန်မေးသည်။

"ဩော်. . ကိုခန့်အမျိုးသမီး ဘာလို့မလိုက်တာလဲ၊ တကယ်ဆို ဒီပွဲက သူ့အဖေရဲ့ လက်ထပ်ပွဲမဟုတ်လား"

ဟသ်ာ အမေးကြောင့် ခန့်လူ ခပ်မဲ့မဲ့ရယ်ကာ. . .

"အဟော်. . သူက ရှက်လို့တဲ့လေ၊ ဒါကြောင့် ကိုယ့်ကိုပဲ လိုက်ခိုင်းတာပေါ့။ ကိုယ့်ဇနီးက ဒီလိုပါပဲ၊ သူ မလုပ်ချင်တဲ့ ကိစ္စမှန်သမျှ ကိုယ့်ကိုအမြဲခေါင်းလွှဲတတ်တယ်၊ အရှင်းဆုံးပြောရရင် ကိုယ်က သူ့ရဲ့ခိုင်းဖက်ပေါ့"

ရင်မဖွင့်သင့်မှန်း သိပေမယ့် ရင်ဖွင့်မိလိုက်ပြန်သည်။

ဟသ်ာအမြင်မှာ ကိုယ်ဟာ ဇနီး၏အတင်းကို တုတ်တတ်သည့် ယောကျ်ားညံ့တစ်ယောက် ဖြစ်နေပြီလားဟု စိတ်ထွေ မလုံမလဲ ဖြစ်မိသည်။

"ဟသ်ာ စိတ်မကောင်းပါဘူး ကိုခန့်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟသ်ာထဲမှ မချိုတင်ကဲအသံ ထွက်ပေါ်လာသည်။

"ခန့်လူ. . ကိုတင်မောင်ဆွေ မရောက်သေးဘူးထင်တယ်၊ သွားကြည့်စမ်း"

တရားသူကြီး ဦးတင်မောင်ဆွေကို မတွေ့၍ ဦးစိန်တိုက် စိတ်လောစွာ ကြည့်ခိုင်းသည်။

ရုံးခန်းထဲမှ စာရေးတစ်ယောက် ထွက်လာသည်။

ခန့်လူတို့ကို လှမ်းကြည့်ကာ. . .

"ဩော်. . အစ်ကိုတို့ ဘာကိစ္စလဲ"

"လက်ထပ်မလို့"

"ဟော့. . တူတော်မောင်၊ ဦးလေးတို့က ဦးတင်မောင်ဆွေရဲ့ မိတ်ဆွေတွေကွ သူ မရောက်သေးဘူးလား"

"ဩော်. . ဟုတ်ကဲ့၊ ဆရာကြီး ရောက်ပါပြီ၊ ဟိုဘက်ခန်း ထဲမှာ ဧည့်သည်နဲ့ စကားပြောနေတာပါ၊ ခဏစောင့်ပါနော်"

အသိမိတ်ဆွေဟု ပြောလိုက်၍ ထိုစာရေးလေး ပျာပျာသလဲ ဖြစ်သွားသည်။ သိပ်မကြာလိုက် ဦးတင်မောင်ဆွေ ရောက်လာသည်။

"ဟား. . ဦးစိန်တိုက် မတွေ့တာအတော်ကြာပြီပဲဗျ၊ ခုရော ဘာကိစ္စတုန်း"

"ဟာ. . ခင်ဗျားကို ညက ဖုန်းဆက်ထားပြီးပြီလေ၊ အာဝါဟ ဝိဝါဟ ကိစ္စပါဆို"

ပြောမနာဆိုမနာ မိတ်ဆွေဟောင်းတွေကြောင့် ဦးစိန်တိုက် မြိုးဖြိုးဖြိုးဖြင့် ဖြေလိုက်သည်။

"ဩော်. . ဟုတ်ပါရဲ့ ကျွန်တော်မေ့နေတယ်ဗျာ"

တရားသူကြီးအကြည့်တွေက ခန့်လူနှင့်ဟသ်ာဖြူဆီရောက် သွားပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ နေပါဦး၊ လက်ထပ်မယ့် သတို့သားနဲ့ သတို့သမီးရဲ့ အသိသက်သေတွေရော ပါကြသလား၊ လာ. . လာ. . သားနဲ့သမီး ဒီခုံမှာထိုင်ပါ"

ဦးတင်မောင်ဆွေ စကားကြောင့် ဦးစိန်တိုက် ခန့်လူနှင့် ပသ်ာ ဖြူကို လှည့်ကြည့်ပြီး တရားသူကြီး ဦးတင်မောင်ဆွေကို ပြန်လှည့် ကြည့်ကာ

"ဟာ. . ဟော့လူ သူတို့ လက်ထပ်မှာ မဟုတ်ဘူးဗျ"

"ဟင်. . ဩော်. . သတို့သား သတို့သမီး မရောက်သေးဘူး လား"

"အေး မရောက်သေးဘူး၊ အဲ. . ဟာ. . ဘာ ဘာတွေ မေးနေ တာလဲ၊ ရောက်ပြီကွ၊ ရောက်ပြီ"

"ခေါ်လေ ဒါဆိုရင်"

"ဒီမှာလေ၊ ခင်ဗျားရှေ့ ရောက်နေတဲ့ ကျုပ်တို့နှစ်ယောက် လက်ထပ်မှာပေါ့"

တရားသူကြီး ဦးတင်မောင်ဆွေ မျက်လုံးပြူးသွားသည်။

"ဦးစိန်တိုက်တို့လား၊ ဟာ မထင်ဘူးဗျာ၊ ကျွန်တော်က မိဘတွေနေရာကနေ လိုက်လာတယ်ထင်တာ"

"အချစ်မှာ ပျိုတယ်အိုတယ် ရှိလို့လားကွ၊ ဟမ်၊ တို့က အဆုံးမသတ်သေးတဲ့ အချစ်ဇာတ်လမ်းတစ်ပုဒ်ကို လူ့လောကထဲက မထွက်သွားခင်မှာ အဆုံးသတ်သွားရုံလေးပဲ"

"ဩော်. . ဟုတ်. . ဟုတ်တာပေါ့၊ ဟုတ်တာပေါ့"

ပြုံးတုံ့တုံ့ဖြင့် ဦးစိန်တိုက်အဆိုကို လက်ခံနေသော ဦးတင် မောင်ဆွေ၏ တအံ့တဩဖြစ်နေသော ပုံစံကြီးကိုကြည့်ပြီး ခန့်လူနှင့် ပသ်ာတို့နှစ်ယောက် မျက်နှာပူနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နေဝင်ချိန်တန်လို့ လတောင် ထွက်တော့မယ်၊ မပြီးသေးတဲ့ အချစ်ဇာတ်လမ်းတစ်ပုဒ်ကို အဆုံးသတ်သတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၂)

"ဘာ.. ဒယ်ဒီတို့က ဒီမှာ လာနေမှာဟုတ်လား"

ဒေါ်ကြီးကြာနီ၏ အဝတ်သေတ္တာအိတ်တွေကို ကြည့်ပြီ ခင်ရဲတိုက် စိတ်အညစ်ကြီး ညစ်နေသည်။

အလှပြင်ဆိုင်တစ်ဖက်နှင့် မအားရသည့်ကြားထဲ ကိုယ် အဖေ၏ ဝေယျာဝစ္စတွေကို အချိန်လုပြီး လုပ်ပေးနိုင်ပေမယ့် အသက်ရှစ်ဆယ်ကျော် မိထွေး၏ ဝေယျာဝစ္စအလုပ်ကို ခင်ရဲတို ဘယ်လိုမှမလုပ်နိုင်။

"ရှင်က ဘာလို့ခေါ်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com


ကြွက်မနိုင် ကျီမီးနဲ့ရှိဆိုသလို နောက်ဆုံးအပြစ်ကျသူက ခန့်လူပင် ဖြစ်သည်။

"ဟ. . ကိုယ်နဲ့ဘာဆိုင်လို့ ကိုယ့်ကို ဘာလိုင်းကြီး ဘာလို့ လာဖောက်နေရတာလဲ၊ ဒါ မင်းအဖေလေ၊ ကိုယ့်အဖေမှ မဟုတ်တာ"

"ခုရော ကျွန်မက ကျွန်မအဖေကို ပြောနေလို့လား၊ အဲဒီ မိထွေးကို ပြောနေတာ"

"အဲဒီမိထွေးကလည်း မင်းရဲ့ မိထွေးပဲ"

"ဘာပဲဖြစ်ဖြစ် ကျွန်မလက်မခံနိုင်ဘူး"

"ဒါဆိုရင် မင်းကိုယ်တိုင်ပြောပေါ့"

ဒီတစ်ခါတော့ ခန့်လူခေါင်းမခံနိုင်၊ ကိုယ်လည်း ဒေါ်ကြီး ကြာနီ ဒီမှာလိုက်နေမည်ကို မနှစ်မြို့ပေမယ့် အမုန်းခံပြီးတော့ မပြောပြော၍လည်း မရ။

"ခုရော ဒယ်ဒီတို့က ဘယ်သွားလို့လဲ"

"မင်္ဂလာဦးအလှူ သွားလှူမယ်ဆိုပြီး ဘိုးဘွားရိပ်သာကို ထွက်သွားတယ်"

"အမလေး. . ဘုရား. . ဘုရား၊ ဒီမျက်နှာကြီးတွေနဲ့များ ဘိုးဘွားရိပ်သာကို သွားပြီးလှူမယ် ဟုတ်လား၊ လှူစရာ ဒီလောက် ရှားလား၊ အဲဒီ ဘိုးဘွားရိပ်သာမှာရှိတဲ့ အဘိုးကြီး အဘွားကြီးတွေက သူတို့ထက်တောင် ငယ်နေကြဦးမယ်သူတွေ ရှိနေသေးတာကို သူ များအကဲ့ရဲ့ခံ အငဲ့လှောင်ခံပြီး ကျွန်တော်တို့က ခုချိန်ထိ တဏှာမီး တောက်တွေ တောက်လောင်နေဆဲပါလို့ ကိုယ့်အထုပ်ကို သွားဖြည် ပြတာပဲ"

စိတ်တိုလာ၍ မပြောသင့်တာတွေကို ခင်ရဲတိုက် ပြောမိပါ


www.burmeseclassic.com

www.burmeseclassic.com



သည်။

မတတ်နိုင်တော့။ ဒယ်ဒီက မရှက်ပေမယ့် ခင်ရဲတိုက်က တော့ ပတ်ဝန်းကျင်မှာ ဘယ်လိုမှ မျက်နှာမပြဝံ့။

“ဒီတော့ ရှင်နဲ့ကျွန်မ တာဝန်ခွဲရအောင်”

“အမ်. . ဘာ. . ဘာတာဝန်တုန်း”

ခန့်လူ အထိတ်တလန့် ပြန်မေးလိုက်သည်။

“ကျွန်မတစ်ယောက်ထဲ ဒယ်ဒီ့တာဝန်ရော မိထွေးတာဝန် ရော မယူနိုင်ဘူး”

“ဘာလဲ. . ငါကပါ အဲဒီတာဝန်တွေကို မျှဝေခံစားရမယ် ပေါ့။ ဟုတ်လား”

“ဟုတ်တယ်လေ၊ ကျွန်မက ဒယ်ဒီ့တာဝန်ကို ယူမယ်၊ ရှင်က ရှင့်. . အဲ. . ရှင့်မိထွေးတာဝန် ယူရမယ်၊ ကုသိုလ်ရပါတယ်ရှင်၊ အဲဒီ မိထွေးကလည်း ရှင့်အဘွားအရွယ်၊ ရှင့်ယောက္ခမအရွယ်ပဲ မဟုတ် လား”

ခန့်လူ စိတ်ပျက်စွာ ခေါင်းခါယမ်းလိုက်သည်။

“မင်းက ငါ့ကို အလုပ်အကိုင်မရှိ တစ်ရှုးကိုး တစ်ရှုတစ် ဆယ်လို့များ ထင်နေလား၊ ဟမ်. . ခင်ရဲတိုက်”

“မထင်ဘူးလေ၊ ကျွန်မနဲ့ရှင်က လင်မယားပဲ တာဝန်ဝတ္တ ရားတွေကို လင်မယားနှစ်ယောက် အတူတူဖြေရှင်းရမှာ မဟုတ်ဘူး လား”

“ဘာလဲ အဲဒီအဖွားကြီး ဝေယျာဝစ္စကို ငါလုပ်ရမယ်ဆိုတော့ ငါက သူ့ရဲ့အဝတ်အစားကအစ လျှော်ဖွပ်ပေးရမယ်ဆိုတဲ့သဘော လား”

“အဲလိုတော့လည်း မဟုတ်ပါဘူး၊ လျှော်တာက အဝတ်



www.burmeseclassic.com

www.burmeseclassic.com



လျှော်စက်ရှိတာပဲ၊ လျှော်စက်ထဲထည့်လျှော်တော့ ဘာခက်တာ မှတ်လို့. . လုပ်ပါယောက်ျားရယ် ကျွန်မကိုကူပါဦး၊ ကိုယ့်ယောက်ျား မို့ အကူအညီ တောင်းတာပါနော်၊ မိသားစုရယ်လို့ ဖြစ်လာရင် သူ့ အလုပ် ကိုယ့်အလုပ် ခွဲခြားလို့မှ မရတာပဲရှင်”

အပျော့ဆွဲပြန်ဆွဲပြီး ချော့နေသဖြင့် ခန့်လူ လက်မခံချင်ပေ မယ့်လည်း ဘာမှမပြောမိတော့၊ ပြောချင်စိတ်လဲ မရှိတော့။

ဝင့်ကြွေးကို ရေလောင်းမိ၍ ဝင့်ကြွေးတွေရှင်သန်နေသည် ဟုပဲ မှတ်ယူရတော့မှာပင်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၃)

“ဒီခေါက်ဆွဲသုပ်က ဒီမှာလုပ်တာလား ကိုတိုက်”

နန်းပြားခေါက်ဆွဲတွေကို ကြက်သားနိုင်းချင်းဖြင့်သုပ်ပြီး စားချင်စဖွယ် ပြင်ဆင်ထားသဖြင့် ဒေါ်ကြိုးကြာနီ စားပွဲမှာ တုန့်ချိ ဝင်ထိုင်ပြီး မေးလိုက်သည်။

ခင်ရဲတိုက် ဘာမှမဖြေခင်မှာပင် ခင်ရဲတိုက် ကိတ်မုန့်ဗ ပန်းကန်ထဲ ထည့်နေရင်းမှ. . .

“မဟုတ်ပါဘူးအန်တီ. . ဆိုင်က ဝယ်တာပါ၊ အဲဒီက နန်း ပြားသုပ်ကို အရမ်းကြိုက်တာလေ၊ ဒါကြောင့် လှည်းတန်းက အမေ



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်မှာ သွားဝယ်ပေးထားရတာ"

မိထွေးမို့ အမြင်မကြည်ပေမယ့်လည်း ကိုယ့်ဒယ်ဒီမျက်နှာကြောင့် ခင်ရဲတိုက် အလိုက်အထိုက် ပြောပါသည်။

"ဩော်. . အေးကွယ်၊ ဩော်. . ဒါနဲ့ သမီးရယ်၊ တစ်လက်စထဲ အန်တီ့ကိုလေ ကော်ဖီခါးခါးလေး ဖျော်ပေးပါလား"

"ဟုတ်ကဲ့၊ ဖျော်ထားပြီးပြီ အန်တီ"

ကော်ဖီဖျော်ထားပြီးသား ကြွေခရားထဲမှ အငွေ့တထောင်းထောင်းထနေသော ကော်ဖီတွေကို ငှဲ့ထည့်ပေးလိုက်သည်။

"ကော်ဖီက ခါးရဲ့လား"

"ခပ်စိမ့်စိမ့်လေးပါ"

"အန်တီက ကော်ဖီမစ်မသောက်ဖူးကွယ့်၊ ကော်ဖီမှုန့် နို့ဆီသကြားနဲ့ဖျော်တဲ့ ကော်ဖီကိုပဲသောက်တာ"

ဇာတ်လမ်းက စလာပြီမို့ ခင်ရဲတိုက် မသိမသာ မဲ့လိုက်သည်။ ဘာမှတော့ ပြန်မပြော။

"ဒယ်ဒီ ကော်ဖီသောက်"

နန်းပြားခေါက်ဆွဲသုပ်ကို ဦးစိန်တိုက် အားရပါးရစားရင်း နန်းပြားသုပ်ပန်းကန်ကို တို့တောင်မတို့သော ဒေါ်ကြိုးကြာနီကို ကြင်နာစွာကြည့်ပြီး. . .

"ကြိုးကြာ. . စားလေ ကောင်းတယ်ကွ"

"ဟင့်အင်း ကြိုးကြာက အပြင်အစားအစာ လုံးဝမစားဘူး တိုတိုက်ရဲ့"

ဒေါ်ကြိုးကြာနီ စကားကို ထမင်းစားခန်းထဲ ဝင်လာသော ခန့်လူ ကြားလိုက်သည်။ ဇာတ်လမ်းကတော့ နိဒါန်းပျိုးနေပြီဟု စိတ်ထဲက ခပ်ချဉ်ချဉ်တွေးပြီး ထမင်းစားပွဲမှာ ဝင်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အပြင်အစားအစာ မစားရင် အိမ်မှာဘာလုပ်ပေးရမလဲ ကြိုးကြာ၊ စားချင်ရင် သမီးကိုပြောလေ"

ဒယ်ဒီစကားကြောင့် ခင်ရဲတိုက် ကိတ်မုန့်တစ်ကိုက် ယူစားရင်း ဖျတ်ခနဲ လှမ်းကြည့်သည်။

ဦးစိန်တိုက် သမီးဖြစ်သူ၏အကြည့်ကို မမြင်၊ သူ့မျက်စိထဲမှာ ဒေါ်ကြိုးကြာနီကိုပဲ မြင်နေသည်။

"ကျွန်မက ထွေထွေထူးထူးတော့ သိပ်မစားတတ်ဘူး ကိုတိုက်ရဲ့၊ ဟိုလေ တစ်ခါတစ်လေ ရှမ်းထမင်းသုပ်လေးတွေ မုန့်ဟင်းခါး ချိုချိုကြွကြွလေးတွေ၊ ပဲပြုတ်ဆီဆမ်းကို ငါးရံခြောက်ဖုတ်လေးနဲ့ ရေနွေးပူပူလေးသောက်၊ အိမ်က မြေးကတော့ ဖွားအေစားချင်တာကို မညည်းမညူ လုပ်ပေးရှာတာ ကိုတိုက်ရဲ့"

ဒေါ်ကြိုးကြာနီစကားအဆုံး ခင်ရဲတိုက်ထံမှ သက်မတစ်ချက်ချသံ ထွက်ပေါ်လာသည်။

ထွေထွေထူးထူး မဟုတ်လို့ဘဲ ထွေထွေထူးထူးသာဆိုလျှင် ဟိုတယ်စာတွေကိုတောင် ပြင်ဆင်ချက်ပြုတ်နိုင်းမလား မသိ။

"ကဲ. . သမီး ကြားတယ်နော် သမီး၊ အမေကြိုက်တတ်တဲ့ အစားအသောက်လေးတွေကို ဒယ်ဒီလည်း ကြိုးကြာနဲ့ အကြိုက်ချင်းတူတယ် သမီးရဲ၊ တစ်ခါတစ်လေ အပြောင်းအလဲလေး ဖြစ်သွားရအောင် မနက်ဖြန် လုပ်ကြည့်ပါလား"

ဒယ်ဒီကလည်း တော်တော်လေးကို 'မ'ဘက်လိုက်ပြီး သူပြောချင်ရာကို စွတ်ပြောတော့သည်။

"အဟင်း. . အဲလိုဟာမျိုးတွေ သမီးတစ်ခါမှ မလုပ်ဖူးတော့ လွယ်ပါ့မလားဒယ်ဒီ"

"ဒါပေမယ့် အပြင်စာ မစားတတ်တော့လည်း ဟုမ်းမိတ်



www.burmeseclassic.com

www.burmeseclassic.com



လေးဘာလေး စားကြည့်တာပေါ့ကွာ"

"ဟုတ်တယ် သမီးရဲ့ အပြင်စာတွေက မသန့်ရှင်းတဲ့အပြင် ဓါတုဆိုးဆေးတွေကို အပြည့်အဝသုံးထားတော့ တစ်ခါတစ်လေ တောင် မစားသင့်ဘူး၊ သမီးမလုပ်တတ်ရင် အန်တီ ဘေးကပြပေး မယ်လေ"

"ဟာ ကောင်းတာပေါ့၊ ဒါဆိုရင် ဒယ်ဒီ့သမီးက အချက်အ ပြုတ် အရမ်းတော်သွားမှာ"

ဘုန်းကြီးရှူးနဲ့ လေ့လူးတွေ့ဆိုသလို လင်နှင့်မယား တော် တော်လေးကို အတိုင်အဖောက်ညီပုံများ သမီး အားလားမအားလား ဆိုသည်ကိုတောင် မချင့်ချိန်နိုင်တော့။

"ဒါပေမယ့် သမီးမှမအားတာ ဒယ်ဒီရယ်၊ မနက်ဖြန် ဝဲလ် ခင်နှစ်ပွဲ ရှိတဲ့အတွက် မနက်ငါးနာရီကတည်းက အိမ်ကထွက်ရမှာ"

"ဩော်. . ဟုတ်လား၊ အန်တီက မနက်သုံးနာရီဆိုရင် နိုး တာကွဲ့၊ ကိစ္စမရှိပါဘူး မှီပါတယ်"

"ရှင်. . "

သို့ကိုလျှင် ကိုယ်က သူထသလို သုံးနာရီထပြီး သူစားချင် တာကို ထပြီး ချက်ပြုတ်ပေးရမည် ဆိုသည့်သဘောတဲ့လား။

အမယ်လေး ဒယ်ဒီရယ်၊ ဘယ်လိုမိန်းမမျိုးကို လက်ထပ်ပြီး အိမ်ပေါ်ခေါ်လာရသလဲ။

ဒီပုံအတိုင်းဆိုလျှင် ခင်ရဲတိုက် နောက်ခြောက်လတောင် အသက်ရှင်ပါတော့မလား။

"ကဲ. . ယောက်ျား ရှင်ကြားတယ်နော်၊ ကျွန်မကို မနက် သုံးနာရီထပြီး မနက်ခင်းစာ ပြင်ဆင်ခိုင်းနေတယ်၊ အဲဒီတာဝန်ကို ရှင်ယူမလား"



www.burmeseclassic.com

www.burmeseclassic.com



ပေါင်ကို လက်ဖြင့်ကုတ်ပြီး-ခပ်တိုးတိုးပြောနေသော ခင်ရဲ့ *တိုက်စကားကြောင့် ခန့်လူ ပုခုံးတွန့်ကာ ခေါင်းခါပြလိုက်သည်။*

ဒါတော့ ဘယ်လိုမှမဖြစ်နိုင်။

ဒီအဘိုးကြီး သူကျတော့ အဆီအသားတွေစားပြီး သမီးနဲ့ သားမက်ကို အရိုးစူးအောင်လုပ်မည့်အဘိုးကြီး တစ်စက်ကလေးမှကို ကြည့်လို့မရတော့။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၄)

"**သား**ရေ ကိုခန့်"

ခေါ်သံကတော့ ညက်သည်။ ဘာခိုင်းဦးမလဲတော့ မသိ။

"ခင်ဗျာ. . အဘွား"

မိထွေးယောက္ခမမို့ အမေဟုခေါ်ရမှာဖြစ်ပေမယ့် ဟသ်ာဖြူခေါ်သလို အဘွားဟုခေါ်ရတာကိုပဲ ခန့်လူနှတ်က ခံတွင်းတွေ့နေသည်။ ဒေါ်ကြီးကြာနီကလည်း ထိုသို့သော အခေါ်အဝေါ် အတွက်ထူးပြီး စိတ်အနှောင့်အယှက် ဖြစ်ပုံမရ။

"အဘွားကို တစ်ခုလောက် ကူညီပါလားကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆောက်လုပ်ရေး အင်ဂျင်နီယာနှင့် အလုပ်ကိစ္စ စကားပြောဆိုရန် ချိန်းထားပါသည်ဆိုမှ ဘာအကူအညီ ပေးရဦးမည်လဲမသိ။

"ဘာကူညီရမလဲ အဘွား"

"အဘွားသောက်တဲ့ဆေးတွေ ကျန်ခဲ့လို့ သွားယူပေးပါလား ကွယ်"

"ဗျာ. . ဘယ်မှာ သွားယူပေးရမှာလဲ"

"အိမ်မှာပေါ့"

"ဩော်. . အိမ်မှာ ဘယ်သူရှိလဲအဖွား"

"ဟင်္သာရှိတယ်လေ၊ သူ့ကို ယူပြီးလာပို့ခိုင်းတာကို သူ မလာချင်လို့ မင်းကိုပဲ ယူခိုင်းလိုက်ပါတဲ့လေ"

အကူအညီတောင်းသည့် ကိစ္စထဲတွင် ဟင်္သာဖြူနှင့် တွေ့ရမည့်အစီအစဉ် ပါလာ၍ သိပ်တော့မပြုံးပြင်မိတော့။

"ကျွန်တော် အလုပ်ကိစ္စ ချိန်းထားတာတော့ရှိတယ်၊ အဲဒီကိစ္စပြီးမှ ဝင်ယူပေးရင် ရတယ်မဟုတ်လားအဘွား"

"ရတယ်သား၊ ဒီမနက်တော့ လက်ကျန်ဆေးပဲ သောက်ထားလို့ ဖြစ်တယ်၊ ဩော်. . နောက်ပြီး မှာစရာတွေ ရှိသေးတယ်"

"ဗျာ. . ဘာမှာမလို့လဲ၊ ကျွန်တော် ဘာထပ်ယူလာပေးရဦးမလဲ"

"ယူလာရမှာ မဟုတ်ဘူး၊ ခေါ်လာရမှာ"

"ဟင်. . ဘယ်သူ့ကိုလဲ"

"အဘွားရဲ့ မြေးလေးတွေကို"

ဒေါ်ကြိုးကြာနီစကားကြောင့် ခန့်လူ နားရှုပ်သွားသည်။

"ဟင်္သာကို ခေါ်လာရမှာလား"

"အယ်. . မဟုတ်ပါဘူး၊ အဲဒီမြေးမက ဒီကို ဘယ်တော့မှ

www.burmeseclassic.com



လာမှာမဟုတ်ဘူး၊ အခု အဘွားခေါ်ခိုင်းတာ အဘွားမွေးထားတဲ့ ယုန်လေးနှစ်ကောင်ကို ခေါ်ခဲ့ပါလို့"

"ဩော်. . ဗျာ. . ဟုတ်. . ဟုတ်ကဲ့၊ ခေါ်ခဲ့ပါ့မယ်"

"အေး. . အေး. . တစ်လက်စတည်း နီးရာဈေးကို ဝင်ပြီး ယုန်တွေစားဖို့ မုန်လာဥနီလေးဘာလေး ဝယ်ခဲ့ဦးနော်"

ဒီအဘွားကြီး နည်းနည်းတော့ များနေပြီ၊ ခိုင်းတယ်ဆိုတာ တော်ရုံပဲကောင်းသည်။ အခိုင်းခံရသူရဲ့ အနေအထားကို ကြည့်ပြီး ခိုင်းသင့်တာ။

သူတို့အမြင်မှာ ကိုယ်က ဒီအိမ်မှာ တောက်တိုမယ်ရ လိုက်လုပ်ရသည့် TTMY များ မှတ်နေရော့သလား။

"ကိုခန့်လူ"

ဒီတစ်ခါ ခေါ်လိုက်သူက ခင်ရဲတိုက် ဖြစ်သည်။ သူလည်း ဘာခိုင်းဦးမှာလဲ။

"မင်းရော ဘာခိုင်းဦးမှာလဲ"

"ဒီနေ့ညနေ ရှိုးပွဲမှာ မိတ်ကပ်ပြင်ရမှာမို့ ညနေစာကို ရှင်ပဲ တစ်ခုခုကြည့်ပြီး စီစဉ်လိုက်ပါနော်၊ ပြီးရင် ဒယ်ဒီ့ကိုတိုက်ဖို့ ဆေးတွေပါ အဆင်သင့်လုပ်ပေးထားခဲ့တယ်"

"ငါလည်း အလုပ်ကိစ္စတွေ ရှိသေးတယ်၊ ညနေစာကို အိမ်မှာ ပြန်ပြီးမချက်ပြုတ်နိုင်ဘူး၊ အပြင်ကပဲ ဝယ်လာမယ်"

"အန်တီက အပြင်စာ မစားဘူးဆို၊ ရှင်ဝယ်လာတော့ရော အဆင်ပြေမှာတဲ့လား"

မြွားဦးက ဒေါ်ကြိုးကြာနီဘက်ကို လှည့်သွားသည်။

"ဒါပေမယ့် ငါမှမအားတာ"

"အဲ့ဒါတော့ ကျွန်မလည်း မတတ်နိုင်ဘူး၊ ကျွန်မအလုပ်က



www.burmeseclassic.com

www.burmeseclassic.com



စရံငွေ ယူပြီးပြီ၊ လုံးဝဖျက်လို့ မဖြစ်ဘူး၊ ဪ. . ဒယ်ဒီက ရှင့်ကို ခေါ်နေတယ်၊ သွားတွေ့လိုက်ဦး"

"ဘာခိုင်းဦးမလို့လဲ"

စိတ်က တိုလာသည်မို့ လေသံကို ပို၍တင်းလိုက်သည်။

ဒေါ်ကြိုးကြာနီ မယောင်မလည်နှင့် အနားမှထွက်သွားသည်။

"အဲဒါ ဘယ်လိုလေသံနဲ့ မေးတာလဲ"

ခင်ရဲတိုက် မကျေမနပ် ပြန်မေးသည်။

"ပုံမှန်ပဲ၊ ခု တစ်ချိန်တည်းမှာ နှစ်ယောက်က အလုပ်အော်ဒါတွေ ပေးပြီးပြီ၊ ခု မင်းဖေကပါ ထပ်ခိုင်းဦးမယ်ဆိုရင် ဒီနေ့ ငါ့ အလုပ်ကိစ္စတွေ လုပ်ရပါတော့မလား"

"ရှင်ဟာလေ၊ မိသားစုစိတ်ဓါတ်လေးတော့ မွေးစမ်းပါ၊ ဒီ အိမ်မှာ ဘောက်တိုမယ်ရ လုပ်ရမယ့်လူဆိုလို့ ရှင်နဲ့ကျွန်မပဲ ရှိတာလေ၊ ကျွန်မ အားရင်အားသလိုလုပ်နေတာ ရှင်လည်း အမြင်ပဲ၊ ခုဟာက ကျွန်မတကယ်မအားလို့ ရှင့်ကို အကူအညီတောင်းတာ ကဲပါ. . ဒယ်ဒီက ဘာပြောမလို့လဲမသိဘူး သွားနားထောင်လိုက်၊ ကျွန်မတော့ သွားပြီ"

ကားသော့လေး တယမ်းယမ်းနှင့် ခန္ဓာကိုယ်မှာ ရှိသမျှအရာတွေ ခါပြီး ထွက်သွားသော ခင်ရဲတိုက်ကို မျက်စောင်းတစ်ချက် ထိုးပြီး ခန့်လူစိတ်ထဲ မကျေမနပ်ဖြစ်၍ ကျန်ခဲ့သည်။

"ခိုင်းကြ. . ခိုင်းကြ၊ နောက်ဆိုရင် ငါ ဒီအိမ်မှာ တစ်နာရီ ပြည့်အောင် မနေရအောင် အလုပ်တွေကို ဒီထက်ပိုကြိုးစားပြမယ်၊ သိလား"

မကျေမနပ်ပြောပြီး အဘိုးကြီးရှိရာ အိမ်ပေါ်ထပ်သို့ ခြေသံ


www.burmeseclassic.com

www.burmeseclassic.com



ခပ်ပြုံးပြုံးနှင်းပြီး တက်ခဲ့လိုက်သည်။

"ဟင် . . ဒယ်ဒီ၊ ကြက် . . ကြက်ဥတွေက ဘာလုပ်ထားတာလဲ၊ အယ် . . ငှက် . . ငှက်ပျောသီးတွေရော"

ကြမ်းခင်းတွင် ကြက်ဥအခွံတွေရော ငှက်ပျောသီးအခွံတွေပါ မွစာကျဲနေ၍ တအံ့တသြ မေးလိုက်ခြင်းပါ။

ခန့်လူအမေးကြောင့် ဦးစိန်တိုက် လူကြီးရှက်တော့ရယ်ဆိုသလို တဟဲဟဲရယ်ရင်း . . .

"အဲ . . အဲဒါတွေ ငါသောက်ထားတာလေကွာ၊ ဒါကြောင့် ငါ့အခန်းကို ရှင်းခိုင်းရအောင် ခေါ်လိုက်တာ"

"ဟာဗျာ ဒယ်ဒီရယ်၊ ကလေးလည်း မဟုတ်ပါဘူးဗျာ၊ အားလိုချင်လို့ ကြက်ဥနဲ့ ငှက်ပျောဖီး စားတယ်ဆိုရင်လည်း အခွံတွေကို အမှိုက်ပုံးထဲ စံနစ်တကျ ထည့်ပါတော့လား၊ နောက်က လူတစ်ယောက်က လိုက်သိမ်းရတော့ မဟုတ်သေးဘူး"

ဒေါသထွက်လက်စနှင့် ဆက်ပြီးထွက်လိုက်သည်။

"ဟော့ကောင် သောက်စကား မများနဲ့၊ ဒီအိမ်မှာ မင်းက ယောက်္ျားမလား၊ ငါက သားမက်လား"

"ဒယ်ဒီက ယောက္ခမပါ၊ ဒါပေမယ့် ယောက္ခမဖြစ်တိုင်း အဲလို စည်းမရှိကမ်းမရှိလုပ်ဖို့တော့ မကောင်းဘူးပေါ့ဗျာ"

"အောင်မာ . . အောင်မာ . . ဒီကောင် ပြောလေကဲလေပါလား၊ ဟော့ကောင် . . ငါက မင်းကို ငါ့သမီးတစ်ယောက်လုံးကို ပေးထားရတာကွ၊ ငါ့မှာ ဒီလောက်တော့ လုပ်ပိုင်ခွင့်ရှိရမှာပေါ့"

အရေးထဲ ပနာက ယူနေသေးသည်။ ဆက်ပြီးလည်း အတိုက်အခံမပြောချင်တော့၍ အခန်းထောင့်မှ တံမြက်စည်းနှင့် ဂေါ်ကိုယူကာ ကြမ်းပြင်တွင် မွစာကြဲနေသော ကြက်ဥခွံနှင့် ငှက်



www.burmeseclassic.com

www.burmeseclassic.com



ပျောသီးခွံတွေကို ကျုံးပြီး အမှိုက်ပုံးထဲ ထည့်လိုက်သည်။

"ကဲ. . ကျွန်တော်ရုံးသွားတော့မယ်၊ ညနေ ဗိုက်ဆာရင် အိမ်မှာရှိတာ စားထားလိုက်၊ ကျွန်တော်ပြန်လာမှ ညနေစာ ထမင်း ချက်ရမှာ"

"အေးပါ. . မင်းသာ ငါတို့ဗိုက်မဆာခင် အမြန်ပြန်လာ၊ ဪ. . နေဦး၊ ငါ မင်းကို အရေးကြီးတာမေးမလို့"

အခန်းထဲမှ ထွက်ခါနီး အရစ်ရှည်နေသေးသဖြင့် စိတ်မရှည် သောအကြည့်ဖြင့် ကြည့်လိုက်ပြီး. . .

"ဘာမေးမလို့လဲ ဒယ်ဒီရာ"

"တခြားတော့ မဟုတ်ဘူးကွ"

ဦးစိန်တိုက် ခန့်လူအနားကို တုန်တုန်ချိချိဖြင့် လျှောက်လာ သည်။ ခန့်လူစိတ်ထဲ အရင်ကထက် ခြေလှမ်းတွေ ပိုယိုင်နေသလား ဟု တွေးပြီး စိတ်ထဲက မဲ့လိုက်သည်။ သေခါနီးမှ စားပိုးနင့်မှာ မြင် ယောင်သေးတယ်ဟု စိတ်ထဲက ခပ်ချဉ်ချဉ် ပြောလိုက်သည်။

"ဒီလိုကွာ၊ ငါတို့ ညက တစ်ညလုံး မအိပ်ဖြစ်ဘူး"

"ဗျာ. ."

ခန့်လူ ခေါင်းကို စုံကုတ်ပြီး ဗျာလိုက်သည်။

"အဲ. . အဲဒီတော့. ."

"ငါ အားမရှိဘူးကွ၊ စိတ်သွားတိုင်း ကိုယ်မပါဘူး၊ အဟီး. . အဲဒါ နည်းလမ်းကောင်းလေးများ ရှိလားလို့ မင်းသိရင် အကြံပေး စမ်းပါကွာ"

စိတ်ထဲမှ ခွီးခနဲ ခွက်ထိုးခွက်လန် ရယ်လိုက်သည်။ ဘယ်လို အကြံပေးရမလဲ၊ ဒါမျိုးဆို ကိုယ်တွေက လျှော့ကြီးထိုးရိုးရိုးပဲ၊ တစ်ခါမှ ဆန်းဆန်းပြားပြား မတွေ့ခဲ့သလို ဘာအထောက်အကူပြု ဆေးဝါးမှ



www.burmeseclassic.com

www.burmeseclassic.com


လိုခဲ့တာ မဟုတ်တာကို ကိုယ်သာလျှင် အသိဆုံး. . .

ခု ဒီအဘိုးကြီးက မရှက်မရွံ့ မေးလာပြီဆိုမှတော့ ပညာလေးပေးရသေးတာပေ့။

"ဩော်. . ဒါလား၊ ဒါကြောင့် ဒယ်ဒီ ကြက်ဥနဲ့ငှက်ပျောသီး စားနေတာကိုး"

"အေးလေကွာ၊ ယောက်ျားအချင်းချင်းပဲ ရှက်မနေတော့ပါဘူး၊ မင်းသာ နည်းကောင်းလေးရှိရင် ပေးစမ်းပါ"

"ကျွန်တော့်သူငယ်ချင်းတစ်ယောက်လည်း ဒယ်ဒီလို ဖြစ်ဖူးတယ်တဲ့၊ အဲဒီတုန်းက သူ ဆေးဝယ်သောက်လိုက်တာ အားလုံးအိုကေသွားတာ လူပြိုဖြန်းလေးတစ်ယောက်လိုပဲတဲ့"

ခန့်လူ အချွန်နှင့်မနေတာကို ဦးစိန်တိုက် လုံးဝမရိပ်မိ၊ မျက်လုံးတွေ အရောင်တဖျတ်ဖျတ် လက်နေတာကို ကြည့်ခြင်းအားဖြင့် ဒီအချိန်မှာ ခန့်လူဘာပြောပြော ယုံမည့်ပုံဖြင့် အားကိုးတကြီး ကြည့်နေသည်။

"အေး. . ပြောစမ်းပါကွာ၊ မင်းကျေးဇူး ငါ တစ်သက်မမေ့ဘူး"

"ရပါတယ် ဒယ်ဒီရာ၊ သားအဖချင်းပဲ. . ကျေးဇူးတင်စရာ လိုပါဘူး၊ ဟဲ. . ဟဲ. . ဟဲ"

"ကဲပါ. . နောက်မှ ရယ်စမ်းပါ၊ အခု အရင်ပြော"

ဦးစိန်တိုက် သိပ်စိတ်မရှည်တော့၊ နည်းလမ်းကောင်းလေး ကို နားထောင်ချင်လှပြီ။

"ပြောမှာပါ၊ ဒါပေမယ့် အဲဒီဆေးကို ကျွန်တော်တော့ ဝယ်မပေးနိုင်ဘူး၊ ဒယ်ဒီကိုယ်တိုင် ဝယ်ရမယ်၊ အဲ. . နောက်ပြီး ဒယ်ဒီ သောက်မှာလို့လဲ မပြောရဘူး၊ ဘယ်သူသောက်မှာလဲလို့ မေးရင်


www.burmeseclassic.com

www.burmeseclassic.com


တောင် ငါ့အမျိုးသမီးသောက်မှာလို့ ပြောရမယ်နော်၊ ဒါမှ ဒယ်ဒီ့ကို အထင်မသေးမှာ"

"ငါ. . ငါ့မိန်းမ သောက်လို့ရလားကွ"

"ဟာ. . ရတာပေါ့ ဒယ်ဒီရဲ့ အဲဒီဆေးက မိန်းမယောကျ်ား အားလုံးသောက်လို့ရတယ်၊ ဒါပေမယ့် ဒယ်ဒီသောက်တာကို ဘယ်သူမှမသိစေနဲ့၊ ယုတ်စွအဆုံး အဘွားကြိုးကြာတောင် မသိစေနဲ့. . ဟုတ်ပြီလား"

"အေး. . အေးပါကွ စိတ်ချပါ. . ဟီး. . ဟီး. . ဟီး၊ ဒါနဲ့ အဲဆေးက ဘာဆေးလဲ ပြောဦးလေ"

"ဆေးနာမည်က 'အိုကေ'တဲ့၊ အဲဒီဆေးက သူ့ဆေးညွှန်းအတိုင်း မြားညွှန်ပြသလို အစဉ်လိုက် သောက်ရတယ်ဆိုလား၊ နေ့တိုင်း အဲ. . ညတိုင်း သောက်ရမှာနော်၊ တစ်ရက်မှ ပျက်လို့မရဘူး"

"ဟာ. . . ဒါတော့စိတ်ချ ငါ့သား၊ ဒယ်ဒီက ဆေးဆိုရင် သောက်ရလွန်းလို့ အိပ်ရင်တောင် အိပ်မက်ထဲ ဆေးသောက်နေတဲ့သူ"

"ကောင်းပြီ. . မှတ်ထားနော်၊ OK တဲ့"

"အေး. . အေး. . ငါ ခုပဲသွားဝယ်မယ် သိလား"

ဒါမျိုးကျတော့ ဝေါက်ခနဲ ထထွက်သွားသည်။ ဘယ်အချိန်ကတည်းက အားအင်ပြည့်ဝချင်နေသလဲ မသိ။

ယောကျ်ားတွေ ဖွဲ့တစ်ဆုပ် နိုင်တဲ့အထိ ဒီကိစ္စကို မက်မောဖက်တွယ်ကြသည်တဲ့။ အဲဒီစကားပုံက ခုမှ တကယ့်လက်တွေ့. . .


www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၅)

ခြံတံခါးဖွင့်ထား၍ ခန့်လူ ဟသ်ာတို့ခြံထဲ ဝင်လာလိုက်သည်။ အိမ်တံခါးကလည်း စေ့ရုံစေ့ထားပြန်သည်မို့ အိမ်ရှင်ကို ဖွင့်ခိုင်းဖို့ ဘဲလ်တီးမနေတော့ပဲ အိမ်ထဲသို့ပဲ တန်းဝင်ခဲ့လိုက်သည်။

အိမ်ထဲမှာလည်း လူရိပ်မတွေ့။

"ဟသ်ာ. . ဟသ်ာရေ"

"ရှင်. . ကိုခန့်ရေ ရောက်လာပြီလား"

လူကိုမတွေ့ အသံကိုသာ ကြားရသည်။

"ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကိုခန့်ရေ၊ မီးချောင်းက မီးလွတ်နေလို့ တက်လုပ်နေ တာ၊ လိုက်ကာအစိမ်းလေးတပ်ထားတဲ့ အခန်းထဲမှာ ဟသ်ာကို လာ ကူပါဦး"

လာကူပါဦးဆိုတာနှင့် ညှော်ခန်းထဲမှာတောင် ထိုင်မနေ တော့ပဲ ဟသ်ာရှိရာ အခန်းထဲသို့ ဝင်ခဲ့လိုက်သည်။

အခန်းက ပြူတင်းပေါက် မရှိ၍ မှောင်နေသည်။ ခုံအမြင့် ကြီးပေါ် တက်ကာ ခြေဖျားထောက်ပြီး မီးချောင်းတက်လှည့်နေသော ဟသ်ာကို မော့ကြည့်လိုက်သည်။

"ဟသ်ာ ပြုတ်ကျတော့မှာပဲကွာ၊ ဆင်း. . ဆင်း. . ကိုယ် လုပ်ပေးမယ်"

မျက်စိထဲမှာ အမြင်မတင့်၍ ဆင်းခိုင်းလိုက်သည်။ ဟသ်ာ ခုံပေါ်မှ ကုတ်တွယ်ပြီး ဆင်းလိုက်သည်။

လူတစ်ရပ်စာမကသော ခုံအရှည်ကြီးပေါ်ကို ခန့်လူ ဘယ် လိုတက်ရပဲ့၊ အမှန်ဆို ခန့်လူက အမြင့်ကို ကြောက်သည်။ အမြင့် တက်ရမည်ဆိုလျှင် ဒူးတုန်တတ်သည်။

ဟသ်ာရှေ့မှာ ဟီးရိုးလုပ်ရမှာမို့သာ တမင်သတ္တိရှိဟန် ဆောင်လိုက်ခြင်း ဖြစ်သည်။

"ကိုခန့် ဖြည်းဖြည်းတက်နော်၊ ခုံက အရမ်းမတ်တယ်"

တုံချိချိဖြစ်နေသော ခန့်လူကိုကြည့်ပြီး ဟသ်ာက ပြန်၍ သတိပေးနေရသည်။

"မီးချောင်းက ချုပ်ကျွမ်းသွားတာထင်တယ် ဟသ်ာရ"

"ဟင်. . ဟုတ်လား ဒုက္ခပဲ၊ အိမ်မှာ ချုပ်အပိုမရှိဘူး၊ မီးပြင် သမားခေါ်ပြီး လဲခိုင်းရမှာပဲ"

"ခေါ်စရာမလိုပါဘူး ကိုယ်လုပ်ပေးပါ့မယ်၊ ချုပ်အသစ် သွား



www.burmeseclassic.com

www.burmeseclassic.com



ဝယ်လိုက်မယ်လေ”

“အဲဒါဆိုရင်တော့ အဆင်ပြေတာပေါ့၊ ဖြည်းဖြည်းဆင်းနော် ကိုခန့်၊ ခုံက အရမ်းမြင့်တယ်”

“အင်းပါ. . အဲ. . အဲ. . လှုပ်. . လှုပ်နေပြီ”

“ဝုန်း. .”

သတိပေးနေရင်း ကြားထဲက ခုံက ယိုင်နဲ့သွားသဖြင့် ခန့်လူ အလန့်တကြား ခုန်ချလိုက်သည်။

“အမလေး”

ခန့်လူကိုယ်လုံးကြီးက ခုံခြေထောက်တွေကို ထိန်းထားသော ဟသ်ာပေါ်သို့ ဝုန်းခနဲ ပြိုလဲကျသွားသည်။

နှစ်ယောက်သား ကြမ်းခင်းပေါ် အရှိန်မထိန်းနိုင်ဘဲ လုံးထွေးပြီး လဲကျသည်။

ရည်ရွယ်မထားတဲ့ ရင်နှီးဖက်တွယ်မှုတွေက ရင်ဘတ်နှစ်ခုကို ပြောင်းဆန်အောင် လှုပ်ခတ်သွားစေသည်။

ခန့်လူ၏ လက်တွေက ဟသ်ာ၏ ကိုယ်လုံးလေးကို မလွတ်တမ်း တင်းကြပ်စွာ ဖက်တွယ်ထားသည်။ ရင်ဘတ်ချင်းအပ်၊ မျက်နှာချင်း ပူးကပ်မိကြသည့်အခိုက် အနမ်းတို့ ရုတ်တရက် ပေါက်ဖွားသွားသည်။

ခန့်လူစိတ်တွေ အရမ်းလှုပ်ရှားနေ၍ အသိစိတ်တွေ လွတ်ထွက်သွားသည်။

ခံစားမှုရင်ခုန်သံတွေက လှုပ်ရှုဖွန်းလေးတစ်ယောက်လို. . တဖန်ပြန်လည်နိုးကြားလာသည်။ တွန့်တိုခြင်း ရှန်းဖယ်ခြင်း၊ အလျှင်း မရှိသော ဟသ်ာ၏ သိမ်မွေ့နူးညံ့သော အကြည့်တွေက ခန့်လူဆီမှ တစ်စုံတစ်ရာကို မျှော်လင့်နေသလိုလို. . .။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်ကလေးသည် ခန့်လူ စိတ်နှင့်လူ လုံးဝမကပ်တော့။ ဟိုအရင်တစ်ချိန်က အနမ်းတွေ စိတ်တူကိုယ်တူ ဖလှယ်ကြသည့်အချိန်ကို ပြန်ရောက်သွားသလိုလို. . .

"ကိုယ်. . မင်းကို ခုထိချစ်နေတုန်းပဲ ဟသ်ာ"

"ဟသ်ာလည်း ရှင့်ကိုချစ်နေတုန်းပါပဲ"

"ဒါဆိုရင် ပိတ်လှောင်မွန်းကျပ်နေတဲ့ ကိုယ့်နှလုံးသားကို မင်းဆီ ပြန်အပ်နှင်းမယ်၊ မင်း လက်ခံမလား"

"ဟင့်အင်း. . ရှင့်မှာ အိမ်ထောင်နဲ့လေ"

"ကိုယ်ကွာရှင်းဖို့ ကြိုးစားမယ်၊ အဲဒီကျရင် ကိုယ့်ကိုလက်ခံမှာလား"

တိုးတက်သော ခန့်လူအမေးကို ဟသ်ာ ဘယ်လိုအဖြေပြန်ပေးရမလဲ။

ချစ်နေတုန်းပဲလို့ ပြောပြီးပြီပဲ၊ ထပ်ဖြေဖို့ လိုသေးလို့လား။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၆)

"ဟော့ . . . ငါ့တူမ၊ အန်ကယ့်လ်ကို OK ဆေးတစ်တဒ်လောက် ပေးစမ်း"

ဆေးဆိုင်ထဲဝင်သွားပြီး ဦးစိန်တိုက် ခန့်လှဝယ်ခိုင်းသော OK ဆိုသည့်ဆေးကဒ်ကို ခပ်တည်တည်နှင့် ဝယ်လိုက်သည်။

ဆေးကောင်တာမှ ကောင်မလေးနှစ်ယောက် ဦးစိန်တိုက်ကို မျက်လုံးလေး ကလယ်ကလယ်နှင့် ကြည့်သည်။ ပြီးနောက် နှစ်ယောက်သား တိုးတိုးတိုးတိုးနှင့် ပြောသည်။

"ဟော့ . . ကလေးမတွေ လူကိုဘာပြုံးကြည့်နေတာလဲ၊ OK ပေးလို့ . .၊ ဘာလဲ ဆိုင်မှာမတင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"တင်. . တင်ပါတယ်"

"ဒါဆိုပေးလေ"

"အ. . အဘ သောက်မလို့လား"

ကောင်မလေးနှစ်ယောက် မျက်လုံးပေကလပ် ပေကလပ်နှင့် ပြန်မေးသည်။

"မသောက်ပါဘူး၊ ငါ့အမျိုးသမီး သောက်ဖို့"

"ဩော်. . ဟုတ်. . ဟုတ်ကဲ့"

ဒီတော့မှ ကောင်မလေးတွေမျက်နှာ ပြုံးစစဖြစ်သွားပြီး ဆေးကဒ်ကို ထုတ်ပေးသည်။ ဦးစိန်တိုက် ရှက်ကိုးရှက်ကန်းမျက်နှာဖြင့် ဆေးကဒ်ကို လှမ်းယူလိုက်သည်။ ကျသင့်ငွေကိုရှင်းပေးပြီး ဆေးဆိုင်ထဲမှ ခပ်သုတ်သုတ် ပြန်ထွက်လာခဲ့သည်။

ကောင်မလေးနှစ်ယောက် ဆေးဆိုင်ထဲမှ တီးတိုးပြောဆိုနေသံကိုပင် မကြားနိုင်တော့။

"မိန်းမငယ်ငယ်လေး ယူထားတာ ထင်တယ်ဟဲ့"

"အေးပေါ့၊ ဒါကြောင့် အသက်ကြီးမှ ကလေးအဖေ ဖြစ်နေမှာစိုးလို့ သူကမိန်းမကို သန္ဓေတားဆေး ဝယ်တိုက်တာနေမှာပေါ့၊ ခစ်. . ခစ်. . ခစ်၊ အသက်ကြီးမှ နှာတော့ထချင်တယ်၊ ကလေးကျတော့ မလိုချင်ဘူး"

"ဟဲ့. . ငါ့အဘိုးထက်တောင် အသက် အများကြီးကြီးမယ် ထင်တယ်နော်၊ ဒီလောက်အိုနေတဲ့ အဘိုးကြီး ဘယ်လိုမိန်းမကများ လက်ထပ်ထားပါလိမ့်၊ ဟီး. . ဟီး. . သေချာတာကတော့ သွေးမဆိုးသေးတဲ့မိန်းမပဲ ဖြစ်ရမယ်"



www.burmeseclassic.com





# အခန်း(၁၇)

"ရှင် ညက ဘာလို့ပြန်မလာတာလဲ"

လက်ထပ်ပြီးကတည်းက တစ်ညမှ အိမ်ပြန်မအိပ်ဖူးတာ မရှိခဲ့သော ခန့်လူကို သံသယအကြည့်ဖြင့် မေးလိုက်သည်။

"ညက စက်ပူကသူဌေးလာတယ်လေ၊ လုပ်ငန်းပရောဂျက်တွေကို လာစစ်ဆေးတာနဲ့ ကိုယ်မှမဟုတ်ဘူး အလုပ်သမားတွေတောင် တစ်ယောက်မှအိမ်မပြန်ရဘူး၊ တစ်ညလုံး အလုပ်ဝင်ရတယ်"

ခင်ရဲတိုက် မဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အဲဒီ စက်ဘူသူဌေးလည်း တစ်ညလုံး မအိပ်ရဘူးပေါ့၊ ဟုတ်လား"

"ဟုတ်တယ်၊ ဒီမနက် ခြောက်နာရီလောက်မှ နေပြည်တော်မှာ ဝန်ကြီးနဲ့တွေ့ဖို့ ထွက်သွားတယ်"

"ဒါဆိုရင် ရှင် ဘာလို့ တစ်ညလုံး ဖုံးပိတ်ထားသလဲ"

ဘယ်ဘက်ကမှ မလွတ်အောင် လှည့်ပတ်မေးသည်။

"ဖုန်းပိတ်မှာပေါ့၊ ဘက်ထရီ ကုန်သွားတာကိုး၊ ဖုန်းသွင်းကြိုးလည်း ပါမှမသွားတာ"

ခန့်လူကလည်း ရအောင်အကြောင်းပြချက်ပေးသည်။ အမှန်ဆို ညက ဟသ်ာနှင့် တစ်ညလုံး ရှိခဲ့ကြသည်။ ဟိုအရင် ချစ်သူဘဝတုန်းက မပွင့်လင်းခဲ့ကြသမျှ ညက မခွဲအတူ ရှိခဲ့ကြသည်။

ထို့အတွက် ခင်ရဲတိုက်ရှေ့မှာ စိတ်မလုံခြုံသလို ဖြစ်မိပေမယ့် ဒါဟာ ကိုယ့်ရဲ့စိတ်ထွက်ပေါက်မို့ ဟန်ဆောင်လိမ်ညာလိုက်ရခြင်းပင် ဖြစ်သည်။

အတွေ့ဆိုသည့်အရာကို မရှောင်နိုင်၍ ခင်ရဲတိုက်အပေါ် အိမ်ထောင်ရေး ဖောက်ပြန်မှုကြီးတစ်ခု လုပ်မိသည်မှအပ ဟသ်ာအပေါ် တကယ်ချစ်ခဲ့မိသလိုပင် စိတ်မှာခံစားရသည်။

ဟသ်ာအနားမှာ ရှိနေရလျှင် စိတ်တွေ အလိုလိုချမ်းမြေ့၍ လာသည်။

"နောက်တစ်ခါ ရှင်ပြန်မလာရင် ကျွန်မဆီ ဖုန်းဆက်ပါ၊ ရှင်ပြန်လာရင် ခြံတံခါးတွေ အိမ်တံခါးတွေ ဖွင့်ပေးဖို့အတွက် တစ်ညလုံး ထိုင်စောင့်တာ တစ်ရေးမှကို ကောင်းကောင်းမအိပ်လိုက်ရဘူး"

"ဆောရီးပဲ၊ ကိုယ်လဲ အလုပ်တွေရှုပ်နေတာနဲ့ ဖုန်းဆက်ဖို့



www.burmeseclassic.com

www.burmeseclassic.com


မေ့သွားတယ်"

စကားနည်းရန်စဲပြောပြီး အခန်းထဲ ဝင်လာခဲ့လိုက်သည်။ ခင်ရဲတိုက်၏ မကျေမနပ် တွတ်ပွတွတ်ပွ ပြောလိုက်သည့်အသံကို သဲ့သဲ့ကြားလိုက်ရပေမယ့် ဘာမှပြန်ပြီး မတုန့်ပြန်နေတော့၊ ကိုယ်က မှားထားတာပဲလေ။

အခန်းထဲဝင်ပြီး ခုတင်ပေါ် ခြေပစ်လက်ပစ် လှဲအိပ်လိုက်သည်။ အခန်းထဲသို့ ခင်ရဲတိုက် ခြေသံခပ်ပြင်းပြင်းနှင့် ဝင်လာသည်။

"ရှင့်လုပ်ပုံ ကောင်းသေးရဲ့လား"

"ဘာလဲ"

ညက ဟသ်ာနှင့် ရင်ခုန်ကြည်နူးခဲ့တာလေးတွေကို ပြန်ပြီး တွေးရင်း မှေးခနဲ အိပ်ပျော်မည်ရှိသေး၊ ခင်ရဲတိုက်၏ ရန်လိုသော အမေးကြောင့် မျက်လုံးတို့ ဖျတ်ခနဲ ပြန်ပွင့်လာသည်။

"ဒီမှာလေ. . ဒါဘာလဲ"

ထောင်ပြသော ဆေးကဒ်ကို သေချာကြည့်လိုက်ပြီး. .

"သိဘူးလေ၊ အဲဒါဘာလဲ"

"ဘာ. . ရှင်က ဒါကို မသိဘူးဟုတ်လား"

"ကျွတ် ဘာတွေလာပြပြီး ဘာတွေမေးနေတာလဲ ချစ်ရယ်၊ ကိုယ်အရမ်းအိပ်ချင်နေပြီ၊ ညက အလုပ်တွေ တစ်ညလုံး လုပ်ထားတာကွ၊ တမေးလောက်တော့ မေးပါရစေကွာ"

"မေးရမှာပါ၊ ကျွန်မကလည်း ရှင်နဲ့ စကားတွေ မလိုအပ်ဘဲ ပြောနေရလောက်အောင် အချိန်တွေ မပိုပါဘူး၊ ခုချိန်ထိတောင် ဆိုင်ကို မသွားရသေးဘူး၊ အိမ်အလုပ်တွေ တစ်ယောက်ထဲ သိမ်းကျုံး လုပ်ရလွန်းလို့ ပင်ပန်းပြီး အသက်ထွက်တော့မယ်၊ ဒီကြားထဲ ရှင်က ဒယ်ဒီ့ကို မဟုတ်တာတွေ မြှောက်ပေးတယ်"


www.burmeseclassic.com

www.burmeseclassic.com



"ဟမ်. . ဘာလဲ၊ ငါ ဘာမြှောက်ပေးလို့လဲ"

"ဒီမှာလေ၊ ဒီဆေးကဒ်ကိုသောက်ရင် အားအင်ပြည့်ဖြိုးပြီး လူပျိုလေးတစ်ယောက်လို စိတ်သွားတိုင်း ကိုယ်ပါတယ်ဆို. . ဟမ်၊ ခု ကျွန်မအဖေက ဒါကို ဘူမသိကိုးမသိ သောက်နေတယ်လေ"

"ဟမ်. . ငါမြှောက်ပေးတာ ဟုတ်လား"

"ဟုတ်တယ် အခု မိထွေးတော်က ဒါ ဘာဆေးလဲလို့ ယူလာပြပြီးမေးမှ ဒယ်ဒီ ဒီဆေးတွေ သောက်နေမှန်း ကျွန်မသိတာ၊ ရှင် တော်တော်ယုတ်မာတာပဲ"

ပြောရင်းဖြင့် ခင်ရဲတိုက် ဒေါသတွေ လှိမ့်တက်လာသည်။

"ဒီ. . ဒီဆေးကဘာလဲ၊ ငါမှမသိတာ"

"ဒီဆေးက သန္ဓေတားဆေးလေ၊ အမျိုးသမီးတွေ ကလေးမလိုချင်ရင် သောက်ကြတာ၊ ခုတော့ ရှင့်ကြောင့် ကျွန်မအဖေ တအောအောဲ တအန်အန်နဲ့"

"ဟမ်. . ဘာ. . ဘာလဲ၊ ကိုယ်ဝန်ရှိသွားပြီလား"

"ရှိစရာလား၊ အဲဒီဆေးသောက်ပြီး ထမင်းလည်း မစားဘူး၊ ခုတင်ပေါ်ကကို မဆင်းတော့ဘူး၊ သူ့မှာ အမြဲတမ်း အိပ်နေတော့တာပဲ"

"ဟုတ်တယ်သားရေ၊ အဘွားလည်း မင်းဒယ်ဒီကို လက်မြှောက်အရှုံးပေးရမလို ဖြစ်နေပြီ"

ဒေါ်ကြိုးကြာကြီးပါ အခန်းထဲဝင်လာပြီး ဆေးစွမ်းထက်ကြောင်း ဝင်ပြောသည်။

အချိန်နှင့် မလိုက်တာ လွန်သွားမှန်း စိတ်ကသိပေမယ့် ကိုယ့်အပြစ်ကို ဝန်ခံ၍တော့မဖြစ်။

"ကိုယ်သုံးဖူးတာ မဟုတ်ပေမယ့် သူငယ်ချင်းတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com


တ အိမ်ထောင်ရေးမှာ စိတ်သွားတိုင်းကိုယ်မပါရင် အဲဒီ OK ဆေး သောက်တာ အဆင်ပြေသွားတယ်လို့ ပြောတာကြားဖူးတော့ ကိုယ်လည်း ဒယ်ဒီ့ကို ကြုံတုန်း လက်ဆင့်ကမ်းပြောပြလိုက်ရုံပါ။ နောက်ပြီး သန္ဓေတားဆေးဆိုတာ ကိုယ် လုံးဝမသိပါဘူး၊ ဘုရားပေးပေး တျမ်းပေးပေးပါကွာ"

"ရှင် မလိမ်နဲ့"

ခန့်လူ ဘယ်လိုပဲရှင်းပြရှင်းပြ ခင်ရဲတိုက် မယုံ။

"ဩော်. . ချစ်ကိုလိမ်လို့ ကိုယ် ဘာအကျိုးရှိမှာလဲကွ၊ အဲဒီဆေးကဒ်က ကလေးမရအောင် သောက်တဲ့ဆေးဆိုတာ ကိုယ် တကယ်မသိရိုးအမှန်ပါ၊ ဒါ. . ဒါနဲ့ အဲဒီဆေးဆိုတာကိုရော ဒယ်ဒီသိသွားပြီလား"

"မသိသေးဘူး. . ၊ ညက သောက်နေတာတွေ့လို့ အသွားလည်း ဘာဆေးလဲဆိုတာသိချင်လို့ သူ့ခေါင်းအုံးအောက်ကနေ သူမသိအောင် တိတ်တိတ်ကလေး ယူလာတာ"

"အဲဒီဆေးကို အစဖျောက်ပစ်ရမှာပဲ၊ ဒီတော့ ရှင်သောက်လိုက်. ."

ကိုယ့်ကို လှမ်းပေးနေသည်မို့ ခန့်လူ တွန့်သွားသည်။

"ကိုယ်. . ကိုယ်. . ဘာလို့သောက်ရမှာလဲ"

"ရှင် အကြံပေးထားတာပဲ၊ ရှင် သောက်ရမှာပေါ့"

"ဟာ. . ကိုယ်က မင်းရဲ့ဒယ်ဒီလို ခုမှ ညားခါစ လင်မယားမဟုတ်ဘူး၊ သောက်စရာကို မလိုတာ"

"ဩော်. . ရှင်ပြောတဲ့ပုံစံက အိမ်ထောင်ရေးကိစ္စကို ရှင်က ဒယ်ဒီလောက် စိတ်မပါဘူးလို့ ပြောလိုက်တာပေါ့လေ ဟုတ်လား"

"လိုရာကို ဆွဲမပြောစမ်းပါနဲ့"


www.burmeseclassic.com

www.burmeseclassic.com



"ပြောရမယ်၊ ဒယ်ဒီ့ကိုကျတော့ တိုက်တယ်၊ ရှင့်ကျတော့ ရော ဘာလို့မသောက်ရဲရတာလဲ၊ ရော့ . သောက်၊ ကုန်အောင် သောက်"

ဒေါ်ကြိုးကြာနီ မျက်လုံး ပေကလပ် ပကလပ်ဖြင့် ခင်ရဲတိုက်ကိုကြည့်လိုက်၊ ခန့်လူကိုကြည့်လိုက်နှင့် စိတ်မောလူမှော ဖြစ်နေပုံရသည်။

"သမီး မတိုက်ပါနဲ့သမီးရယ်၊ ပြီးရင် သမီးပဲ ပင်ပန်းလိမ့်မယ်"

"အမ် . ."

ဒေါ်ကြိုးကြာနီစကားက ဘယ်ကိုဦးတည်လို့ ဦးတည်မှန်းမသိ။

"ဟင် . ဟုတ်လား"

ခင်ရဲတိုက်ကလည်း မိထွေးစကားဆိုရင် ယုံတယ်ဟုပဲ ပြောရမလား၊ မျက်လုံးလေး ကလယ်ကလယ်နှင့် သူ့ပင်ပန်းမှာကို ကြောက်သွားသည့်ပုံဖြင့် ခန့်လူကို ရန်ပြန်လုပ်ပြန်သည်။

"ရှင်ဟာလေ သိပ်ကိုအကြံပက်စက်တယ် သိလား၊ ကျွန်မ အဖေသာ တစ်ခုခုဖြစ်ကြည့်၊ ရှင် အသေပဲ သိလား"

ရင့်သီးစွာ ကျိန်းဝါးသွားသော ခင်ရဲတိုက့်စကားကြောင့် ခန့်လူ ဒေါသထွက်သွားသည်။ ကိုယ်မှားသွားမှန်း သိပေမယ့် ခုလိုပုံစံမျိုး ကျိန်းဝါးသွားတာကတော့ တဆိတ်လွန်လွန်းသည်ဟု ထင်ပါသည်။

"အေး . . အဲဒါဆိုရင် မင်းအဖေကိုလည်း မင်းမေးထားလိုက်လေ၊ သားမက်ကို ပေါက်ကရတွေ မမေးနဲ့လို့"

"ဘာ . . ရှင် . . ရှင်က ကျွန်မအဖေကိုများ ရာရာစစ"



www.burmeseclassic.com

www.burmeseclassic.com



ခင်ရဲတိုက် ဒေါသဖြစ်လွန်း၍ ဆွေ့ဆွေ့ခုန်၍နေ၏။ ခန့်လူကလည်း ဒေါသဖြစ်သည့်ပုံဖြင့် အခန်းထဲမှ ထွက်လာခဲ့လိုက်သည်။

ရန်ဖြစ်သည်ကို အခွင့်အရေးယူပြီး ဒီညလည်း ဟသ်ာဆီသွားလိုက်ဦးမှ. . . ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၈)

"ဟာင်. . ကိုခန့် ဘာဖြစ်လာတာလဲ"

"ကိုယ် ဒီည ဒီမှာအိပ်မယ်"

ဟာသ်ာ ပြုံးလိုက်သည်။

"ဘာဖြစ်လာလို့လဲကိုခန့်ရယ်၊ ဘာလဲ. . ဟာသ်ာနဲ့ ညဂ အတူရှိနေတာကို သိသွားလို့လားဟာင်"

"မဟုတ်ဘူး၊ တခြားပြဿနာလေးကြောင့်ပါ"

"ဘာပြဿနာလဲ"

ဟာသ်ာကလည်း မိန်းမသားပီပီ စပ်စုချင်သည်မို့ ဖြစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ရယ်ကုန်စင်ကို အကုန်ပြောပြလိုက်သည်။ ခန့်လူ စကားအဆုံးတွင် ခင်ရဲတိုက်လို သူ့ပထွေးအဘိုးကို ပေါက်ကရဆေးတွေ ညွှန်းလိုက်ရသလားဆိုပြီး စိတ်မဆိုးဘဲ ခွက်ထိုးခွက်လန် ရယ်တော့သည်။

"ကိုခန့်ရယ်၊ အကြံပေးစရာရှားလို့ အသက်က တော်တော်လေးကို ကြီးနေပြီ၊ ကိုခန့်ဆေးကြောင့် ရှော့ခ်ဖြစ်သွားရင် ဘယ့်နှယ့်လုပ်မလဲ၊ အဟင်း. . ဟင်း. . ခိခိခိ အဘွားလည်း တော်တော်လေး ပင်ပန်းသွားမှာပဲ"

"အဟတ်ဟတ်. . ကိုယ်လည်းမသိဘူးလေ၊ ဘော်ဒါတစ်ယောက်က တစ်ခါတုန်းက အဲသလို ရယ်စရာအဖြစ် ပြောသံကြားတော့ ကိုယ်ကလည်း အဘိုးဆေးဆိုင်မှာ မဝယ်ဖြစ်လောက်ဘူးဆိုပြီးတော့ လျှောက်ပြောလိုက်တာ တကယ်သွားဝယ်တယ်ဗျ"

ဦးစိန်တိုက်တို့လုပ်ပုံများ ပြောမဆုံးပေါင် တောသုံးထောင်ဝင်။

"အဲဒါနဲ့ ကိုယ်လဲ အိမ်ကမိန်းမနဲ့ စကားများပြီး ထွက်လာတာ"

"ဒါပေမယ့် ညတိုင်းလာနေလို့ မသင့်တော်ဘူးလေ ကိုခန့်ရယ်၊ အဘွားက ယောင်နောက်ဆံထုံးပါ လိုက်သွားပြီး မြေးလုပ်တဲ့သူက အိမ်ထောင်ရှိယောကျ်ားတစ်ယောက်နဲ့ ဖောက်ပြန်နေတယ်ဆိုတာကြီးကျတော့ သိပ်မကောင်းဘူး ထင်တယ်နော်"

"ကိုယ်သိပါတယ်၊ ဒါပေမယ့် ကိုယ်မှ ဒီကိုမလာဘဲ မနေနိုင်တာ၊ ခုချိန်ဆိုရင်လေ ဟိုအိမ်မှာ ဇီဇာကြောင်တဲ့ အဘိုးကြီး အဘွားကြီး နှစ်ယောက်ကြားမှာလေ ကိုယ် အငြိမ်ကိုမနေရဘူး၊ ခု ဒီမှာ လျှောတော့ ဘယ်လောက်အေးဆေးလိုက်သလဲ၊ မိန်းမရဲ့ ပူညံပူညံအသံတွေကိုလည်း မကြားရတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းဖြင့် ဟာသ်ာဖြူ၏ ပုခုံးကို ဆွဲဖက်လိုက်သည်။

"တော်ပါ. . အဲဒီလို အပြောကောင်းလို့လဲ၊ လူပျိုတုန်းက ရည်စားအယောက်နှစ်ရာလောက်ထားပြီး ဂရင်းနစ်စံချိန် တင်ခဲ့တာ မဟုတ်လား၊ ခုရော ဟာသ်ာလိုမျိုး ဘယ်နှစ်ယောက်ရှိသေးလဲ"

နှုတ်ခမ်းစူထော်ကာ မျက်စောင်းရွယ်ရင်း ပြောနေသော ဟာသ်ာ၏ပါးကို လက်နှင့်ဖျစ်လိုက်ပြီး ဟာတ်ခနဲ ရယ်လိုက်ကာ. . .

"မရှိပါဘူးကွာ၊ ခုမှ ဟာသ်ာ တစ်ယောက်ထဲပါ၊ ဒါတောင် ဟာသ်ာက ကိုယ့်ချစ်ဦးသူဖြစ်ခဲ့လို့ ကဲပါကွာ ကိုယ်ဗိုက်ဆာပြီ၊ အိမ်က နေ ဘာမှစားမလာဘူး၊ ဟာသ်ာရဲ့ လက်ရာလေးကို စားချင်တယ်"

ပတ်ချွဲနှပ်ချွဲပြောနေသော ခန့်လူကို ဟာသ်ာ မြတ်နိုးခုံမင်စွာ မော့ကြည့်လိုက်ပြီး. . .

"ဒါဆို ခဏစောင့်၊ ဟာသ်ာ ထမင်းပွဲ သွားပြင်လိုက်ဦးမယ်"

"OK မြန်မြန်နော်၊ ဗိုက် အရမ်းဆာနေပြီ"

ကိုယ့်ချစ်ခဲ့ဖူးသူမို့သာ ဟာသ်ာ မျက်စိစုံမှိတ် ချစ်ခဲ့ရပေမယ့် တကယ်တမ်းမှာတော့ ဟာသ်ာဟာ အပြစ်အကြီးကြီးကို ကျူးလွန်ခဲ့ မိတဲ့သူပါ။ တွေးရင်းဖြင့် ရင်ထဲမှာ နာကျင်လာသည်။ ထိုအမှားမျိုး မှားမိဖို့ ဟာသ်ာ တစ်ခါမှမစဉ်းစားခဲ့ဖူးပါ။

ခုတော့ ရင်ထဲမှ အချစ်လက်ကျန်နှင့် အတွေ့အထိ ပေါင်းစပ်မိပြီးသည့်နောက်မှာတော့ ဟာသ်ာ မလွန်ဆန်နိုင်စွာ မှားခဲ့မိပါသည်။ ဘဝမှာ ဒီတစ်ကြိမ်သာ မှားယွင်းတော့မှာမို့ ချစ်သူ ဆက်ချစ်ခွင့်လေးပေးပါတော့။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၉)

"မြမ မနေ့ကလေ စပယ်၊ ကိုခန့်လူကို ဗိုလ်ချုပ်ဈေးမှာ တွေ့ခဲ့တယ်"

ဘာမဟုတ်သည့်ပြဿနာကို အကြောင်းပြုပြီး အိမ်ကထွက်သွားသည့် ကိုယ့်ယောကျ်ားက ဗိုလ်ချုပ်ဈေးကို ဘာသွားလုပ်ပါလိမ့်၊ ဗိုလ်ချုပ်ဈေးမှာ တခြားအလုပ်ကိစ္စများရှိ၍လားဟူသော အတွေးဖြင့်

"ဟုတ်လား၊ အလုပ်ကိစ္စနဲ့သွားတာ နေမှာပေါ့၊ စပယ်လေး ယ်"

စပယ်ခေါင်းမှ ဆံစတွေကို ဖြောင့်စက်နှင့်ဆွဲကာ ခပ်ပေါ့ပေါ့



www.burmeseclassic.com

www.burmeseclassic.com



ပင်ဖြေလိုက်သည်။ စပယ် တစ်စုံတစ်ခုကို ထပ်ပြောချင်ဟန်ဖြင့်. . ခင်ရဲတိုက်ကို မှန်ထဲမှ ဖျတ်ခနဲ လှမ်းကြည့်သည်။

"ဟိုလေ. . စပယ် ဘယ်လိုပြောရမလဲ မသိဘူး၊ စပယ် သိထားတာကို ပြောပြချင်တယ်၊ ဒါပေမယ့် စပယ်ကြောင့် မမတို့ အိမ်ထောင်ရေး ပျက်စီးသွားမှာလဲ ကြောက်တယ်၊ တစ်ဖက်က ပြန်တွေးကြည့်တော့လည်းလေ၊ မိန်းမချင်း ကိုယ်ချင်းစာချင်စိတ်နဲ့ ပြောပြချင်တယ်"

နိဒါန်းတွေ တော်တော်ချီနေသော စပယ့်ကို မှန်ထဲမှနေ၍ ထူးဆန်းစွာ အကဲခတ်လိုက်ပြီး. . .

"စပယ်က မမကို ဘာပြောချင်လို့လဲ၊ ပြောလေဘာလဲ မမ အမျိုးသား နောက်ကောင်မလေးနဲ့ တွဲသွားတာ မြင်လိုက်လို့လား"

မဖြစ်နိုင်သည့် အရာတစ်ခုကို ဦးတည်၍ မေးလိုက်သည်။

စပယ် ခေါင်းတဆတ်ဆတ်ညိတ်ကာ. . .

"ဟုတ်. . ဟုတ်တယ် မမ"

"ဟင်. ."

အာမေဋိတ်သံ ခပ်တိုးတိုး ရွတ်လိုက်ပြီး ပြုံးလိုက်သည်။

"ဟုတ်တယ် ညီမလေးရဲ့၊ တစ်ခါတစ်လေ သူ့ရုံးက အလုပ် သင်အင်ဂျင်နီယာမလေးတွေနဲ့ လုပ်ငန်းပရောဂျက်အတွက် အပြင် အတူတူထွက်တာတို့ ကော်ဖီဆိုင်ထိုင်တာတို့ ရှိတယ်၊ အလုပ်စကား ပြောရင်းနဲ့ ထိုင်ဖြစ်ကြတာ၊ ယောကျာ်းလေးအချင်းချင်းဆိုရင်တော့ ဘီယာဆိုင်တွေဘာတွေ ထိုင်လို့ကောင်းပေမယ့် မိန်းကလေးကျ တော့ ဘီယာဆိုင်ထိုင်လို့ မဖြစ်ဘူးပေါ့"

ကိုယ်ချစ်ခဲ့လို့သာ မိဘသဘောတူ၍ ပေးစားတာကို တစ် ချက်ကလေးမှ ငြင်းဆန်ခြင်းမရှိဘဲ လက်ခံခဲ့တဲ့ယောကျာ်းအပေါ်



www.burmeseclassic.com

www.burmeseclassic.com



ခင်ရဲတိုက် သဘောထားကြီးကြီးနှင့် နားလည်ပေးနိုင်ခဲ့ပါသည်။

တစ်ခါတစ်ရံ သူ့ရှုံးမှုကောင်မလေးတွေကို ဆိုင်ခေါ်လာပြီး ဖောက်သည်အသစ်ရှာပေးသောယောက်ျားမို့ သဝန်မတိုသည့်အပြင် မိန်းမအလုပ်အပေါ် အလေးအနက်ထား၊ ကူညီပေးတတ်သူဟု ကြံဖန်ကျေးဇူးတင်နေမိသေးသည်။

"အဲ. . အဲလို ပုံစံမျိုးနဲ့ တွေ့တာမဟုတ်ဘူးမမရဲ့၊ အလုပ်ကိစ္စနဲ့ တွဲသွားတွဲလာလုပ်တယ်ဆိုရင်လေ ပခုံးလည်းမဖက်ဘူး၊ လက်ချင်းလည်း ချိတ်မှာမဟုတ်ဘူး၊ ခုဟာက ပခုံးကိုလည်းဖက်တယ်၊ လက်ချင်းလည်း ချိတ်ကြတယ်၊ မမများ သိချင်မလားဆိုပြီး စပယ်လေ ဓါတ်ပုံတောင် ရိုက်ခဲ့သေးတယ်"

"ဘယ်လို ဓါတ်ပုံပါ ရိုက်ခဲ့တယ် ဟုတ်လား"

ရင်ထဲမှာ မထိတ်ဘဲ မနေနိုင်တော့။

"ပြ. . ပြစမ်း"

စပယ် သူ့ကျောပိုးအိတ်ကလေးထဲမှ ဖုန်းကိုထုတ်လိုက်ပြီး ခင်ရဲတိုက်ကို ပေးလိုက်သည်။

လက်ထဲမှ ဖြောင့်စက် မီးခလုတ်ကို ပိတ်ကာ စပယ့်ဖုန်းကို လှမ်းယူပြီး ကင်မရာဖိုင်ကို ဖွင့်လိုက်သည်။

"ဟင်. . သူ. . သူက ဘယ်သူလဲ"

ခန့်လူလက်ကို ဖက်တွယ်ပြီး လျှောက်လာသော ဟသ်ာ မျက်နှာကို ခင်ရဲတိုက် သဲကွဲစွာ မမြင်ရ၊ ခွေလိမ်နေသော ဆံစတွေ ကွယ်ရုံတင်မဟုတ် မျက်နှာက ဘေးတိုက်အနေအထားမို့ မည်သူမည်ဝါဆိုတာ မသဲကွဲ။

"အစ်မကြီးက ရုပ်တော့လှတယ်၊ စပယ်လည်း သူတို့မမြင်အောင် ခိုးရိုက်ရတာမို့ သေချာမရိုက်လိုက်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



စပယ့်စကားသံတွေ ကြားတစ်ချက် မကြားတစ်ချက် ရင်ထဲမှာဒေါသလှိုင်း ထန်နေသည်။ ခန့်လူဟာ လူပျိုတုန်းက မိန်းမရှုပ်သည်ဆိုတာကို အရိပ်အမြွက်သိထားပေမယ့် လက်ထပ်ပြီးကတည်းက ကိုယ့်အပေါ် ယခုလို ဖောက်ပြန်လိမ့်မယ်ဟု မတွေးခဲ့ဘူး။

အမြတ်တမ်း ဂရုတစိုက်နှင့် အလျှော့ပေး ဆက်ဆံခဲ့သည့်အတွက် သူ့အပေါ် ယုံကြည်မှုပိုခဲ့တာဟာ ခင်ရဲ့တိုက်၏ ညံ့ဖျင်းမှုတစ်ခုပါပဲ။

"မမ စိတ်မကောင်းဖြစ်နေလားဟင်"

စပယ့်အမေးကြောင့် ဝဲစပြုနေသည့် မျက်ရည်တို့ကို ဟန်မပျက် ပုတ်ခတ်သိမ်းလိုက်ပြီး. . .

"ဟင့်အင်း မဖြစ်ပါဘူး ခံပြင်းနေတာ၊ အဲဒီမိန်းကလေးက မမထက် ဘာများသာလို့ သူက ခုလိုဖောက်ပြန်ရတာလဲ ဆိုတာကို သိချင်တာ"

ရင်ထဲမှာ နာကျင်လိုက်သည့်ဖြစ်ခြင်း။

"စပယ့်ကြောင့် မမ ခုလိုစိတ်ဆင်းရဲသွားရတာ စပယ် ပြောပြမိတာ မှားပြီထင်တယ်"

"ဟင့်အင်း မမှားပါဘူး၊ စပယ့်ကို မမ ကျေးဇူးတင်တယ်၊ ဒီကိစ္စဆိုတာက အကြမ်းနည်းသုံးလို့မှ မရတာ၊ မမ ကောင်းကောင်းကိုင်တွယ်တတ်ပါတယ်၊ စပယ်ကသာ မမကို ကူညီလက်စနဲ့ ဆက်ပြီးကူညီ"

"ဟုတ်. . စပယ် ဘာကူညီရမလဲ မမ"

"သူတို့ကို နောက်တစ်ကြိမ်တွေ့ရင် မမကို အကြောင်းကြားပေးပါ၊ မမ အရောက်လာခဲ့မယ်"

"ဟုတ်ကဲ့ပါ မမ"



www.burmeseclassic.com

www.burmeseclassic.com



"အဲ. . မဟုတ်သေးဘူး၊ သူတို့နဲ့ ထိပ်တိုက်မတွေ့ဘူး၊ မမ အရင်ဆုံး လုပ်ရမှာကလေ အဲဒီအမျိုးသမီးနဲ့ အရင်ဆုံးတွေ့အောင် လုပ်ရမှာ"

"ဟုတ်. . စပယ် ကူညီမယ်လေ၊ သူ ဘယ်မှာနေတယ်ဆို တာ မသိပေမယ့် စပယ်ရအောင် စုံစမ်းပေးပါ့မယ်"

"ကျေးဇူးပဲ စပယ်"

သောကတွေကို ခဏသိမ်းထုတ်ပြီး လုပ်ငန်းခွင်ထဲမှာ စိတ် ကိုပြန်နှစ်လိုက်သည်။ စပယ် ဆံပင်ပြင်ပြီးလို့ ပြန်သွားတာတောင် ဖုန်းထဲမှ ခန့်လူနှင့် ထိုအမျိုးသမီး၏ ပုံရိပ်က အာရုံထဲမှာ ဖျောက် ဖျက်ပစ်လို့မရ။

"မမနတ်သမီးရေ"

အတွေးအချို့ဖြင့် အလုပ်တွေလုပ်နေတုန်း ဟသ်ာဖြူ၏ အသံချိုကြည်ကြည်လေးဖြင့် ဆိုင်ထဲဝင်လာသည်။

"ဩော်. . ငှက်ကလေး"

ဟသ်ာဖြူ၏ နာမည်ပြောင် ငှက်ကလေးဆိုတာပဲသိသူ ခင် ရဲတိုက်မှာ ကိုယ့်ကာစတန်မာတွေထဲမှာ ငှက်ကလေးကိုမှ ထူးထူး ခြားခြား ခင်မိသည်။ သူလေးက ပွင့်လင်းသည်။ နေတာထိုင်တာ ဆိုရှယ်ကျသည်။ ဆိုင်ကိုလည်း အမြဲလာနေကျဖောက်သည်မို့ ခင် မိတာ သိပ်တော့မဆန်း။

"မမနတ်သမီး၊ မျက်နှာလဲ မကောင်းပါလား၊ နေမကောင်း ဘူးလား"

ဟန်မဆောင်တတ်သော ခင်ရဲတိုက်၏မျက်နှာပေါ်မှ သော ကအချို့ကို ဟသ်ာ ဖတ်လိုက်မိသည်။

"ဒီလိုပေါ့ ငှက်ကလေးရယ်၊ စောစောကမှ စိတ်ညစ်စရာ

www.burmeseclassic.com



သတင်းတစ်ခုကို ကြားမိတယ်လေ"

"ဟွန်း . . ဒီက ချစ်သူရသွားပြီဆိုတာကို ပြောဖို့ မမနတ် သမီးဆိုင်ကိုလာတာ၊ ပြီးတော့ ဆံပင်ကာလာပြောင်းမယ်၊ ဆံသား ဆက်မယ်၊ အရင်ကထက် ပိုလှအောင် လုပ်ရမှာနော်"

ဟာသ်ာ ဆုံလည်ထိုင်ခုံတွင် ဝင်ထိုင်လိုက်ပြီး ဘီးခြင်းထဲမှ ဘီးကြဲကြီး တစ်ခုကိုယူကာ သူ့ဆံပင်တွေကို ဖြီးလိုက်သည်။

"မမ ဘာတွေ စိတ်ညစ်စရာ သတင်းလဲဟင်"

"မသိချင်ပါနဲ့ဦး၊ နောက်တော့ပြောပြမယ်၊ ဒါနဲ့ ဌက်က လေးက ချစ်သူရသွားပြီဟုတ်လား၊ ပြောပါဦး . . အဲဒီလူက ဌက်က လေးကို တော်တော်ချစ်ရဲ့လား"

ကိုယ့်သောကကိုဘေးချိတ်၊ တစ်ပါးသူ၏ စိတ်ချမ်းမြေ့စရာ ကိုသာ အရင်မေးလိုက်သည်။ ဘာပဲဖြစ်ဖြစ် မုဒိတာပွားလို့ရတာပေါ့။

"ချစ်သူဖြစ်ခဲ့တာတော့ ဟိုးအရင်ကတည်းကပါ၊ ဒါပေမယ့် သူက လက်ထပ်သွားတယ်လေ၊ မိဘပေးစားတဲ့သူနဲ့ပေါ့၊ ဒါပေမယ့် ခုတော့ စိတ်သဘောထားချင်း မတိုက်ဆိုင်လို့ သူတို့ အိမ်ထောင်ရေး ပြိုကွဲသွားတော့မှ ပြန်ဆုံကြတာ၊ မထင်မှတ်ပဲ ပြန်တွေ့ကြရပေမယ့် ရင်ထဲမှာ တော်တော်လေးပျော်မိတယ်"

"အဲဒါနဲ့ ဌက်ကလေးက ပြန်လက်ခံလိုက်တယ်ပေါ့"

ယောကျ်ားတွေအားလုံး အတူတူတွေပါလား၊ အချစ်ဆိုတာ ကို ကွမ်းယာတစ်ယာလောက်တောင် တန်ဖိုးမထားတတ်တာလား။

"လက်မခံလို့ မရတော့ဘူး မမရယ်"

"ဟင် ဘာဖြစ်လို့လဲ"

"တစ်ရက် အိမ်မှာဘယ်သူမှမရှိတုန်း သူရောက်လာတယ်၊ အခန်းထဲက မီးချောင်းပျက်လို့ တက်ဖြုတ်နေတာကို သူက အမြင်မ



www.burmeseclassic.com

www.burmeseclassic.com



တော်လို့ ဝင်ကူပြီး ခုံပေါ်က ပြုတ်ကျတယ်၊ ပြီးတော့ ညီမရဲ့ ကိုယ်ပေါ်ကို ပိကျပြီး နှစ်ယောက်သား ကြမ်းပြင်ပေါ် လဲကျသွားတယ်၊ နောက်ပြီးတော့. . သူ. . သူကလေ ညီမကို လုံးဝမလွှတ်ပဲ. . အဟင်း. . ခစ်. . ခစ်. . ခစ်"

ဟသ်ာ ဒီထက်ပိုပြီး ပြောမထွက်တော့၊ ဒီလိုကိစ္စမျိုးဆိုတာ ဖြစ်ကြောင်းကုန်စင် ပြောပြလို့ရတဲ့ ကိစ္စမှမဟုတ်တာပဲလေ။

"အဲ. . အဲဒါနဲ့ ဌက်ကလေးက သူ့ကို လက်ခံလိုက်တယ်ပေါ့"

အညှာလွယ်လိုက်တဲ့ ကလေးမရယ်ဟု ညီမချင်း စာနာစွာ မချင့်မရဲ ဖြစ်မိသည်။ သူက ကိုယ့်ကို အတည်လက်မထပ်လျှင် ဘယ့်နှယ်လုပ်မတုန်း၊ ကုန်ရှုံးတာက ပြန်ရင်းလို့ရတယ်၊ လင်ကုန်ရှုံးတာက ဘဝတစ်သက်စာ ဘယ်တော့မှ ပြန်ပြင်လို့မရသည့် အမှားကြီး။

"လက်မခံလို့လည်း ဘယ်ရတော့မလဲ မမရယ်၊ သူနဲ့အဲ့လိုကြီး တိတ်ဆိတ်တဲ့အချိန်မှာ အနီးကပ် မနေဖူးဘူး၊ အဲဒီနေ့က ညီမလည်း ဘာဖြစ်သွားမှန်းကို မသိဘူး၊ ဟို. . ဘယ်လိုပြောရမလဲ. . အ. . အတွေ့ဆိုတာကို ညီမလည်း မလွန်ဆန်နိုင်ခဲ့ဘူး"

"ဘုရားရေ. . ကလေးမရယ်၊ ဒါ. . ဒါဆို သူနဲ့ living together ဖြစ်ပြီးပြီပေါ့"

ဌက်ကလေးအတွက်ပါ ပို၍ ရင်မောသွားရသည်။ မိန်းကလေးတွေဆိုတာ ခံဘက်ကချည်းပဲဆိုတာ ဌက်ကလေး မသိသေးပါလား။

"ခုရော. . သူက သူ့အိမ်ထောင်နဲ့ ကွာရှင်းပြီးပြီတဲ့လား"

"ကွာတော့မကွာရသေးဘူး၊ ဒါပေမယ့် လင်ခန်းမယားခန်းကတော့ ပြတ်နေတာ ကြာပြီတဲ့၊ သူ့အမျိုးသမီးက သူ့ကိုနှိမ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အရမ်းမောက်မာတဲ့အပြင် ကျွန်တစ်ယောက်လိုပါ ဆက်ဆံတာတဲ့ ညီမလည်း သနားသွားမိတယ်"

"ဘာပဲဖြစ်ဖြစ်. . သူ့ကို တစ်ဖက်နဲ့ ပြတ်ပြတ်သားသားဖြစ် အောင် ကွာရှင်းခိုင်းလိုက်ပေါ့ ဌက်ကလေးရယ်၊ ဒါမှ ဌက်ကလေးရဲ့ ဂုဏ်သိက္ခာ မကျဆင်းမှာ"

"အင်း. . ဟုတ်တယ်နော်၊ မမပြောသလို ညီမ သူ့ကို ကွာ ရှင်းခိုင်းမှ ဖြစ်မယ်၊ နို့မို့ဆို ညီမက အငယ်အနှောင်း ဘဝကို အော် တိုရောက်သွားမှာ"

မမနတ်သမီး ပေးသောအကြံကို ဟသာ အကောင်အထည် ဖော်ရမည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၀)

ဒီနေ့တော့ ခင်ရဲတိုက် ခါတိုင်းထက် အလှတွေ ပိုပြင်ထားမိသည်။ ကိုယ့်ယောကျ်ားက အိမ်ထောင်ရေးဖောက်ပြန်သည်ဆိုတာ ကိုယ့်ထက် တစ်ဖက်မိန်းကလေးက ပိုလှပြီး ပိုဆွဲဆောင်မှုရှိတာလဲ ဖြစ်နိုင်သည်လေ။

"ကို. ."

အမြဲတမ်း ကိုခန့်ဟုသာ ကဗျာမဆန်စွာ ခေါ်တတ်ခဲ့သည်။ ခုလို ကိုဟု ခပ်နွဲ့နွဲ့ခေါ်ကြည့်ဖို့ တစ်နေ့လုံး လျှာတပြင်ပြင်နှင့် လေ့ကျင့်ခဲ့ရတာ ထိုသို့မှမကျင့်လျှင်. . ကိုယ်က ဘေးထွက်ဘော ဖြစ်ရ



www.burmeseclassic.com

www.burmeseclassic.com



တော့မည်။

"ကိုယ့်ကို ခေါ်တာလား"

ခန့်လူထံမှ အူကြောင်ကြောင် အမေးကြောင့် ခင်ရဲတိုက် ခပ်ညှုညှု ပြန်ကြည့်လိုက်ပြီး. . .

"ကြည့်. . ကိုယ်ယောက်ျားကိုမခေါ်လို့ သူများက ဘယ်သူ့ကို ခေါ်ရမှာလဲလို့"

လက်တစ်လုံးကြိုးချည် ဂါဝန်လေးနှင့် မလုံ့တလုံ မပေါ့်တပေါ်လေးဖြင့် ခေတ်ဆန်ဆန်လှနေသော ခင်ရဲတိုက်ကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး. . .

"မင်္ဂလာပွဲက ပြန်လာပြီး မိတ်ကပ်တွေ မဖျက်ရသေးဘူးလား"

"အို. . ဖျက်စရာလား၊ တမင်လိမ်းထားတဲ့ဟာကို"

"ဟမ်. . ဘယ်လို တမင်လိမ်းထားတာ ဟုတ်လား"

"အင်းပေါ့၊ ကိုယ့်ယောက်ျားရှေ့မှာ လှတပတလေး နေပြမလားလို့ စိတ်ကူးဆန်းဆန်းလေး ဝင်လာတာနဲ့ ခုလိုမျိုး ပြင်ကြည့်တာ. . ဟီး. . ဟီး"

တစ်ခါမှ မပေါဘူးသော ခင်ရဲတိုက်ကိုကြည့်ပြီး ခန့်လူ တော်တော်လေး အံ့ဩနေသည်။

ဒီမိန်းမ အကောင်းကြီးကနေ ဘာထဖောက်တာပါလိမ့်၊ မဟုတ်မှလွဲရော အပေါ်ထပ်က အိုနာရှုတ်တွကြီးတွေရဲ့ ညားခါစ ကြင်နာနေကြတာကိုကြည့်ပြီး အားကျသွားလို့လား။

"ကို. . ဝိုင်သောက်မလား"

ပခုံးကို မေးတင်ပြီး ချွဲပစ်ပစ် မေးလာပြန်သည်။

"ဝိုင်. . ဟင့်အင်း မသောက်ပါဘူး၊ ကိုယ် ရေချိုးလိုက်ဦး



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ပြီးရင်. . ဒယ်ဒီကို ဆေးလိမ်းပြီး နှိပ်ပေးရဦးမယ်၊ မိထွေးယောက္ခမကို ဆေးတိုက်ရဦးမယ်”

“အမလေး ကိုရယ်၊ အဲဒီအလုပ်တွေအားလုံး သူများလုပ်ပြီးသွားပြီ. . သိလား၊ အဟင်း. . ကို ခုတစ်လောပင်ပန်းနေတာ သူများသိတာပေါ့၊ ဒီညတော့ ဘာအလုပ်မှ မလုပ်ဘဲ သက်တောင့်သက်သာလေး အိပ်ရအောင်နော်”

“အင်း . . အိပ်တာပေါ့၊ ဟို. . ကိုယ်လေ အလုပ်တွေ ပါလာတယ်၊ ရုံးအလုပ်လေးတွေ ပြီးရင်တော့ အိပ်ကြတာပေါ့”

ဒီမိန်းမ ဒီနေ့ကျမှ ထူးထူးခြားခြား ဘာတွေဖောင်းထနေပါလိမ့်၊ အကြောင်းတစ်ခုခုတော့ ရှိရမယ်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၁)

"ကိုခန့် ဟသ်ာကို တကယ်မှ ချစ်ရဲ့လားဟင်"

ရုံးကခွင့်ယူပြီး ဟသ်ာအိမ်မှာ လာခွေနေသော ခန့်လူ၏ ရင်ခွင်ထဲမှာ ဟသ်ာ ရတက်မအေးနိုင်။

"ဩော်. . ဟသ်ာရယ်၊ ချစ်လို့ ဟသ်ာနဲ့ ခုလိုနေနေတာ ပေါ့"

"ဒါဆိုရင် ကိုခန့်မိန်းမနဲ့ ကွာရှင်းလိုက်တော့လေ၊ ခုလို မပြတ်မသားပုံစံကြီးနဲ့ ဟသ်ာ ကြာရှည်မခံစားနိုင်ဘူး၊ ကိုခန့်ကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်လွန်းလို့သာ ဟယ်သ်ာ မငြင်းဆန်ခဲ့တာပါ။ အခု ဟယ်သ်ာ အခြေအနေကလေ မယားငယ်ဘဝကိုရောက်နေပြီ သိလား၊ ဒီကိစ္စကို အဘွားသာသိရင် ဟယ်သ်ာကို ထတောင်သတ်မလားပဲ”

“ဟယ်သ်ာမပြောရင် မသိပါဘူး ဟယ်သ်ာရယ်၊ ကိုယ်လည်း အိမ်ကမိန်းမနဲ့ ကွာရှင်းဖို့ ပြောထားပါတယ်၊ သူ့ဘက်က အင်တင်တင်ဖြစ်နေတာ”

အပြစ်အားလုံးကို ခင်ရဲတိုက်အပေါ် ပုံချမိသည့်ကိုယ့်အဖြစ်ရှက်တော့ ရှက်စရာကောင်းပါသည်။

“ဒါ သူနှိပ်စက်တုန်းက နှိပ်စက်ထားပြီး ခုမှ လွတ်တဲ့ငါးကြီးစရာလား. . ဟွန်း. . ”

“ဘာပဲဖြစ်ဖြစ် ကိုယ်ရအောင် ကွာရှင်းမှာပါ ဟယ်သ်ာရယ်၊ ကိုယ့်ဆန္ဒအရဆိုရင်လေ ခုချက်ချင်းတောင် တရားဝင်ကွာရှင်းပြီး ဟယ်သ်ာနဲ့ ခုချက်ချင်း လက်ထပ်လိုက်ချင်တာပါ”

“တင်းတောင်. . တင်းတောင်. . ”

“ဟင်. . တံခါးဘဲလ်သံကြားတယ်၊ ဘယ်သူပါလိမ့်”

နှစ်ယောက်သား အိပ်ယာပေါ်မှာ အေးအေးဆေးဆေးစကား ပြောတုန်းရှိသေးသည်။ အပြင်မှ လူခေါ်ဘဲလ်သံကြောင့် ဆတ်ခနဲ ထထိုင်လိုက်ကြသည်။

“ဟော့တော် ဘယ်သူလာပါလိမ့်”

“ဟယ်သ်ာဆီလာတဲ့ သူငယ်ချင်းတွေများလား”

“ဟင့်အင်း. . ဟယ်သ်ာဆီကို ဘယ်သူငယ်ချင်းမှ မလာတတ်ဘူး၊ အဲ. . အဲဒါမှ. . ဒုက္ခ၊ အဘွားများလား”

“အင်း. . ဖြစ်နိုင်တယ်၊ ညက ထမင်းဝိုင်းမှာ ငါ့မြေးလေးကိုသတိရတယ်၊ သွားဦးမှလို့ ပြောသံကြားတယ်”



www.burmeseclassic.com

www.burmeseclassic.com



ဟသ်ာ မျက်လုံးပြူးသွားသည်။

"ဘုရားရေ အဲဒါဆိုရင် ဒုက္ခပါပဲ၊ ကိုခန့်ကို အဘွားမြင်သွားလို့ မဖြစ်ဘူး"

"ဒါဆို ကိုယ်သွားမှ ဖြစ်မှာပေါ့။ သွား. . သွားတော့မယ်နော်၊ တာ့တာ နောက်နေ့တွေ့မယ်"

ခုတင်ထက်မှ ငေါက်ခနဲထကာ အခန်းအပြင်ကို ထွက်ဖို့ပြင်သည်။

ဟသ်ာ အတင်းလှမ်းဆွဲပြီး. . .

"ဟာ. . အိမ်ရှေ့က ဘယ်လိုထွက်လို့ ရမှာလဲ၊ အဘွားဆိုရင် တန်းတိုးတော့မှာပေါ့။ ပြန်ချင်ရင် ဟောဒီပြူတင်းပေါက်ကနေ ခုန်ဆင်းလိုက်"

"အယ်. . ဘယ်လို. . ခုန်ဆင်းရင် သေသွားမှာပေါ့"

"နိမ့်နိမ့်လေးပဲကို"

"ဒါ. . ဒါပေမယ့်. . ကိုယ်. . ကိုယ်အမြင့်ကြောက်တာ ဟသ်ာ သိသားနဲ့ကွာ"

"တင်းတောင်. . တင်းတောင်. . "

"အမလေး၊ ဘဲလ်က အဆက်မပြတ် တီးနေပါလား. . ဒုက္ခပါပဲ"

"သွားဖွင့်ပေးလိုက်၊ ကိုယ် ရေချိုးခန်းထဲ ဝင်ပုန်းနေလိုက်မယ်"

"ဟသ်ာ ခပ်သွက်သွက် ထွက်သွားသည်နှင့် ခန့်လူ ရေချိုးခန်းတံခါး လက်ကိုင်ဘုကို ဆွဲဖွင့်သည်။ တံခါးက မပွင့်။

"ဟာ သောက်ရေးထဲ တံခါးက ဘာဖြစ်လို့ဖွင့်မရတာလဲ"

"အဘွားကလည်း လာမယ်ဆိုရင်လည်း ကြိုဖုန်းဆက်ပေါ့



www.burmeseclassic.com

www.burmeseclassic.com



အဘွားရယ်"

အိမ်ရှေ့မှအသံကို ကြားနေရသည်။

"သောက်ကျိုးနဲ့ အဲဒါမှဒုက္ခ၊ အဘွားကြီး ငါ့ကို တွေ့သွားလို့ မဖြစ်ဘူး"

ခန့်လူ တစ်ယောက်ထဲ ဗျာများပြီး နောက်ဆုံး ကြံရာမရသည့်အဆုံး ဟသ်ာ၏ ခုတင်အောက်ထဲ ဝင်ပုန်းထိုးဝင်ပြီး နေလိုက်သည်။

"အမလေး စားထားလိုက်တာလဲ မွစာကြဲနေပါလား၊ အိမ်ကလည်း ရှုပ်ပွနေတာပဲ၊ အဲ. . နေစမ်းပါဦး၊ စားထားတာ နှစ်ပန်းကန်တောင် ညည်း ဘယ်သူနဲ့ စားထားသောက်ထားတာလဲ"

"ဟသ်ာ တစ်ယောက်ထဲပေ့ါ"

"အို. . မယုံပါဘူး၊ ဘာလဲ ညည်းအကောင်ကိုခေါ်ပြီး အိမ်ပေါ်မှာ တွေ့နေတာလား၊ ငါ ပြောပြီးသားနော်၊ ဗိုက်ထပ်ထွက်လာလို့ကတော့ ဒီတစ်ခါ ကိုယ့်သမိုင်းကိုရေး"

"အို. . အဖွား ဘာတွေပြောနေတာလဲ၊ တိုးတိုးသက်သာပြောပါ"

အဖွားကြီးကြာ၏ အပြစ်တင်စကားနှင့် ဟသ်ာ၏ ဗျာဗျာသလဲ နှုတ်ပိတ်ဟန့်တားသံကြောင့် ခုတင်အောက်တွင် ဝင်ပုန်းနေသော ခန့်လူ ခေါင်းထောင်လာသည်။

ဗိုက်ထပ်ထွက်လာလို့ ဆိုသည့်စကားက ဘာလဲ၊ အရင်က ဟသ်ာ ဗိုက်ကြီးဖူးလို့လား၊ စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်သွားသည်။

ငယ်ချစ်ဦးဆိုသည့် အသိစိတ်တစ်ခုထဲနှင့် စိတ်ကို သူ့ထံမှာ အပ်နှံခဲ့သည်။ ခင်ရဲတိုက်ကိုပင် ဥပေက္ခာပြုခဲ့သည်။ ယုတ်စွအဆုံး တစ်ချိန် လက်ထပ်ယူဖို့အထိပါ စဉ်းစားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တောက်. . မိန်းမတွေ တော်တော်နားလည်ရ ခက်တာပဲ"

စိတ်ထဲမှာ တက်တစ်ချက် ခပ်ပြင်းပြင်းခေါက်လိုက်ပြီး ခေါက်လိုက်ပြီး မကျေမနပ် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၂)

"တောက်.. သေချာပါတယ်၊ ဟသ်ာ ငှါအ
...င် နောက်ထပ်ယောကျ်ားတွေနဲ့ ရှုပ်ဦးမှာ၊ ဒါကြောင့် သူ့အဘွားက
...တစ်ခါ ဗိုက်ထွက်လာရင် ကိုယ့်သမိုင်းကိုယ်ရေးလို့ ပြောတာ"

လက်ထဲမှ ဘီယာခွက်ကိုမော့သောက်ပြီး စားပွဲပေါ် ခပ်...ြမ်းကြမ်းဆောင့်ချလိုက်သည်။ ယောကျ်ားဆိုသည့်အမျိုးက ကိုယ်...ာလျှင် ရှုပ်ချင်သလောက်ရှုပ်မည်၊ ကိုယ့်ဇနီးမယား ကိုယ့်ချစ်သူ...ိုတော့ သူများနှင့်ရှုပ်ဖို့မပြောနှင့် ဘယ်ယောကျ်ားနှင့်မှ စေ့စေ့...ကြည့်ခံရတာမျိုးကိုတောင် လိုလားတာမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



"အပွန်း. . ဟာသာ. . ဟာသာ. . ပုံစံကြည့်တော့ ကြွက်တောင်မခုတ်တတ်တဲ့ ကြောင်မလေးလို၊ နောက်ဆုံးတော့ သူလည်း ကြောင်ထိပ်သီးပဲ"

မူးမူးနှင့် တစ်ယောက်ထဲ စကားတွေပြော၊ နောက် ဘီယာလေးငုံလိုက်၊ အမြည်းလေးစားလိုက်နှင့် ဘီယာဘားတွင် အဖော်မလို တစ်ကိုယ်တည်း. .

"ကိုကို. . ကိုကို. . ကြည့်စမ်း၊ ကိုကိုက ခေးကိုတော့ တစ်ယောက်ထဲထားခဲ့ပြီး ဒီမှာလာပြီး ငြိမ့်နေတယ်ပေါ့လေ၊ ခေးမှာတော့ ချိန်းထားတဲ့နေရာမှာ စောင့်လိုက်ရတာ၊ မလာတဲ့အဆုံး ဒီကို လိုက်လာရတာ"

ချိုချိုအေးအေး အသံကြည်ကြည်လေးနှင့် ချစ်သူတစ်ယောက်လို တရင်းတနှီးဟန်ဖြင့်ပြောပြီး အနားတွင် စွေ့ခနဲ ဝင်ထိုင်လိုက်သော ကောင်မလေးကြောင့် လည်ချောင်းဝထဲမှ လျှောခနဲဝင်သွားသောဘီယာတွေ ပြန်ကန်ထွက်လာပြီး. . .

"ဖူး. . ပလူး၊ အဟွတ်. . အဟွတ်"

"အို. . ကြည့် သီးပြီမှတ်လား၊ ကိုကိုကလေ အမြဲပဲ အလောတကြီးနိုင်တယ်၊ ဖြည်းဖြည်းသက်သာ သောက်ပါလို့"

"အယ်. . ဘယ်. . ဘယ်သူလဲ သိလို့လား"

ကောင်မလေး ဘေးဘီဝဲယာကို ငဲ့ကြည့်ပြီး မလုံမလဲ မျက်နှာဖြင့်. . ..

"ကိုကိုနော် အဲဒါကြောင့် ခေးက ကိုကို့ကို အရမ်းမူးအောင် မသောက်စေချင်တာ၊ ကိုကိုက မူးပြီဆိုရင်လေ ကိုယ့်မိန်း ကိုယ် သူငယ်ချင်း၊ ကိုယ့်ချစ်သူ အားလုံးအားလုံးကို မေ့တော့တာပဲ"

ကောင်မလေးစတိုင်လ်က ပွင့်လင်းလွန်းလပ်ပြီး ရဲတင်း



www.burmeseclassic.com

www.burmeseclassic.com



ဟန်ပေါက်သည်။ မူးနေသော ခန့်လူပင် အမူးပြေသွားသလားပင်။

"ငါ. . တကယ် မင်းကိုမသိတာနော်"

ကောင်မလေးကို စေ့စေ့ကြည့်ပြီး နှစ်ကိုယ်ကြားသာရုံ ပြောလိုက်သည်။

"သိတယ်၊ ကိုကိုခေးကို မသိဘူးဆိုတာ ခေးသိတယ်၊ ရော့ ထပ်သောက်"

"အယ်. ."

ဘီယာခွက်ကို အတင်းနှုတ်ခမ်းမှာတေ့ပြီး သောက်ခိုင်းနေပြန်သည်မို့ ခန့်လူ အယောင်ယောင်အမှားမှားဖြင့် ကောင်မလေး အတင်းတိုက်သော ဘီယာကို မော့သောက်လိုက်သည်။

ကောင်မလေးက ဆိုးတော့မဆိုးပါဘူး။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၃)

"အား. . ကျွတ်. . ကျွတ်. . ကျွတ်"

ညက သောက်တာများသွား၍ ခန့်လူ တစ်ခေါင်းလုံး အုံ့ခဲ၍ နေသည်မို့ ရေသောက်ရန် ခုတင်ပေါ်မှ ထထိုင်လိုက်သည်။

ခုတင်ဘေးတွင် ငုတ်တုတ်ထိုင်ကာငိုက်နေသော မိန်းကလေးကိုမြင်ပြီး ခန့်လူ လန့်သွားသည်။

"ဟာ. ."

ဒူးနှစ်ဘက် လက်တင်ပြီး အိပ်ပျော်နေသော ကောင်မလေးကိုကြည့်လိုက် အခန်းကို ဝေ့ဝဲကြည့်လိုက်နှင့် ခန့်လူ မတော်တော်လေး

www.burmeseclassic.com



အံ့ဩသွားသည်။

"ငါ. . ငါ. . ဒီအခန်းထဲ ဘယ်လိုရောက်လာတာလဲ"

ပုံစံကြည့်ရတာ ညက ဒီမှာ တစ်ညလုံး ဒီကောင်မလေးနှင့် အတူတူ ရှိခဲ့ပုံပင်။

"ဟေ. . ဟေ. . မင်းဘယ်သူလဲ၊ ဒါ ဘယ်နေရာလဲ"

"ဟင်. . "

ကောင်မလေး အိပ်ချင်မူးတူးမျက်နှာဖြင့် ခေါင်းထောင်ကြည့်လာပြီး. . .

"ဟင်. . နိုးပြီလား"

"နိုးပြီ၊ မင်း ဘယ်သူလဲလို့"

"ခေးက အိမ်ပြေးတစ်ယောက်ပါ"

"ဟမ်. . အိမ်ပြေးတစ်ယောက် ဟုတ်လား"

"ဟုတ်. . "

"ဒါနဲ့ ငါက မင်းနဲ့ ဘယ်လိုပတ်သက်ပြီး ဒီနေရာကို ရောက်နေတာလဲ၊ ဒါကရော ဘယ်နေရာလဲ"

"ဒါ. . ဒါက တည်းခိုခန်းလေ"

"ဘာ. . "

ခန့်လူ ကြားကြားချင်း ခုတင်ပေါ်မှ ထခုန်လိုက်သည်။

ဒီလောက် ချစ်စရာကောင်းသည့် ကောင်မလေးနှင့် ဘယ်လိုဘယ်လိုပတ်သက်ပြီး တည်းခိုခန်းအထိတောင် ရောက်လာရသလဲ။

ညက အဖြစ်ကို သေချာစဉ်းစားကြည့်သည်။ ခပ်ရေးရေး ပေါ်လာသည်။

"ဪ. . သိပြီ၊ ညက ငါ ဘီယာထိုင်သောက်နေတုန်း



www.burmeseclassic.com

www.burmeseclassic.com



မင်း ငါ့ဆီကို ရောက်လာတာ"

"ဟုတ်. . ဟုတ်ပါတယ် ကိုကို"

ကောင်မလေးက ကိုကိုဟုခေါ်ကာ မျက်ရည်ရွှဲကြီးဖြင့် မော့ကြည့်လာသည်။ ရင်ထဲမှာ တစ်မျိုးကြီး ခံစားလိုက်ရသည်။ မိန်းမတွေ တစ်ယောက်တစ်မျိုး မကောင်းကြလွန်းလို့ စိတ်ပျက်ပြီး အရက်သောက်မိရာမှ ခုတော့ မျက်ဝန်းလှလှလေးတစ်စုံက ကိုယ့်ရှေ့ကို ရောက်လာပြန်သည်။

ရောက်ရုံတင်မဟုတ်၊ တည်းခိုခန်းကိုပါ အတူတူလာနေမိသည်အဖြစ်၊ ပစ်ရက်စရာ တစ်စက်ကလေးမှမရှိသော ကောင်မလေးကို ကြည့်လိုက်ပြီး သူ့အမှားအတွက် ဘယ်လိုပြန်ပေးဆပ်ရပါ့မလဲ။

အမူးလွန်ပြီး တည်းခိုခန်းထိ ခေါ်လာခဲ့သော ကိုယ့်အစွမ်းအစကိုလည်း ကိုယ်အံ့သြမိပါရဲ့။

"မင်းက ဘာကြောင့် အိမ်ကပြေးလာရတာလဲ"

"အဖေရော အမေရော သေပြီ"

"အဲဒီတော့. . "

"ဆွေမျိုးတွေက အားလုံးကို လက်ဝါးကြီးအုပ်ချင်တာနဲ့ ခေးကိုလုပ်ကြဲဖို့ ကြံကြတယ်၊ ဒါကြောင့် ခေး ယူသင့်တာတွေကိုယူပြီး ခဏထွက်ပြေးလာတာ"

"အမ်. . ခဏထွက်ပြေးလာတာ ဟုတ်လား"

"ဟုတ်တယ် တစ်ချိန်ချိန်မှာ သူတို့နဲ့သွားပြီး ရင်ဆိုင်ရဦးမှာပါပေမယ့် ခုတော့မဟုတ်ဘူး၊ ညက တစ်ယောက်ထဲ လျှောက်သွားရင်း အကောင်တွေလိုက်နှောင့်ယှက်လို့ ပြေးမိပြေးရာ စွတ်ပြေးရင်း ကိုကိုထိုင်နေတဲ့ ဘီယာဆိုင်ထဲ ဝင်ပြေးမိတယ်၊ အဲကောင်တွေ လိုက်ဝင်လာလို့ ကိုကို့ကို ခေးရဲ့ချစ်သူအဖြစ် ဟန်ဆောင်ပြီး ဝင်ရောလိုက်

www.burmeseclassic.com

www.burmeseclassic.com



တာ”

ခုမှပင် ဇာတ်ရည်လည်သွားတော့သည်။

“ဒါနဲ့ပဲ တည်းခိုခန်းကို ဘယ်လိုရောက်လာတာလဲ”

“ညက ကိုကို အရမ်းမူးသွားတာကို ခေးလည်း အဖော်မရှိတာနဲ့ အရမ်းမူးနေတဲ့ ကိုကိုနဲ့ ဟောဒီနေရာကို ရောက်လာတာ”

“တော်. . တော်ပြီ၊ ဆက်. . ဆက်မပြောပါနဲ့တော့၊ ငါက ငါ့တာဝန်ငါ ယူတတ်တဲ့ ယောကျ်ားတစ်ယောက်ပါ”

“တာဝန်ယူဖို့ မလိုပါဘူး ကိုကို၊ ခေးက သွားစရာ လာစရာ မရှိလို့ ကိုကို့ကို အမှီအဖြစ် တွယ်ကပ်လိုက်မိတာပါ၊ ခုလောလော ဆယ် ခေးကို အိမ်တစ်လုံး ဝယ်ပေးပါ”

“ဟင်. . အိမ်. . အိမ် ဟုတ်လား”

“ငါတောင် နေစရာမရှိတာ၊ မင်းကို ငါက ဘယ်လို အိမ်ဝယ် ပေးနိုင်မှာလဲကွာ ဒုက္ခပါပဲ၊ ဒီတစ်ကြိမ်လေးနဲ့ တောင်းဆိုလိုက်တာ အကြီးကြီးပဲ”

ကောင်မလေးထံမှ ခစ်ကနဲရယ်သံ ထွက်ပေါ်လာသည်။ ပြီးနောက် သူ့ကျောပိုးအိတ်ကို လှမ်းယူလိုက်သည်။

“ကိုကို့ငွေနဲ့ ဝယ်ပေးစရာမလိုပါဘူး၊ ခေးမှာပါတဲ့ ပစ္စည်း တွေနဲ့ ဝယ်မှာပါ၊ ခေးဘေးမှာ ကိုကိုက ဦးဆောင်ရပ်နေပေးရုံပဲ”

သူ့ကျောပိုးအိတ်ကို ဖွင့်ပြလိုက်သည်။ ခန့်လူ မျက်လုံး အ ဆမတန် ပြူးသွားသည်။

“ဝါး. . ရွှေ. . ရွှေတွေ”

ကျောပိုးအိတ်ထဲတွင်ရှိနေသော ရွှေတုံးတွေ ခန့်လူ့ဘဝ တစ်သက်တာမှာ ဒီလိုရွှေတုံးမျိုးတွေ မမြင်ဖူး။

“အဲဒီရွှေတွေ စုစုပေါင်း ၂-ပိဿာရှိတယ်ကိုကို နောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ခေးရဲ့ ဘဏ်စာအုပ်ထဲမှာလည်း ငွေတွေ အများကြီးရှိသေးတယ်"

"မင်း. . မင်း. . အဲဒါတွေ ခိုးလာတာလား"

ကောင်မလေးကို တကယ်ပင် သံသယရှိသွားသည်။

"မဟုတ်တာပဲ၊ ဒါတွေက ခေးပိုင်တာတော့ မဟုတ်ဘူး၊ ခေးမိဘတွေပိုင်တာ၊ ဒါတောင်. . လက်ဝတ်လက်စားတွေ မီးခံသေတ္တာထဲမှာ အများကြီး ကျန်ခဲ့သေးတယ်၊ မနိုင်လို့ သယ်မလာတာ"

"ဗုဒ္ဓေါ၊ မင်းတို့က အဲလောက်ချမ်းသာတာလား"

"ဟုတ်တယ်၊ ဒီထက်ပိုပြီး ချမ်းသာတယ်၊ ခေးသာ အဲဒီအိမ်မှာဆက်နေရင် ဒီပိုင်ဆိုင်မှုတွေကြောင့် ခေးကိုသူတို့ သတ်ကြမှာ"

"ဟင်. ."

မျက်နှာလေး ငယ်သွားသော ကောင်မလေးကိုကြည့်ပြီး ခန့်လူ သနားသွားသည်။

"ငါ မင်းကို သတ်မှာရော မင်း မကြောက်ဘူးလား"

"ဟင့်အင်း၊ ကိုကို့မှာ အဲဒီလိုလောဘမျိုး မရှိလောက်ဘူးဆိုတာ ကိုကို့မျက်နှာပေါ်မှာ ဖတ်ပြီးသား ဒါကြောင့်လည်း ခေးရဲ့ အကြောင်းတွေကို ပြောရတာပေ့ါ"

ယုံကြည်အားကိုးနေမှတော့ ခန့်လူ ဘယ်လိုဥပေက္ခာ ပြုရက်နိုင်ပါတော့မလဲ။ ကံကြမ္မာက မိန်းမနဲ့ပတ်သက်ပြီး ကံကောင်းခြင်းတွေ ထပ်ပေးနေတာလား၊ ကောင်မလေးက ငယ်ငယ်. . ချောချောလေး၊ တို့ရက်ထိရက်စရာတောင်မရှိ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၄)

"ဟင်. . မမနတ်သမီး"

ဟသ်ာ မျက်လုံးအဝိုင်းသားဖြင့် အိမ်တံခါးခေါက်သူကို တအံ့တသြ ကြည့်လိုက်သည်။

"ဌက်ကလေး၊ ဒါ. . ဒါ ဌက်ကလေးအိမ်လား"

ခင်ရဲတိုက်ကလည်း တအံ့တသြ ပြန်မေးသည်။

"ဟုတ်. . မမ"

ခင်ရဲတိုက် အံ့သြလွန်း၍ ဘာပြန်ပြောရမှန်းပင် မသိတော့၊ စဝယ် အိမ်လိပ်စာပေး၍ ခန့်လူနှင့်ငြိနေသည့် မိန်းကလေးနှင့် လာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့တော့ ငှက်ကလေးအိမ်မှန်း လုံးဝမသိ။

"လာ. . ဝင်လေ. . မမ"

ဟသ်ာ ခင်ရဲတိုက်ကို အိမ်ထဲအတင်းခေါ်သည်။ ခင်ရဲတိုက် အိမ်ထဲ လိုက်ဝင်လိုက်သည်။

လောကကြီးက အဲလောက်တောင် ကျဉ်းမြောင်းပြီး မိန်းမတွေ အဲလောက်ရှားရသလား။

စိတ်ထဲမှာ ဟသ်ာကို ကိုယ့်ယောက်ျား၏ အငယ်အနှောင်း လုပ်ရလားဆိုပြီး စိတ်ဆိုးရမည့်အစား ခန့်လူကိုပဲ ဒေါသတွေ တနုံ့နုံ့ ထွက်လာသည်။

"မမ ညီမအိမ်ကို ဘယ်လိုသိလဲ"

"တစ်စုံတစ်ယောက်က စုံစမ်းပေးလို့ပေါ့ ညီမရယ်"

ထိုစကားက ဟသ်ာအတွက် အထူးအဆန်း ဖြစ်သွားသည်။

"စုံစမ်းပေးတယ် ဟုတ်လားမမ၊ ကိစ္စရှိလို့လား"

"အင်းပေါ့"

"ဘာကိစ္စလဲဟင် မမ"

"ဒါနဲ့ ဒီအိမ်မှာ ငှက်ကလေးတစ်ယောက်ထဲ နေတာလား"

"ဟုတ်ကဲ့၊ အရင်ကတော့ အဘွားလေးနဲ့နေတယ်လေ၊ ခု အဘွားလေးက အိမ်ထောင်ကျသွားတော့ ငှက်ကလေးတစ်ယောက်ထဲပေါ့၊ ဟိုမှာလေ ငှက်ကလေးရဲ့အဘွား"

နံရံမှာ ချိတ်တင်ထားသော အဘွား၏ ဓါတ်ပုံကို ပြသဖြင့် ခင်ရဲတိုက် မော့ကြည့်လိုက်သည်။

"ဟောတော် ဘုရားရေ ဒါ. . ဒေါ်ကြိုးကြာနီပဲ"

ထပ်ဆင့်အံ့ဩရပြန်သည်။

"ဟုတ်တယ်လေ၊ မမက အဘွားကို သိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အို မသိပဲနေမလား၊ အဲဒါ မမရဲ့ဒယ်ဒီ လက်ထပ်ယူထားတဲ့ မမရဲ့မိထွေးပေါ့"

"ဟော့တော်"

ဟသ်ာ အံ့ဩရသည်။

"ဟသ်ာဆိုတာ ငှက်ကလေးပေါ့"

"ဟုတ်ကဲ့. ."

"အို. . တိုက်ဆိုင်လိုက်တာ"

အံ့ဩမှုတွေကို မျက်နှာပေါ် ကိုယ်စီတင်ပြီး တစ်ယောက်ကို တစ်ယောက် ဘာပြောရမှန်းမသိ။

ခင်ရဲတိုက် ဆုံမှ ဆုံတတ်လေခြင်းဆိုပြီး ကံကြမ္မာကိုသာ အပြစ်ပုံချရမလိုလို. . .

"အဘွားရဲ့ယောကျ်ားက မမနတ်သမီးရဲ့ အဖေဆိုတာ ညီမ လုံးဝ မသိတာပါ"

"မမလည်းမသိဘူးလေ၊ မသိဆို အားလုံးကိုမသိတာ၊ ခု သိမယ့်သိတော့လည်း အားလုံးကို ဘွင်းဘွင်းရှင်းရှင်း သိသွားတော့တာပဲ"

"အင်းလေ. . မမရယ်၊ ကံကြမ္မာက ဆန်းကြယ်လိုက်တာ"

"ဒီထက်ဆန်းကြယ်တာ ရှိသေးတယ်"

"ရှင်. ."

"ဟုတ်တယ်၊ မမယောကျ်ား အိမ်ထောင်ရေး ဖောက်ပြန်နေတယ်"

"ဟယ်. . ဟုတ်လား၊ အဲဒါကိုရင်ဖွင့်ဖို့ မမ ညီမဆီကို လာတာလား၊ ညီမလည်း မမကို တွေ့ချင်နေတာ၊ ညီမရဲ့ ချစ်သူလေ၊ သူ ညီမကိုထားပြီး နောက်တစ်ယောက်နဲ့ ထပ်တွဲနေပြန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . သူ. . သူက နောက်တစ်ယောက်နဲ့ ထပ်တွဲနေပြန်ပြီ. . ဟုတ်လား၊ ဘယ်သူလဲ. . ဘယ်ကလဲ"

စိုးရိမ်ထိတ်လန့်ရုံတင်မဟုတ်၊ ဒေါသရိပ်တွေပါ စုပြုံတိုးသိပ်နေသောအမေးက ဟသ်ာအပေါ် မျှဝေခံစားပေးလိုသောစိတ်ကြောင့်ဟု နားလည်ကာ ဟသ်ာမျက်ဝန်းမှ မျက်ရည်တို့ ရစ်ဝဲလာသည်။

"ဟုတ်တယ် မမရယ်၊ ဟိုတစ်နေ့ညကတော့ ညီမကို ခဏလာတွေ့တယ်၊ လမ်းခွဲကြရအောင်တဲ့"

"ဟင်. . လမ်းခွဲမယ် ဟုတ်လား"

ဟသ်ာ ချုံးပွဲချငိုသည်။

"ဟုတ်တယ်. . ဟိုနေ့က ညီမလေ၊ သူ့ကို ဆူရှီဆိုင်ရှေ့မှာတွေ့လို့ သူ့နောက်ကို မသိမသာ နောက်ယောင်ခံပြီး လိုက်ကြည့်တော့ သူ တိုက်ခန်းတစ်ခန်းပေါ် တက်သွားတယ်၊ ညီမ အဲ့ဒီတိုက်ခန်းရှေ့မှာရပ်ပြီး အထဲကအသံတွေကို ခိုးနားထောင်တော့ ကောင်မလေးတစ်ယောက်ရဲ့ ရယ်သံနဲ့ သူ့ရယ်သံတွေကို ကြားခဲ့ရတယ်"

"တောက်. . "

ခင်ရဲတိုက် တက်တစ်ချက် ခေါက်လိုက်သည်။

"ညီမအတွက် ဒေါသတွေ ဖြစ်မနေပါနဲ့ မမရယ်၊ ညီမက ခုမှ ထားခဲ့ခံရတာ မဟုတ်ပါဘူး၊ ဟိုးအရင်ကတည်းက သူ့ရဲ့ စွန့်ပစ်ခြင်းကို ခံခဲ့ရတာပါ၊ ဒီတစ်ခါနဲ့ဆိုရင် နှစ်ကြိမ်ရှိပြီ"

"မမက တစ်ကြိမ်"

"ရှင် ဘယ်လို မမက တစ်ကြိမ် ဟုတ်လား၊ အဲ. . ဪ. . ဒါ. . ဒါဆို ဟော့တော် ခုမှသတိရတယ်၊ ဘုရားရေ မမက အဘိုးရဲ့သမီးဆိုတော့. . ကို. . ကိုခန့်ရဲ့ဇနီးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့အပူနှင့်သူဆိုတော့ ခုမှပင် ခင်ရဲတိုက်နှင့် ခန့်လူ၏ ပတ်သက်မှုဆီ အတွေးရောက်သွားပြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်။

"မမ. . ညီမ တောင်းပန်ပါတယ်၊ ညီမကို ခွင့်လွှတ်ပါ၊ မမနဲ့ ကိုခန့်လူရဲ့ ပတ်သက်မှုကို မသိခဲ့လို့ပါ၊ ခုတော့ ညီမရဲ့ အမှားက ညီမကို ဒဏ်ခတ်လိုက်ပါပြီ"

ပြောရင်း ဟသ်ာ တဟီးဟီး ငိုသည်။ ဟသ်ာ ငိုတော့ ခင်ရဲတိုက်ပါ တဟီးဟီးနှင့် ငိုသည်။

"မမ ဌက်ကလေးကို အပြစ်မတင်ပါဘူး၊ မမရဲ့ အားနည်းချက်တွေကြောင့် ကိုယ့်ယောက်ျား သူများနောက်ကို ပါသွားရတာပါ၊ ဒါနဲ့ ဌက်ကလေးမှာရော ဘာအားနည်းချက်ရှိလို့ သူများနောက်ထပ်ပါသွားရတာလဲ"

စိတ်ဆိုးသည့်အပြင် ကိုယ့်သောကတွေကိုပါ မျှဝေခံစားပေးသော ခင်ရဲတိုက်၏ သဘောထားပြည့်ဝမှုကြောင့် ဟသ်ာ ပို၍ဝမ်းနည်းလာသည်။

"မမရယ်၊ ညီမလေး ဝဋ်လည်ပြီ၊ မမရဲ့ ဝဋ်တွေလည်တာပါ၊ အတွေ့တစ်ခုကို မရှောင်နိုင်ခဲ့တဲ့ ညီမလေးရဲ့ အမှားကို ခွင့်လွှတ်ပေးပါ၊ ညီမလေး မမကိုတောင်းပန်ပါတယ် မမရယ်"

လက်အုပ်ချီပြီး တောင်းပန်နေသော ဟသ်ာကို ခင်ရဲတိုက် ဘယ်လိုမှ အပြစ်မတင်ရက်ပါ။

"ကဲပါ. . ဌက်ကလေးရယ်၊ ဒီအချိန်မှာ နင်က မယားငယ်၊ ငါက မယားကြီးဆိုပြီး ရင်ထုပြီး လင်လုနေရလောက်အောင် ဒီလူဟာ မမတို့နှစ်ယောက်ဆီမှာ သူ့ရဲ့စိတ်တွေမှမရှိတော့တာ၊ ဒီတော့ မမတို့နှစ်ယောက် ရဲဘော်ရဲဘက်စိတ်ထားပြီး အဲဒီနောက်ဆုံး မယား



www.burmeseclassic.com

www.burmeseclassic.com



ငယ်မလေးဆီကို သွားကြရအောင်”

“ကောင်းတယ် မမ. . ကောင်းတယ်”

နှစ်ယောက်သား သဘောတူညီမှုရသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၅)

"ဟင်. . မြေး၊ ဒီ. . ဒီအိမ်ကို လာတယ်"

ခင်ရဲတိုက်နှင့်လိုက်လာသော ဟသ်ာကိုမြင်တော့ အဘွား ကြီးကြာ အံ့သြသွားသည်။

"ဟုတ်ကဲ့. . အဘွား"

"ဒါနဲ့ အဘွားအိမ်လည်ခေါ်တုန်းကတော့ လိုက်မလာဘဲ ခုကျမှ သမီးနဲ့ပါလာတာဆိုတော့ ကိစ္စများရှိလို့လားမြေး. . "

"ဩော်. . ကြီးကြာရယ် ကိစ္စရှိမှလာရမှာလား၊ မြေးရောက် မှတော့ ဒီမှာသုံးရက်လေးရက်လောက်နေပြီးမှ ပြန်ပါလား"

မလာစဖူး အလာထူးနေသော မယားပါမြေးကိုဦးစိန်တိုက်



www.burmeseclassic.com

www.burmeseclassic.com



ပျာပျာသလဲ ကြိုဆိုသည်။

"ဒယ်ဒီ. . ဌက်ကလေး. . အဲ. . ဟသ်ာဖြူနဲ့သမီးနဲ့က ဟိုး အရင်ကတည်းက သိခဲ့ကြတာ၊ ဒယ်ဒီနဲ့ အဘွားနဲ့ မြေးအဘွားတော် တယ်ဆိုတာကိုသာ ခုမှသိခဲ့ရတာ"

"သြော်. . ရေစက်က ဆုံမယ့်ဆုံ ကြုံဖန်ပြီး ဆုံလေခြင်းကွာ၊ ဘာပဲဖြစ်ဖြစ် သမီးနှစ်ယောက်ကို ခုလိုချစ်ချစ်ခင်ခင် မြင်ရတော့ ဒယ်ဒီ ဝမ်းသာတယ်ကွယ်၊ ခုမှ မိသားစု စုံစုံညီညီ ဖြစ်တော့တယ် အမေကြီးရေ"

သမီးနှင့် မယားပါမြေး၏ရင်ထဲမှာ အချစ်ကြောင့် ပူပင် သောကတွေ ရောက်နေသလောက် ဦးစိန်တိုက်နှင့် ဒေါ်ကြိုးကြာနီ တို့ကတော့ တော်တော်လေး ကျေနပ်ပီတိ ဖြစ်နေကြပုံရသည်။

မယားပါမြေးဟာ သူ့သားမက်၏ မယားငယ်ဆိုတာသိလျှင် ဒါမှမဟုတ် ဒေါ်ကြိုးကြာနီကလည်း သူ့မြေးဟာ လင်ပါသားမက်၏ အငယ်ဆိုတာ သိခဲ့လျှင် ဘယ်လိုဖြေရှင်းပေးကြမလဲမသိ။

www.burmeseclassic.com





# အခန်း(၂၆)

"ကို ကို. . "

"ဗျား. . ."

"ခေးတို့ ဘယ်တော့လက်ထပ်ကြမှာလဲဟင်"

"ဖြည်းဖြည်းပေါ့ ခေးရယ်၊ ခေးက အရမ်းငယ်သေးတော့ အိမ်ထောင့်တာဝန်ကို မထမ်းနိုင်လောက်သေးဘူး မဟုတ်လား"

ဒီကလေးမကို လက်ထပ်ချင်ပေမယ့် ခင်ရဲတိုက်နှင့် ဇာတ်လမ်းမရှင်းရသေး၍ အပြီးအပြတ် ဆုံးဖြတ်ချက်ချ၍ မရသေး။

"ခေး မငယ်တော့ပါဘူး ကိုကိုရာ၊ ခေးအသက် ဆယ့်ကိုးနှစ်



www.burmeseclassic.com

www.burmeseclassic.com



ကျော်ပြီ၊ မနက်ဖြန်သဘက်ဆိုရင် နှစ်ဆယ်တောင် ပြည့်တော့မှာ"

ရင်ခွင်ထဲ ဖွတ်အတင်းတိုးဝင်လာသော ခေး၏ ကိုယ်လုံးလေးကို ဆွဲဖက်လိုက်ရင်း. . .

"ကိုယ်တို့ ချောင်းသာသွားဖို့ ရက်နီးပြီနော်"

တမင် စကားစဖြတ်လိုက်ခြင်းပါ။

"အင်းလေ သဘက်ခါဆိုတဲ့နေ့ကို ခေးမြန်မြန်ရောက်ချင်လှပြီ၊ ချောင်းသာမှာ အပြတ်ကဲမှာနော်၊ ကိုကိုနဲ့ ရေအတူတူကူးမယ်၊ ဘောစီးမယ်၊ ခရုကောက်မယ်၊ ပြီးရင် ငါးကင်လေးစားပြီး အုန်းရည်သောက်မယ်"

ပျော်စရာအစီအစဉ်တွေကို လက်ချိုးရေတွက်ရင်း ပြောနေသော ခေး၏အစီအစဉ်တွေကို အပြင်မှ ခိုးနားထောင်နေသော ခင်ရဲတိုက်နှင့် ဟသ်ာဖြူ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မချိမဆန့် ဒေါသဖြစ်နေကြရသည်။

"အောင်မလေး တတ်လဲတတ်နိုင်လိုက်တာ မမရယ်၊ မနေ့တနေ့ကအထိ လောကမှာ ဟသ်ာကိုပဲ အချစ်ဆုံးပါတဲ့၊ ခုတော့ ကြည့်ပါဦး ကြူနေလိုက်ကြတာမမရယ်၊ ညီမတော့ အခန်းထဲဝင်ပြီး အဲဒီကောင်မကို ဆံပင်ဆွဲပြီး နံရံနဲ့ခေါင်းနဲ့ တိုက်လိုက်ချင်တယ်"

ခင်ရဲတိုက်ထက် ဟသ်ာဖြူ၏ ဒေါသတွေက ပိုပြီးအရှိန်မြင့်သည်။ ခင်ရဲတိုက်က ရင်ထဲမှာ တဆစ်ဆစ်နာကျင်နေမိပေမယ့်. . ဟသ်ာလို အမူအရာနှင့်မပြ။

"ခစ်. . ခစ်. . ခစ်. . အဟင်း"

"ဟား. . ဟား. . ဟား. . အိနေတာပဲနော်"

"ဟင်. . မမ. . ကြားလား. . ကြားလား၊ အိနေတာပဲတဲ့"

"အိမှာပေါ့လို့ ရေမြှုပ်ပါတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ရေ. . ရေမြှုပ်ပါတဲ့ မွေ့ယာကိုပြောတာလား၊ ဒါ ဒါမှမဟုတ် ရေမြှုပ်ပါတဲ့ အတွင်းခံကို ပြောတာလားဟင်. . မမ"

"ဩော်. . ဘယ်သိမှာလဲ ဌက်ကလေးရယ်၊ မမမှာ ထိုးထွင်း မြင်နိုင်တဲ့ စွမ်းအင်မှ မရှိတာကို"

တံခါးချပ်ကို ပေါက်ထွက်မတတ် နားနှင့်ကပ်ကာ ခိုးနား ထောင်နေသော ခင်ရဲတိုက်နှင့် ဟသ်ာဖြူနားသို့ လူတစ်ယောက် စားစရာ ဖော့ဗူးတွေကိုင်ပြီး တက်လာသည်ကို မတွေ့ကြ၊ ရှေ့ကို သာမဲပြီး နားစွင့်နေကြသည်။

"အစ်မတို့. ."

"အမလေး. . လန့်လိုက်တာ"

ထိုလူ၏ခေါ်သံကြောင့် နှစ်ယောက်သားလန့်ပြီး ထအော် ကြသည်။ ထိုလူ ပြုံးဖြီးဖြီးနှင့်ကြည့်ကာ. . .

"အစ်မတို့ ဖောက်ထွင်းရေးလုပ်မလို့လား"

"အေး. . ဖောက်ထွင်းပြီး ဝင်လို့ရရင်တောင် ငါတို့က ဝင် ချင်တာပေါ့"

ခင်ရဲတိုက် ထိုသို့အရွဲ့ပြောလိုက်သည်။

"ဒါနဲ့ ရှင်က ဘာလာစပ်စုတာလဲ၊ ကိုယ့်လမ်းကိုယ်သွား. . "

"ကျွန်တော်သွားမယ့်လမ်းကို ပိတ်နေတာက အစ်မကြီးတို့ ပါ"

"ဩော်. . ဒါဆိုလည်း ပြောရောပေါ့ရှင်"

ခင်ရဲတိုက်နှင့် ဟသ်ာဖြူ တံခါးဘေးကိုကပ်ပေးလိုက်သည်။ ထိုလူမသွား ရပ်နေဆဲ။

"ဟော့လူ. . သွားလေ ဘာရပ်ကြည့်နေတာလဲ၊ ရှင့်အပေါ် ထပ်ကိုသွားမလို့ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ဒီအခန်းကိုလေ၊ တံခါးဘဲလ်တီးမလို့ ခင်ဗျားတို့က ပ်ိတ်နေတာကို ကျွန်တော်က ဒီကွန်ဒိုက လုံခြုံရေးဗျ၊ ဒီက လင်မယားတွေက စားစရာဝယ်ခိုင်းလို့ ဝယ်ပို့တာ"

"ဘာ. . လင်မယား ဟုတ်လား"

"အင်း. . ဟုတ်တယ်လေ၊ ပြောင်းလာတာ မကြာသေးဘူး"

ထိုလူ့စကားကြောင့် နှစ်ယောက်သား ပို၍ ဆွေ့ဆွေ့ခုန်သွားကြသည်။

"မမ. . သူ. . သူတို့က ယူတောင် ယူပြီးသွားကြပြီလား"

"မယူရသေးပါဘူး၊ စောစောကပဲ လက်ထပ်ဖို့ ပြောနေကြတဲ့ဟာကို"

"ဒါပေမယ့် ဒီခေတ်က လက်မထပ်ရသေးလဲ တိတ်တိတ်ပုန်းယူပြီးနေကြတဲ့ လင်မယားတွေတစ်ပုံကြီး ညီမနဲ့သူနဲ့လည်း ဒီအတိုင်းပဲလေ"

ဟသ်ာဖြူစကားကြောင့် ထိုလူ ခေါင်းတွေတဗျင်းဗျင်းကုတ်ကာ. . .

"ကဲ. . အစ်မလေးတို့ ချောင်းမယ်ဆိုရင်လည်း ပြီးမှချောင်းဗျာ၊ ကျွန်တော်က တာဝန်နဲ့ဗျ၊ ဖယ်. . ဖယ်. . "

နှစ်ယောက်သားကြား အတင်းတိုးဝင်ကာ လူခေါ်ဘဲလ်ကို နှိပ်လိုက်သဖြင့် ခင်ရဲတိုက်နှင့် ဟသ်ာဖြူ သူတို့ကိုတွေ့သွားမည်စိုး၍ အပေါ်ထပ် လှေကားထပ်တွေပေါ်ကို ကပျာကယာ ပြေးတက်လိုက်ကြသည်။

"ဘာတွေမှန်းကို မသိဘူး"

လုံခြုံရေး မကြားတကြားပြောပြီး လူခေါ်ဘဲလ်ကို ထပ်တီးလိုက်သည်။ အခန်းတံခါး ဖျတ်ခနဲ ပွင့်လာသည်



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုတို့ မှာထားတာတွေရပါပြီ"

"ဪ. . ကျေးဇူးပဲနော်"

"ဟုတ်ကဲ့. . ရော့ အစ်ကို၊ ဒါက ပို့တဲ့ပိုက်ဆံပါ"

"ရတယ်. . ပြန်မအမ်းနဲ့တော့ ယူထားလိုက်"

"ဟုတ်ကဲ့. . ကျေးဇူးပါပဲ အစ်ကို"

လုံခြုံရေး သဘောကျပြီး ကျေးဇူးတင်စကား ပြောလိုက်သည်။ ပြီးနောက် လှေကားထိပ်တွင် ရပ်နေကြသော ခင်ရဲတိုက်နှင့် ဟသ်ာဖြူကို မော့ကြည့်ပြီး. . .

"သတိဝိရိယနဲ့တော့နေနော်အစ်ကို၊ အရေးအကြောင်းရှိရင် ဂိတ်ကို ဖုန်းဆက်လိုက်ပါ"

"ဟုတ်ကဲ့. . ကျေးဇူးပဲငါ့ညီ၊ တစ်လက်စထဲ အစ်ကိုတို့ သဘက်ခါ မနက်စောစော ချောင်းသာကို အပန်းဖြေခရီးထွက်မှာမို့ အိမ်ကိုအပ်ခဲ့မယ်နော်၊ ဂရုစိုက်ပြီး ကြည့်ပေးဦး၊ ပြန်လာရင် ဘောက်ဆူးပေးမယ်"

"ဟာ. . စိတ်ချအစ်ကို၊ အပ်တိုတစ်ချောင်းတောင်မှ ဘယ်သူမှ ဖောက်ထွင်းပြီး ဝင်မယူနိုင်အောင် ကျွန်တော်ဂရုတစိုက် စောင့်ကြည့်ထားပါ့မယ်"

"ကျေးဇူးပဲ"

လုံခြုံရေးကို ကျေးဇူးတင်စကားပြောပြီး အခန်းတံခါးပြန်၍ ပိတ်သွားသည်။ လုံခြုံရေးမှာ သူတို့ကို မယုံသင်္ကာအကြည့်ဖြင့် ပေ စောင်းစောင်းကြည့်ကာ အောက်ကိုပြန်ဆင်းသွားသည်။

နှစ်ယောက်သား စိတ်ပျက်လက်ပျက်ဖြင့် လှေကားထစ်တွေမှာ ထိုင်ချလိုက်ကြပြီး. . .

"ကဲ. . ဘယ်လိုလုပ်ကြမလဲ မမ၊ ညီမတို့ပါ ချောင်းသာကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားကြမလားဟင်၊ ဒင်းကို ကောင်းကောင်းပညာပေးချင်တယ်"

"အေး. . အဲဒီအကြံမဆိုးပါဘူး၊ ကောင်းသားပဲ"

"ဒါဆိုရင် ပြန်ကြရအောင်၊ အိမ်ပြန်ပြီး စီစဉ်စရာရှိတာ စီစဉ်ကြရမယ်"

အီစီကလီ အသံတွေကို အပြင်ကနေ ရပ်နားထောင်ပြီး အသည်းကွဲခတ်ခံရသလို ခံစားနေရမှာထက်စာလျှင်. . အိမ်ပြန်ပြီး ချောင်းသာလိုက်သွားဖို့ ပြန်စီစဉ်လိုက်တာ အသင့်တော်ဆုံးမို့ နှစ်ယောက်သား လိမ်ဖယ်လိမ်ဖယ်ဖြင့် လှေကားပေါ်မှဆင်းလာခဲ့လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၇)

"ဟဲ့ . . ဟဲ့ . . ငါ့ချွေးမအခန်းထဲက ထွက်လာတာ ဘယ်ကကောင်တွေလဲ"

ယောက်ျားလေးအပြင်အဆင်နှင့် ဝတ်စားထားသော ခင်ရဲ တိုက်နှင့် ဟသ်ာဖြူကို ဒေါ်ကြီးကြာနီ လုံးဝမမှတ်မိ။

"အဘွားမြေးပါ . . အဘွားရဲ့၊ ဘယ်ကကောင်မှ မဟုတ်ပါဘူး"

"ဟယ် . . မြေး ဟုတ်လား၊ ဘယ်ကမြေးလဲ၊ ငါ့မှာ မြေး ယောက်ျားလေး တစ်ယောက်မှမရှိဘူး၊ ပြောစမ်း . . မင်းတို့က ဘယ်



www.burmeseclassic.com

www.burmeseclassic.com



သူလဲ"

ဆံပင်တို နှုတ်ခမ်းမွှေးနှင့် ယောကျ်ားဝတ်စုံဖြင့် ရုပ်ဖျက်ပြင်ဆင်ထားသော သူတို့နှစ်ယောက်ကို အဘွားကြိုးကြာနီ လုံးဝမမှတ်မိ၍ သူတို့၏အထူးပြုလုပ်ချက်တွေ အောင်မြင်ကြောင်း နှစ်ယောက်ပြိုင်ပြီးလက်မထောင်လိုက်ကြသည်။

"တွေ့လားမမ၊ ညီမတို့ ခုလိုရုပ်ဖျက်လိုက်ရင် ဘယ်သူမှ မမှတ်မိနိုင်ပါဘူးဆို"

"ဒါဆိုရင်တော့ မမတို့အကြံ အောင်ပြီပေါ့"

"ဟမ်. . ဒါ. . ဒါဆို. . မင်း. . မင်းတို့. . အဲ. . ညည်းတို့က ခင်ရဲတိုက်နဲ့ ဟာသ်ဖြူပေါ့ ဟုတ်လား၊ မှန်းစမ်း အဲဒီမျက်မှန်ကြီးတွေချွတ်"

မျက်နှာပေါ်မှ မျက်မှန်တွေကို ဆွဲချွတ်ပြီး ကြည့်သည်။ ဒါတောင် သိပ်မယုံချင်သေးသဖြင့် နှုတ်ခမ်းမွှေးတွေထိပါ ချွတ်ပြလိုက်သည်။

"ဟယ်. . ဟုတ်ပါရဲ့. . ငါ့ချွေးမနဲ့ ငါ့မြေးပဲ၊ ဘာစိတ်ကူးနဲ့ ဒီလိုပုံစံတွေ ဖမ်းထားရတာတုန်း၊ ညည်းတို့အေ. . အားအားယားယား"

အဘွား ကြိုးကြာနီအပြစ်တင်သည်။

"အကြောင်းကိစ္စ ရှိလို့ပေါ့ အန်တီရယ်၊ အခုလေ ကျွန်မယောကျ်ားက နောက်ထပ်စမောလေးတွေနဲ့ ရှုပ်နေတယ်၊ ဒါကြောင့် ဒီလိုပုံစံဖမ်းပြီး လိုက်ချောင်းမလို့"

ခင်ရဲတိုက်ဆီမှာ အကြောင်းပြချက်ရှိပေမယ့် ဟာသ်ကတော့ သူ့အကြောင်းပြချက်ကို ချမပြရဲ။

"ဒါဆို ညည်းလေးကရော"



www.burmeseclassic.com

www.burmeseclassic.com



ဟသ်ာ နူတ်ခမ်းမွှေးအတုတွေကို ပြန်တပ်လိုက်ပြီး အဘွား ကို ဖက်လိုက်သည်။

"ဟသ်ာက မမနဲ့ အဖော်လိုက်သွားပေးမလို့"

အဘွားဘာမှတော့ထပ်မပြောတော့၊ ခင်ရဲတိုက်ကို ဂရုဏာ သက်သောအကြည့်ဖြင့်ကြည့်ကာ. . .

"သမီးရယ် လောကမှာ ဒီအပူက စားရခက် သောက်ရခက် နေမထိထိုင်မထိ အင်မတန်ဖြစ်ရတယ်ဆိုတာ အန်တီသိပါတယ်၊ ယောက်ျားတွေ တစ်ယောက်မှကိုမကောင်းဘူး၊ အဘွားတောင် မင်း တို့အဘိုးက အသက်ကြီးနေလို့၊ အသက်သာမကြီးသေးပဲ အရွယ် ကောင်းသေးတယ်ဆိုရင် ဒီအပူကို ကြုံတွေ့ခံစားရဦးမှာပဲ"

"ကြိုးကြာ ဒါကဘာသဘောလဲ၊ မင်းက ငါ အပြင်သွားတုန်း ကိုယ့်သားအရွယ်တွေကို အိမ်ပေါ်ခေါ်တင်ပြီး ဖောက်ပြန်ရေးတွေ လုပ်နေတယ်ပေါ့၊ ဟမ်. . နောက်ပြီး တစ်ယောက်တောင်မဟုတ် ဘူး နှစ်ယောက်တောင်မှ. . အဲလောက်လောဘကြီးရလား"

ဦးစိန်တိုက် လက်သီးလက်မောင်းတန်းကာ ဝင်လာပြီး အ မြင်အတိုင်း စွပ်စွဲတော့၏။

ဟသ်ာ၏ ဖက်ထားသောလက်အစုံကို တွန်းဖယ်ပြီး ဒေါ် ကြိုးကြာနီ ထရပ်လိုက်သည်။

"ကိုတိုက်နော်. . စွပ်စွဲတယ်ဆိုတာ သေချာကြည့်ပြီးစွပ်စွဲ လောကမှာ ယောက်ျားတွေ အများကြီးရှိပေမယ့် ဟော့ဒီမိကြိုးကြာ ရဲ့ရင်ထဲမှာတော့ ကိုတိုက်ဆိုတဲ့ ယောက်ျားတစ်ယောက်ပဲ ရှိတယ်"

"ဒါဆိုရင် ဒီကောင်နှစ်ကောင်နဲ့ ဘာလို့ပလူးနေလဲ၊ ဟမ်. . ဟော့ကောင်တွေ မင်းတို့ ငါမရှိတဲ့အချိန်ကိုချောင်းပြီး ငါ့မိန်းမကို ကြာကူလီ လာရိုက်နေကြတယ်ပေါ့၊ လောကမှာ မိန်းမအဲလောက်



www.burmeseclassic.com

www.burmeseclassic.com



ရှားလားကွ၊ မင်းတို့ကို မယားခိုးမှုနဲ့ တရားစွဲမယ်"

ပြင်းပြင်းထန်ထန် ပေါက်ကွဲနေသော ဦးစိန်တိုက်ကိုကြည့်ပြီး ခင်ရဲတိုက် ခွက်ထိုးခွက်လှန် ရယ်လိုက်ပြီး ရယ်သံနှောသောအသံဖြင့်. . .

"ဒယ်ဒီ. . ဘာလို့ ဒေါသတွေ မလိုအပ်ပဲ ထွက်ပြနေတာလဲ၊ ဥစ္စာပျောက် ငရဲရောက်. . ကိုယ့်ပစ္စည်းကို သေချာထိန်းလေ၊ မထိန်းလို့ ပစ်ထားလဲ အဲ့ဒီပစ္စည်း ဘယ်သူမှမခိုးဘူး. . စိတ်ချ"

"ဘာကွ၊ ငါ့ကို. . ဒယ်ဒီ ဟုတ်လား၊ မင်းက ဘာကောင်မို့လို့လဲ"

ဒေါသနှင့်အတူ လက်ကပါ ပါလာ၍ ခင်ရဲတိုက်၏ အင်္ကျီရင်ဘတ်ကို ဆွဲဆုတ်ပြီး လက်သီးနှင့်ထိုးဖို့ ဟန်ပြင်သည်။

"အမလေး. . ကိုတိုက် မလုပ်ပါနဲ့၊ အဲဒါ ရှင့်သမီးတော့ ရှင့်သမီး"

"ဟင်. . ငါ့သမီး ဟုတ်လား"

သမီးဆို၍ ရွယ်နေသော လက်သီးကို ရုတ်လိုက်ပြီး သေချာပြန်ကြည့်သည်။

"ဟုတ်တယ် ဒယ်ဒီရဲ့၊ မိတ်ကပ်အထူးပြုလုပ်ချက်တွေနဲ့ ယောကျ်ားလေးပုံစံ ရုပ်ဖျက်ထားတာ"

"ဟုတ်ပါတယ် အဘိုးရယ် သမီးက ဟာသ်ပါ"

"ဟင်. . ညည်း. . ညည်းတို့က ဒီလိုပုံစံတွေ ဘာလို့ ပြောင်းထားတာလဲ. . ဟမ်"

"အကြောင်းရှိလို့ပေါ့ ဒယ်ဒီရယ်"

သမီးနှင့် မယားပါမြေးကို နားမလည်စွာကြည့်ပြီး ဦးစိန်တိုက် ဘာပြောရမှန်းပင် မသိတော့။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ဟိုကောင် ခန့်လူကို အိမ်မှာမတွေ့တာ အတော်ကြာပြီ၊ ဒီကောင် ဘယ်ကိုသွားနေတာလဲ၊ ဒီကောင့်ဖုန်းကို ဆက်တော့လည်း ဖုန်းမကိုင်ဘူး"

"သူ ခရီးထွက်သွားတယ်လေ ဒယ်ဒီရဲ့"

"ငါ မသိရပါလား"

ဒီသားမက် ခုတလော ခိုင်းလျှင် အိမ်မှာမရှိ။

"ဒယ်ဒီကို ပြောချိန်တောင်မရလိုက်ဘူး ဒယ်ဒီရယ်"

အမှန်အတိုင်း ပြောလိုက်လျှင်၊ ကိုယ့်ထက်ပိုပြီး ပေါက်ကွဲသွားမယ့်သူက ဒယ်ဒီပင်ဖြစ်သည်။

ထို့ကြောင့် ဖုံးကွယ်သင့်သလောက် ဖုံးကွယ်ရမည်။

"ဒီကောင် ခုတလော ခြေလှမ်းတွေ ပျက်နေတယ်၊ အိမ်အလုပ်တွေကိုလည်း ဘာတစ်ခုမှ မလုပ်ချင်ဘူး"

"ကဲပါ ဒယ်ဒီရယ်၊ မကျေနပ်တာရှိရင် သူပြန်လာမှပြော၊ သမီးတို့ ကိစ္စရှိလို့ ခဏခရီးထွက်ရမယ်၊ ဒယ်ဒီတို့အတွက် ဒေါ်မြင့်ကို ထားခဲ့မယ်၊ သူ တော်ကြာရောက်လိမ့်မယ်"

ဒယ်ဒီ့ကိုနှုတ်ဆက်ပြီး ရေးကြီးသုတ်ပြာဖြင့် ခရီးထွက်ခဲ့လိုက်သည်။

ခုချိန်လောက်ဆို ခန့်လူတို့လည်း ချောင်းသာကိုသွားဖို့ ကားဂိတ်ကိုရောက်လောက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၈)

"မမ . . ဟိုမှာ ကိုခန့်နဲ့ သူ့ကောင်မလေး၊ အမလေး ချစ်နေလိုက်ကြတာ ကြည့်စမ်းပါဦး"

တစ်ယောက်ခါးတစ်ယောက်ဖက်ပြီး ကားပေါ်မှာ ကြည်နူး နေကြသောမြင်ကွင်းကြောင့် ဟသ်ာဖြူ အသည်းဆတ်ဆတ်ခါ နာရသည်။

ခင်ရဲတိုက် အံတစ်ချက် ကြိတ်လိုက်သည်။ ကောင်မလေးက အရပ်ရှည်ရှည် အသားဖြူဖြူနှင့် ချစ်စရာကောင်းပေမယ့် အမူအယာက တည်ငြိမ်မှုတော့မရှိ။

လက်ထပ်ပြီး မိန်းမကိစ္စ ငြိမ်သွားပြီ ထင်ထားခဲ့မိတာ . .

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ တစ်ယောက်နှစ်ယောက်နှင့်ပင် **အားမရ** **မျောက်သစ်ကိုင်း** ကူးသလို ဟိုခုန်ကူး ဒီခုန်ကူးနှင့် ထိုသို့သောယောက်ျားမျိုးကို ခင်ရဲတိုက် အမုန်းဆုံးပဲဖြစ်သည်။

ကိုယ့်ကိုကြောသွား၍ မခံချင်ဖြစ်ပြီး ချောင်းသာထိ လိုက်လာရပေမယ့် ပြန်ပေါင်းဖို့ကိုတော့ ဘယ်လိုမှ စဉ်းစား၍မရ။

ယောက်ျားတစ်ယောက်၏ ဖောက်ပြန်ခြင်းခံရသော ဇနီးမယားတစ်ယောက်အနေနှင့် ဘယ်လောက် ခံရခက်လိုက်ပါသလဲ။

"မမ ညီမပြောတာကြားလား၊ မြင်ရော မြင်ရဲ့လား"

"အင်း. . မြင်သားပဲ"

"မမနတ်သမီး ဘာမှမခံစားရဘူးလား"

အားမလိုအားမရအမေးကြောင့် ခင်ရဲတိုက် မဲ့ပြုံးပြုံး လိုက်သည်။

"ဌက်ကလေးရော ဘယ်လိုခံစားရလဲ"

ခင်ရဲတိုက် အမေးကိုဖြေဖို့ နှုတ်ရွှံ့နေသည်။

"ဟို. . ဟိုလေ. . တ. . တကယ်တော့ ညီမလေး မမကို တောင်းပန်ချင်တယ်၊ အကယ်၍ ကိုခန့်သာ ညီမဆီကို ပြန်လာရင် ညီမ ကိုခန့်ကို လက်မခံတော့ပါဘူး၊ ခု. . ခုလို. . လိုက်လာတာက လည်း မမနဲ့ အဖော်လိုက်လာပေးရုံသက်သက်ပါ"

သူ့အမှား သူသိကာ တောင်းပန်တိုးလျှိုးနေသော ဌက်ကလေးကို ဟသ်ာဖြူ အပြစ်မတင်ချင်တော့ပါ။ ဒီလိုအမှားမျိုး ဆိုတာက ယောက်ျားလေးဘက်က စမှားမှသာ မှားတတ်သည့်အမှားမျိုးမို့. . ကိုယ့်ယောက်ျားကမစပဲ ဌက်ကလေးက 'စ'စရာအကြောင်းမရှိ။

"မမသဘောပေါက်ပါတယ် ဌက်ကလေးရယ်၊ မင်းကို အပြစ်မတင်ရက်သလို မုန်းလည်းမမုန်းပါဘူး၊ ခြံခုန်စရိုက်နွား ခြံခုန်



www.burmeseclassic.com

www.burmeseclassic.com



သလိုမျိုး ခန့်လူက ဟိုအရင်ကတည်းက မိန်းမနဲ့ပတ်သက်ရင် ဟန်မဆောင်တတ်ဘူး၊ မိန်းမတွေနဲ့ တစ်ယောက်ပြီးတစ်ယောက် ပျော်ပါးချင်တယ်၊ အချစ်ဟောင်းကို စွန့်ပစ်ပြီး အချစ်သစ်တွေနဲ့ ကြိမ်ဖန်များစွာ ပျော်မွေ့ချင်တဲ့လူစားမျိုး"

ခင်ရဲတိုက်ပြောမှပင် ဟသ်ာလည်း ခန့်လူ၏ အပြုအမူအကျင့်စရိုက်တွေကို သတိပြုမိသွားကာ ခံစားသွားရသည်။

ဒါတွေအားလုံးဟာ ကိုယ့်အမှားတွေချည်းပါပဲ။

"ကဲပါ၊ လာ. . ကားထွက်တော့မယ်၊ မမတို့ ကားပေါ် မြန်မြန်တက်ရအောင်"

ကျောပိုးအိတ် ကိုယ်စီလွယ်ကာ ခန့်လူတို့ အတွဲနောက်မှ လိုက်တက်ပိုက်ကြသည်။

"ကိုကို ရေသန့်ဗူးတွေရော ပါရဲ့လား"

"ပါပါတယ် ခေးရဲ့၊ ကိုကို အားလုံးစီစဉ်ပြီးသား၊ လာ. . လာ. . ပြတင်းပေါက်ဘက်မှာ ထိုင်နော်၊ တော်ကြာ ခေးမူးနေမယ်"

သဲသဲလှုပ် အဖြစ်သည်းပြနေသော ခန့်လူကို အမြင်ကတ်လာသည်မို့ ခင်ရဲတိုက် တစ်ခုခုကို ပညာပေးဖို့ ကြံစည်လိုက်သည်။

ထို့နောက် ရပ်နေသော ခန့်လူနောက်မှ လိုက်ဝင်လာပြီး ခန့်လူ၏ခြေသလုံးကို ခပ်ဆတ်ဆတ် ကန်လိုက်သည်။

"ဒုတ်. ."

"အ. ."

"ဟာ. . ဟော့. . ခင်ဗျား. . ဒါ ဘာလုပ်တာလဲ"

"ဗျာ. . ဘယ်သူ့ကိုပြောတာလဲ"

"ခင်ဗျားကိုလေ၊ ဘာကြောင့် ကျုပ်ကို ခြေထောက်နဲ့ ကန်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . မကန်ပါဘူးဗျာ"

"အ. . အား. . နာတယ်၊ ဆံပင်ကို ဆွဲထားတယ်"

"ဟင်. . ဖြစ်ပြန်ပြီ"

ဟသ်ာက နောက်ကျောမှီ ခုံပေါ်တွင် ဖြန့်ကျနေသော ခေး၏ဆံစကို မတော်တဆ ထိမိဆွဲမိသလိုဟန်ဖြင့် ခပ်နာနာဆောင့်ဆွဲလိုက်သည်မို့ ခေး ထအော်ခြင်းဖြစ်သည်။

"ဟာ. . ဆော. . ဆောရီးနော်၊ မတော်လို့"

ဟသ်ာဖြူ ဩရှရှအသံမျိုးလုပ်ကာ တောင်းပန်လိုက်သည်။

"ရှင့် မတော်လို့က ခေးရဲ့ ခေါင်းကဆံပင်တွေ အကုန်ကျွတ်ထွက်တော့မယ်ရှင့် သိရဲ့လား၊ ဟွန်း. . မျက်မှန်အမည်းကြီးတွေတပ်ပြီး မျက်မမြင်ကျောင်းကများ လာတာလားမသိပါဘူး"

"အေးကွာ. . ဒီမှာ ကိုယ့်ကိုလည်း ဝင်တိုက်တယ်၊ ဘယ်လိုလူတွေလည်း မသိပါဘူး၊ ခေးပြောသလို မျက်မမြင်ကျောင်းကပဲဖြစ်မှာပါ"

"ဘာပြောတယ်၊ ခင်ဗျားစကားပြောဆင်ခြင်စမ်း၊ ခင်ဗျားသာ မယားငယ်ငယ်လေးနဲ့ ကြူချင်တိုင်းကြူနေပြီး ဘေးလူတွေကိုမမြင်တာ"

ခင်ရဲတိုက် ဒေါသသံဖြင့် ရန်ပြန်ထောင်လိုက်သည်။

"လာပါကိုကိုရာ. . မွန်နေတဲ့သူနဲ့ စကားဖက်ပြောမနေနဲ့၊ ကျွန်တော်တို့ ချောင်းသာ ခရီးစဉ်မှာ ဒီလိုလူစားမျိုးတွေနဲ့ ရန်ဖြစ်လို့ ဘာအကျိုးမှမရှိဘူး၊ ပုံစံကြည့်ရတာတော့ အိမ်က မယားကြီးကိုပစ်ပြီး စမော်လ်လေးနဲ့ လာကြူတဲ့ပုံပဲ"

အနာပေါ် တုတ်ကျသွားသဖြင့် ခန့်လူ ဆွေ့ဆွေ့ခုန်ဒေါသဖြစ်သွားပြီး မျက်နှာကြီးနီမြန်းလာကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"မင်း. . မင်းတို့ ဘာစကားပြောတာလဲ"

"ရှင်တို့ စကားပြောတာကြည့်ပြော၊ ကျွန်မကိုကိုက လူပျို စစ်စစ် ဘာရေမှရောမထားဘူး"

ဟာသ်ာဖြူ ခွီးခနဲ ရယ်လိုက်သည်။

"ဟော့ကောင် မင်းက ဘာရယ်တာလဲ"

"ခင်ဗျား လူပျိုဆိုလို့ ရယ်တာလေ"

"ကဲ. . ခရီးသည်တွေခင်ဗျား၊ စိတ်အခန့်မသင့်လို့ စကား များမယ်ဆိုလျှင် ချောင်းသာကမ်းခြေရောက်မှ စကားဆက်များကြ ပါ၊ အခု ကားထွက်တော့မှာမို့ ကိုယ့်ထိုင်ခုံလေးတွေမှာ နေရာယူပေး ကြပါ"

ကားသမားရဲ့စကားကြောင့် ခန့်လူ ထွက်ပြူနေသောဒေါသ တွေကို ပြန်ရုပ်လိုက်ပြီး နေရာမှာဝင်ထိုင်လိုက်သည်။

ဒီကောင်နှစ်ကောင်ပြောသည့်စကားက အမှန်တရားတစ်ခု ကို သိနေ၍ ကိုယ့်ကိုလှောင်နေသလိုလို ခရီးတစ်လျှောက်လုံး သူ တို့နှင့် ဘေးချင်းယှဉ်သွားရမည်မို့ သတိတော့ထားရမည်။ ပုံစံတွေ က ရုပ်ရှင်ထဲက လူမိုက်လိုရုပ်မျိုးတွေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၉)

မျက်.စိတဆုံး မြင်နေရသော ပင်လယ်ပြင်ကြီးနှင့် ပျံ့ပြူးကျယ်ပြန့်သော သဲသောင်ပြင်မှာရပ်ရင်း တိုက်ခတ်လာသော လေပြည်ကို တစ်ဝကြီးရှူရှိုက်မိပြီး လူကလန်းဆန်းသွားပေမယ့် ရင်ထဲက ခံစားမှုတွေကတော့ လန်းဆန်းလတ်ဆတ်မလာ. . .

ရင်ထဲမှာ မခံစားရဘူးဟု အားတင်းထားပေမယ့် မသိစိတ်က သူ့အလိုလို ခံစားနေရတာတော့ ဘာတတ်နိုင်မှာလဲလေ။

“မမ ညီမတို့ ဘာဆက်လုပ်ကြမလဲဟင်”



www.burmeseclassic.com

www.burmeseclassic.com



သဲသောင်ပြင်မှာ ခြေစုံရပ်ပြီး ပင်လယ်ဘက်ကို ငေးမော နေသော ခင်ရဲတိုက် ဟသ်ာဖြူကို ငဲ့ကြည့်လိုက်ပြီး. . .

"အခြေအနေကိုကြည့်ပြီး ရင်ဆိုင်ရမှာပေါ့ ငှက်ကလေး ရယ်၊ ခုဟာက ကိုယ်မျက်စိရှေ့တင် လက်ပူးလက်ကြပ် မိနေပေမယ့် မယားကြီး မယားငယ်တွေ ထိပ်တိုက်ဖြစ်ကြမယ့်ပွဲမျိုးကိုတော့ မမ မလိုလားဘူး၊ မမ ပညာပေးချင်တာ ခန့်လူကိုပါ။ ဒီကလေးမလေးကို မဟုတ်ဘူး"

"ဟုတ်တယ်နော်မမ၊ ကိုခန့်လူ အပြောင်းအလဲ မြန်တာကို တော့ ညီမလည်း အံ့သြလွန်းလို့ သူနဲ့ပတ်သက်မိတာ မှားလေခြင်း ဆိုပြီး နောင်တတွေပဲ ရနေမိတယ်"

"ငှက်ကလေးလိုပဲ မမလည်း နောင်တရပါတယ်ကွယ်"

"ဟော. . ဟိုမှာ ထွက်လာကြပြီ. . မမ"

ဘန်ဂလိုထဲမှ ထွက်လာကြသော ခန့်လူနှင့် ခေးကို ဟသ်ာ ဖြူမြင်ပြီး မေးငေါ့ပြလိုက်သည်။

"သူ တော်တော်ပျော်နေပုံပဲ၊ မမက သူ့ရဲ့အပျော်တွေကို စက္ကူစုတ်တစ်ရွက်လို နင်းခြေဆုတ်ဖြဲပစ်ချင်တာ၊ နောက်ဆုံးမှာ သူ တစ်ယောက်ထဲ အထီးကျန်စွာနဲ့ ဇာတ်သိမ်းစေချင်တာ"

နာနာကျင်ကျင်ပြောနေသော ခင်ရဲတိုက်ကိုကြည့်ပြီး. . ဟသ်ာ သက်မမောတစ်ချက်ကို လေပြည်ထဲ မှုတ်ထုတ်လိုက်သည်။

ဘယ်လောက်ကြီးပဲ ပြတ်ပါတယ်ပြောပြော ဟသ်ာတို့ဘဝ တွေကို သူ့ထံမှာ ပုံအပ်ခဲ့ပြီးကြပြီလေ။

သဲသောင်ပြင်ခုံတန်းလျားမှာထိုင်ကာ အုန်းရည်သောက်ပြီး စကားတွေ ဖောင်ဖွဲ့အောင်ပြောနေသော ခန့်လူကိုကြည့်ပြီး ခင်ရဲ တိုက် ဖုန်းခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို"

ခင်ရဲတိုက် ခေါ်လိုက်သောဖုန်းကို ဒီတစ်ခါတော့ ခန့်လူကိုင်သည်ကို မြင်နေရသည်။ ဖုန်းယူကာ ရေစပ်နားသို့ လျှောက်သွား၏။

"ဩော်. . ချစ်. . ကိုယ်. . အခု. . နေပြည်တော်မှာကွ"

ခင်ရဲတိုက် မဲ့လိုက်ပြီး. . .

"ဒါနဲ့များ ကျွန်မဆီ ဘာလို့ဖုန်းမဆက်တာလဲရှင်၊ ကျွန်မက ရှင်များ အိမ်ပေါ်က အပြီးဆင်းသွားပြီလားလို့ စိတ်ပူနေတာ"

"ဩော်. . ဆင်းစရာလားချစ်ရယ်၊ ကိုယ့်မှာ အလုပ်တွေ များလွန်းလို့လေ၊ ချစ်ဆီ ဖုန်းခေါ်ချိန်တောင်မရဘူး၊ ချစ်နေကောင်းလား၊ ဒယ်ဒီတို့ လင်မယားရော. . ."

"နေကောင်းပါတယ်၊ သူတို့တောင် ချောင်းသာကို ဟန်းနီးမွန်းခရီးထွက်မယ်လို့ ပြောနေကြတယ်"

ခင်ရဲတိုက် တမင် ကလိလိုက်သဖြင့် ခန့်လူ ထိပ်ထိပ်ပျာပျာ ဖြစ်သွားသည်။

"ဟာ. . ဒီလောက်ရာသီဥတုအေးနေတာ မသွားခိုင်းပါနဲ့ကွာ၊ သွားချင်ရင် ကိုယ်ပြန်လာမှ မိသားစုတွေ တူတူသွားကြမယ်လို့ ပြောလိုက်နော်၊ ချစ်ပြောဖြစ်အောင် ပြောလိုက်နော်၊ ချောင်းသာကို လုံးဝမလွှတ်လိုက်နဲ့"

ဖုန်းထဲမှ အထိတ်တလန့် အသံတင်မဟုတ်၊ အပြင်မှ လှုပ်ရှားမှုကိုပါ မျက်ဝါးထင်ထင် မြင်နေရ၍ ခင်ရဲတိုက် မဲ့ပြုံးပြုံးလိုက်သည်။

"ပြောပါတယ်. . ပြောလို့ကိုမရဘူး၊ ရှင့်ရဲ့ မိထွေးယောက်ျားက သူ့မြေး ဟသ်ာဖြူကိုပါ ခေါ်သွားမယ်တဲ့ ပြောမရဘူး၊ ကျွန်မပါ လိုက်ချင်လိုက်သွားမှာ ရှင်အလုပ်အားရင် ချောင်းသာကို တန်းပြီး



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့လိုက်"

"ဟမ်. . "

ခန့်လူ ငယ်ထိပ်မြွေပေါက်ပြီ။ ကောင်မလေးနှင့် တဝကြီး ကြည်နူးမည်ဟု အားခဲထားသမျှတွေ ဘယ်လွင့်ကုန်မလဲတောင် မသိတော့။

ခပ်လှမ်းလှမ်း တစ်နေရာမှ ခန့်လူကို နောက်ကျောပေးပြီး ဖုန်းပြောနေသော ခင်ရဲတိုက်ကိုသာ မြင်လိုက်လျှင် သူ့အမှားသူ ရင်မဆိုင်ရဲ၍ မြေကိုလျှိုးပြီးများ ထွက်ပြေးမလား မသိနိုင်။

"ဟဲလို. . ဟဲလို. . ဟဲလို"

ခင်ရဲတိုက် ဖုန်းကိုပိတ်လိုက်သဖြင့်. . ခန့်လူ ရေစပ်မှာ တဟလိုထဲဟလိုနေသည်။

"ဟင်း. . . ဗြောင်လိမ်ဗြောင်စားလုပ်ချင်တဲ့လူ နေပြည်တော်မှာတဲ့"

တစ်ယောက်ထဲ ရေရွတ်ပြီး ခန့်လူတို့ အတွဲရှိရာသို့ မနှစ်မြို့စွာ လှမ်းကြည့်လိုက်ပြီး အံတစ်ချက် ကြိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၀)

"မမ . . အဘိုးနဲ့ အဘွားကိုပါခေါ်ပြီး ဘာလုပ်မှာမို့လဲ"

"အားလုံးရှေ့မှာ ဒီလူ ဘယ်လိုမျက်နှာနဲ့ သူ့အပြစ်ကို သူဝန်ခံမလဲလို့သိချင်လို့ ခေါ်လိုက်တာ"

ခင်ရဲတိုက် စကားကြောင့် ဟသ်ာဖြူ မျက်ရည်ဝဲတက်လာသည်။

"တကယ်ဆို အဲဒီလိုအပြစ်မျိုးကို ညီမလည်း ကျူးလွန်ခဲ့မိတာပဲလေ မမရဲ့၊ အဲလိုအခြေအနေမျိုးကြီးကို ရင်မဆိုင်ရဲဘူး"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ထဲမှာ ဘာမှထည့်မထားနဲ့၊ လူဆိုတာ မမှားဘူးတဲ့သူ မရှိပါဘူး၊ ခန့်လူသာ တစ်ကြိမ်တစ်ခါပဲ မှားခဲ့တာဆိုရင် မမ ခွင့်လွှတ်လို့ရပါတယ်၊ ခုဟာက သူက အမှားတွေ တစ်ကြိမ်တစ်ခါမှမကတာ၊ ညီမကို ခွင့်လွှတ်နိုင်ပေမယ့် သူ့ကိုတော့ ဘယ်နည်းနဲ့မှ ခွင့်မလွှတ်ဘူး"

ထိုစဉ်. . .

"ဘယ်လိုလဲ ရှာလို့တွေ့လား အဲဒီကောင်မကို"

"ခုချိန်ထိတော့ ရှာနေတုန်းပဲ"

"ချောင်းသာကို လာတယ်ဆိုတဲ့သတင်းက မှန်ရောမှန်ရဲ့လားကွာ၊ ငါက ဓါတ်ပုံထဲမှာပဲ မြင်ဖူးတာ၊ အပြင်မှာ မမြင်ဖူးတော့ ရှာရခက်တယ်ကွ"

ဘေးဝိုင်းမှာထိုင်နေသော လူနှစ်ယောက် တစ်စုံတစ်ဦးကို အသည်းအသန် လိုက်ရှာနေပုံပေါက်သဖြင့် ခင်ရဲတိုက်နှင့် ဟသ်ာဖြူ ဘာရယ်မဟုတ် လှမ်းပြီးအကဲခတ်လိုက်သည်။

ရုတ်တရက် ခင်ရဲတိုက်၏မျက်နှာ အံ့ဩဟန်ဖြစ်သွားပြီး တစ်ဖက်ဝိုင်းမှ လူတစ်ယောက်ကိုင်ထားသောလက်ထဲမှ ဓါတ်ပုံကို နောက်တစ်ကြိမ် အသေအချာ လှမ်းကြည့်လိုက်သည်။

သေချာပြီဆိုမှ ဟသ်ာဖြူကို လက်တို့ကာ. . .

"ဌက်ကလေးကြည့်စမ်း၊ ဟိုဓါတ်ပုံကို ကြည့်စမ်း"

ဟသ်ာဖြူပါ အထူးအဆန်းသဖွယ် ငဲ့ကြည့်လိုက်ပြီး. . .

"ဟင်. . မမနတ်သမီး၊ ဒါ ကိုခန့်တွဲနေတဲ့ ကောင်မလေး မဟုတ်လား"

"ညီမရော အဲလိုထင်လား"

"ဟုတ်တယ် သေချာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီလို ချောမောသည့်ရုပ်ရည်မျိုး မမှတ်မိစရာ အကြောင်းမရှိ ဒီထက် ပိုမှတ်မိစရာအကြောင်းကတော့ ကိုခန့်နှင့် ဖောက်ပြန်နေသည့် မိန်းကလေးမို့ပင် ဖြစ်သည်။

"ဒီကောင်မလေးကို ဘာကြောင့် သူတို့ လိုက်ရှာနေကြသလဲဆိုတာ ငါသိချင်တယ်"

ခင်ရဲတိုက် စိတ်မြန်လက်မြန်နှင့် ထိုင်ရာမှထလိုက်ပြီး တစ်ဖက်ဝိုင်းကို ကူးလိုက်သည်။

"အစ်ကိုတို့ ရှာနေတဲ့ ဓါတ်ပုံထဲက ကောင်မလေးက မော်ဒယ်လားအစ်ကို"

ဖွတ်အတင်း ဝင်ရောလိုက်သော ခင်ရဲတိုက်ကို ထိုလူနှစ်ယောက် မော့ကြည့်လိုက်သည်။

"မဟုတ်ပါဘူး၊ ငါ့ညီက သူ့ကိုသိလို့လား"

"ကျွန်တော် သူ့ကို ချောင်းသာကိုလာတုန်း ကျွန်တော်တို့ ကားပေါ်မှာ တွေ့လိုက်တယ်၊ သူက တော်တော်လှလို့ သတိထားမိလိုက်ရုံလေးပါ"

ထိုလူနှစ်ယောက် မျက်နှာတွေ မှိုရသလို ပြုံးသွားကြသည်။

"ဒါဆို သူ ချောင်းသာမှာရှိနေတာ သေချာပြီပေါ့၊ ဟုတ်လား. . ညီလေး"

"ရှိချင်ရှိမှာပေါ့ အစ်ကိုရ၊ ချောင်းသာကမ်းခြေက အကျယ်ကြီးမှ မဟုတ်တာ၊ ဒါနဲ့ သူ့ကို ဘာလို့လိုက်ရှာနေတာလဲ"

"သူက အစ်ကိုတို့ဘောစိရဲ့ အသည်းကျော်လေးလေ၊ သမီးအရွယ်ကောင်မလေးကို လက်ထပ်ပြီး အချစ်တွေ လွန်ကဲတော့ သူက အဲဒီဒဏ်တွေမခံနိုင်လို့ ပစ္စည်းတွေမပြီး ထွက်ပြေးတာလေ"

ကောင်မလေး၏နောက်ကြောင်းရာဇဝင်ကိုပါ သိလိုက်ရပြီ



www.burmeseclassic.com

www.burmeseclassic.com



မို့ နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် အခဲပွဲယ်ပါပါ ကြည့်လိုက်ကြသည်။

ဒီတစ်ခါ ခန့်လူ ခံစားရမည့် အလှည့်ပဲ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၁)

"ညီမ. . မမတို့ အထဲဝင်မယ်နော်"

အခန်းတံခါး ဖွင့်ထားသဖြင့် ရေကူးပြီးပြန်လာသော ခင်ရဲတိုက်နှင့် ဟာသ်ာကို မသိသဖြင့် သေချာကြည့်လိုက်ပြီး. . .

"မမတို့က ဘယ်သူတွေလဲ၊ ခေးက မမတို့ကို မသိဘူး"

"မင်းက မမတို့ကိုမသိပေမယ့် မမတို့ကတော့ မင်းကိုသိတယ် ညီမရဲ့"

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရည်ချောမောပြေပြစ်သော မမနှစ်ယောက်က ခေးကို သိတယ်ဆိုပါလား။

"ဟုတ်. . မမ၊ ဘာ. . ဘာကိစ္စ ရှိလို့လဲဟင်၊ လာ. . ဝင်ပါ မမ"

အခန်းထဲကိုဝင်ဖို့ ဖိတ်ခေါ်သဖြင့် နှစ်ယောက်သား ဝင်ခဲ့ကြသည်။

"မင်းရဲ့အဖော် ခန့်လူရော"

"ရှင်. . မမတို့က ကိုကို့ကို သိတယ်ဟုတ်လား"

ကိုယ်ပေါ်မှရေစက်တွေကို မွေးပွသဘက်ဖြင့် သုတ်ပြီး တအံ့တသြ ပြန်မေးသည်မို့ ခေါင်းညိတ်ဖြေလိုက်သည်။

"မင်းနဲ့ ကိုခန့်က ချစ်သူတွေလား"

"ဟုတ်. . ဒါပေမယ့် ချစ်သူဖြစ်တာ မကြာသေးပါဘူးမမ"

"သူ့အကြောင်းကိုရော မင်းသိလား၊ နောက်ပြီး သူ့မှာ အိမ်ထောင် ရှိမရှိပေါ့"

"သူ. . သူက လူပျိုတဲ့၊ အိမ်ထောင်မရှိလောက်ပါဘူး မမ"

ယုံလွယ်သော ကောင်မလေးကို ဟာသအပြစ်တင်ချင်ပါသည်။ သို့သော်. . အပြစ်တင်စကားတော့ မပြောဖြစ်လိုက်၊ သူက လူပျိုမို့တွဲတာ ကိုယ်က အိမ်ထောင်ရှိတာသိသိကြီးနှင့် အမှားတစ်ခုကို ကျေကျေနပ်နပ်ကြီး ကျူးလွန်ခံလိုက်တာ. . .။

"ဒါနဲ့ ငါ့ညီမကရော အပျိုလား"

ခင်ရဲတိုက်အမေးကို ကောင်မလေး ချက်ချင်းမဖြေဘဲ ခေါင်းငုံ့သွားသည်။

"အင်းလေ ဖြေရခက်နေရင်တော့ မဖြေနဲ့ဦး၊ ဒါပေမယ့် ခန့်လူအကြောင်းကိုတော့ ညီမ သိသင့်တယ်၊ တကယ်တော့လေ



www.burmeseclassic.com

www.burmeseclassic.com



မမက ခန့်လူရဲ့ မိန်းမပါ"

"ရှင်. ."

ခေးဆိုသော ကောင်မလေး အကြီးအကျယ် တုန်လှုပ်သွားပြီး ခင်ရဲတိုက်ကို ကြောက်ရွံ့စွာ ကြည့်လိုက်သည်။

"မမရယ်. . ခေး. . ခေးလေ၊ သူ့ကို လူပျိုထင်ပြီး တွဲခဲ့တာပါ၊ ခေး တောင်းပန်ပါတယ်"

ကောင်မလေး အလန့်တကြားဟန်ဖြင့် တောင်းပန်တိုးလျှိုးသည်။ ခင်ရဲတိုက် မိန်းမချင်း ကိုယ်ချင်းစာပြီး အပြစ်မတင်ရက်ပါ။

"တောင်းပန်တာထက် အမှားကို ပြင်တာက ညီမအတွက် ပိုပြီး အကျိုးသက်ရောက်မှုကောင်းမယ် ညီမရေ"

"အမှန်ဆို ညီမကလည်း အပျိုမဟုတ်ဘူးဆိုတာ မမတို့ သိပြီးသားပါ၊ အခု ညီမအတွက် ဒီနေရာဟာ အရမ်းကိုအန္တရာယ်များတဲ့နေရာပဲ"

ခေးမျက်နှာမှာ ဟသ်ာ၏ သတိပေးစကားကြောင့် သွေးစုပ်ဖြူလျော်သွားသည်။

"မမတို့ ဘယ်လိုလုပ်ပြီး သိတာလဲဟင်"

"မင်းရဲ့နောက်ကို ခြေရာခံလိုက်နေတဲ့သူတွေ ချောင်းသာကို ရောက်နေကြပြီ၊ သူတို့ပြောပြလို့ သိရတာ"

ထိပ်ထိပ်ပျာပျာဖြစ်သွားသော ခေးမှာ ခင်ရဲတိုက်နှင့် ဟသ်ာကို အားကိုးကြည့် ကြည့်လိုက်ပြီး. . .

"ခေး ဒီမှာရှိနေတာကို မပြောလိုက်ပါနဲ့နော်မမ၊ ခေး အဲဒီ အဘိုးကြီးဆီကို ပြန်မသွားပါရစေနဲ့၊ ဒီတစ်ခါ ခေးကို သူတို့ မိသွားရင်လေ ခေးဘဝကြီး အကျဉ်းထောင်ထဲ ရောက်သွားသလို အပြင်လောကနဲ့ အဆက်အသွယ် ပြတ်သွားလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ဒီနေရာကနေ့ မင်း အမြန်ရှောင်တော့"

"ခေးက ဘယ်မှ မသွားတတ်မလာတတ်နဲ့ ရန်ကုန်ကို တစ်ယောက်ထဲ မပြန်ရဲဘူး၊ ခေးကိုကူညီပါ မမရယ်"

မလည်မဝယ် သနားစရာကောင်းသော ခေးဆိုသည့် ကောင်မလေးပုစံကြည့်ရတာ ကူကယ်ရာမဲ့နေပုံပင်၊ အတော်လေး ကြောက်နေရှာသော ခေးကိုကြည့်ပြီး ခင်ရဲတိုက် အကြံတစ်ခု လှစ်ခနဲ ရသွားသည်။

ထိုစဉ် ဘန်ဂလိုပေါ်သို့တက်လာသော ခြေသံကြောင့်. . အခန်းတံခါးဘက်သို့သွားပြီး မသိမသာ ချောင်းကြည့်လိုက်သည်။

"ဟင်. . ခန့်လူ"

တံခါးကို အထဲမှ လော့ခ်ချလိုက်သည်။

"ဌက်ကလေး သူလာနေပြီ၊ ငါတို့ ဒီကထွက်ဖို့ မလွယ်တော့ဘူး၊ ဘယ်လိုလုပ်မလဲ"

နှစ်ယောက်သား အခန်းထဲမှထွက်ရန် နည်းလမ်းရှာရ၏။

"ဒေါက်. . ဒေါက်. . ဒေါက်"

"ခေး. . ခေးရေ တံခါးဖွင့်ကွာ"

အပြင်မှ ခန့်လူအသံကို ကြားရသည်။

"မမတို့ ခုမှတော့ ထွက်ဖို့မလွယ်တော့ဘူး၊ ဟောဟို လိုက်ကာနောက် ဝင်ပုန်းနေလိုက်"

နှစ်ယောက်သား လိုက်ကာနောက်ထဲသို့ ဖွေ့ခနဲ ဝင်ပုန်းလိုက်ကြသည်။ ခေး တံခါးကို သွားဖွင့်ပေးလိုက်သည်။

"ဟော့. . ခေး၊ ရေကူးပြီး ပြန်သွားတာကြာပြီ၊ ခုခ်ိန်ထိ အဝတ်အစား မလဲရသေးဘူးလား"

ခန့်လူကိုကြည့်ပြီး ခေး၏ ခြေဖျားလက်ဖျားတွေ ရေခဲရိုက်



www.burmeseclassic.com

www.burmeseclassic.com



ထားသလို အေးစက်လာသည်။

ခေးဘဝမှာ အားကိုးရာရပြီဆိုပြီး ပျော်နေသည့် အပျော်တွေဟာ လွန်ခဲ့သော မိနစ်ပိုင်းလောက်က အပိုင်းပိုင်း ကြေမွပျက်စီးသွားပြီ။

"ဟော့ . . ခေး၊ ကိုကိုပြောနေတာ ကြားလား၊ ဘာကြောင် ကြည့်နေတာလဲ"

"ဟင် . . ဟို . . မ . . မကြည့်ပါဘူး"

"မကြည့်ရင်လည်း အဝတ်အစား ပြန်ဝတ်၊ ပြီးရင် ကိုကိုတို့ ထမင်းသွားစားကြမယ်၊ ဗိုက်ဆာပြီကွာ"

"ဟင့်အင်း ခေးမစားချင်ဘူး၊ စားချင်စိတ်လည်း မရှိဘူး"

ထူးဆန်းနေသော ခေးကိုကြည့်ပြီး ခန့်လူ နဖူးကို စမ်းကြည့်သည်။

"ဘာဖြစ်လို့လဲ နေမကောင်းဘူးလား ခေး၊ ကိုကို့ကို စိတ်ပူအောင် မလုပ်နဲ့ကွာ၊ လာ . . အဝတ်အစား မြန်မြန်လဲ"

"မလဲဘူး၊ ခေး ဒီအခန်းထဲကနေ ဘယ်မှ မသွားဘူး၊ ကိုကို တစ်ယောက်ထဲ သွားစားပါဆိုမှ"

"ခေး ကိုကို့ကို စိတ်ကောက်နေတာလား"

အကြောင်းမဲ့ ဒေါသထွက်နေသည့် ခေးကိုကြည့်ပြီး ခန့်လူ နားမလည်နိုင်၊ စောစောက ရေကစားနေတုန်းကတောင် စိတ်ကြည် ကြည်လင်လင်နှင့် ပြုံးရွှင်ရယ်မောနေသေးတာ . .

"ဪ . . သိပြီ . . စောစောက ကိုကိုရေကူးကျန်ခဲ့တုန်းက စကားလာပြောတဲ့ ကောင်မလေးကြောင့်လား၊ အဲဒီကောင်မလေး က ကိုကို့ကို စပြီးမိတ်ဆက်တာပါကွာ . . ၊ သူ့နာမည် ချိုတေသံတဲ့၊ ကိုကိုလည်း လူမှုရေးအရ စကားခဏ ပြန်ပြောမိရုံလေးပါ"



www.burmeseclassic.com

www.burmeseclassic.com



စိတ်မလုံစွာ ပြန်ရှင်းပြနေသော အကြောင်းအရာသည် ခေးပင် သိလိုက်တာမဟုတ်၊ ခေး အပြင်မထွက်ချင်သည့် အကြောင်း အရင်းက ခေးကို အဘိုးကြီးတပည့်တွေ ခြေရာခံမိသွား၍ အပြင်ကို မထွက်တော့ခြင်း ဖြစ်သည်။ ခန့်လူကိုတော့ အသိမပေးလိုတော့။

“ကိုကို့ဟာကိုကို ဘယ်သူနဲ့ပဲ မိတ်ဖွဲ့မိတ်ဖွဲ့၊ ခေး စိတ်မဝင်စားဘူးကိုကို”

“ခေး ကိုကို့ကို မချစ်တော့လို့လား၊ ကိုကိုကတော့ ခေးကို ချစ်တယ်၊ ခေးကလွဲပြီး တလောကလုံးက မိန်းမတွေကို မိန်းမလို့ကို မမြင်လောက်အောင်ကို ကိုယ့်အချစ် ကိုယ့်နှလုံးသားကို ခေးဆီမှာ အပြီးအပိုင်နှင်းပြီးသားပါ”

ခေး မသိမသာ မဲ့လိုက်သည်။

မယားကြီးက လိုက်ကာနောက်ကွယ်မှာ ရောက်နေသည်ဆိုတာကိုသိလျှင် ခုလိုစကားတွေကို ပြောထွက်ပါဦးမလား။

လိုက်ကာနောက်ကွယ်မှာ ရပ်နေရသော ခင်ရဲတိုက်က လည်း ရင်ထဲမှာ တဆစ်ဆစ် နာကျင်လွန်း၍ ဝုန်းခနဲ ခုန်ထွက်ကာ မျက်နှာတပြင်လုံး စုတ်ပြတ်သတ်သွားအောင် တုတ်ဖွဲ့လိုက်ချင်တာ များ. . . ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၂)

“အဲ ဒီကောင်မလေး ဒီမနက်ပဲ ချောင်းသာက ပြန်ထွက်သွားပြီ အစ်ကို”

“ဟင်. . ဟုတ်လား၊ ဟာကွာ လွဲပြန်ပြီ”

ခင်ရဲတိုက်အကွက်ရွှေ့လိုက်သည်နှင့် ထိုလူတွေ ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး သူတို့အချင်းချင်း တီးတိုးဆိုကြသည်။

“ငါတို့ ဘယ်လိုလုပ်ကြမလဲ”

“ရန်ကုန်ပြန်လိုက်ရုံပဲ ရှိတော့တာပဲ၊ ဒီကောင်မလေးကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့မှဖြစ်မယ်၊ မတွေ့ရင် ငါတို့ ဇက်ပြုတ်လိမ့်မယ်"

"အေးလေ ဒီမှာမရှိတော့မှတော့ ရန်ကုန်ပြန်ရုံပေါ့၊ ငါတို့ကို ခုလို သတင်းပေးတဲ့အတွက် ကျေးဇူးပဲညီလေး၊ အဲ. . သူတို့ ရန်ကုန် ကားနဲ့ ပြန်သွားတာလား"

"ဟုတ်တယ်အစ်ကို. . ဒါကြောင့် ကျွန်တော် အစ်ကို့ကို အချိန်မီ လာပြောတာ၊ ခုနေ အချိန်မဆွဲပဲလိုက်ရင် မီလောက်တယ်"

"အေး. . ဟုတ်တယ်၊ ငါတို့က ကိုယ့်ကားနဲ့ကိုယ်ဆိုတော့ အမီလိုက်ရင် မီလောက်တယ်၊ ကဲ. . ကျေးဇူးပဲညီ၊ အစ်ကိုတို့ လစ်ပြီ"

ခင်ရဲတိုက်ကို နှုတ်ဆက်ပြီး ဒရောသောပါး ထွက်သွားကြသည်။ ထိုလူနှစ်ယောက်ကိုကြည့်ကာ ခင်ရဲတိုက် ပြုံးလိုက်သည်။

ကိုယ့်ယောကျ်ား၏ ဒုတိယမြောက် ဖောက်ပြန်ခဲ့သည့် မိန်းကလေးတစ်ယောက်၏ လွတ်မြောက်မှုအတွက် စိတ်ရင်းနှင့် ကူညီခဲ့ခြင်းဖြစ်သည်။

တကယ်တမ်း အတောင်ပံ ရိုက်ချိုးချင်တာက ဖောက်ပြန်တတ်သည့် ခန့်လူကိုပါ။

"တကယ်. . သူတို့ တကယ်သွားကြပြီ ဟုတ်လား"

"ဟုတ်တယ် ခေး၊ မမကိုယ်တိုင် ခေး ရန်ကုန်ပြန်သွားပြီလို့ ညာပြောပြီး လမ်းကြောင်းလွှဲလိုက်တာ"

ကြောက်စိတ်တို့ အနည်းငယ် ပြေသွားဟန်ဖြင့် ခင်ရဲတိုက်နှင့်ဟသ်ာဖြူကို တောင်းပန်တိုးလျှိုးသော အကြည့်ဖြင့်ကြည့်ပြီး. . .

"ခေးကို အပြစ်မတင်တဲ့အပြင် အခက်အခဲတွေကိုပါ ကူညီဖြေရှင်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် မမတို့ရယ်၊ ခုချိန်မှာလေ၊ ခေး မမတို့နဲ့ပူးပေါင်းပြီး ကိုခန့်လူကို ဘယ်လိုတုန့်ပြန်ရမယ်ဆိုတာ လိုက်နာဖို့ အသင့်ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် မင်း ခန့်လူနဲ့ ခပ်ဝေးဝေးမှာ၊ အဲ. . သူမမြင်နိုင်တဲ့နေရာမှာ ခဏလောက်ရှောင်ပေးမလား"

"ရှင်. ."

"မင်း ဒီနေ့ ချောင်းသာကနေ စိတ်ဆိုးပြီး ထွက်သွားဟန်ပြပေး၊ သူ မသိစေနဲ့"

"တ. . တကယ် ထွက်သွားပေးရမှာလား မမ"

"မဟုတ်သေးဘူး၊ မမက မင်းကို ခဏဖွက်ထားမယ်၊ လိုအပ်တဲ့အချိန်ကျမှ လူလုံးထွက်ပြ ဟုတ်ပြီလား"

"ဟုတ်. . ဟုတ်ကဲ့ မမ၊ ခေး မမခိုင်းတဲ့အတိုင်း လုပ်ပါ့မယ်"

"ကောင်းပြီ. . ခုရော သူ ဘာလုပ်နေလဲ"

"အိပ်. . အိပ်နေတယ် မမ"

"အိုခေ. . ဒါဆိုရင် ခုကစပြီး လှုပ်ရှားကြတာပေါ့"

ခင်ရဲတိုက် ဘယ်လိုအကွက်ဆင်မည်ဆိုတာကို ဟသ်ာရော ခေးပါ သိချင်ပေမယ့် မမေးတော့။

တကယ်ဆို ကိုယ်တွေက အပြစ်ကျူးလွန်ထားကြသည့်သူတွေပဲ။

"ခေး. . ခေးရေ. . လာပါဦးကွာ"

အိပ်ယာမှနိုးသည်နှင့် ခေးက အနားတွင်မရှိ ဘယ်အချိန်ကတည်းက အိပ်ယာထဲက ထထွက်သွားမှန်းမသိ။

အိပ်ချင်မူးတူးအသံဖြင့် အနားမှာနေရန် လှမ်းခေါ်ပေမယ့် တစ်ခန်းလုံး တိတ်ဆိတ်လျက်ရှိနေသည်။ ယှခင်ရက်တွေဆိုလျှင် အိပ်ယာမှ တော်တော်နှင့်မထဘဲ အပျင်းကြီးနေသော ခန့်လူကို. . ခေးက ဘေးကနေအမျိုးမျိုးနောက်ပြောင်ကျီစယ်ကာ မနိုးနိုးအောင် နှိုးတတ်သည်။ ဒီနေ့တော့ ထိုသို့မဟုတ်၊ ထူးဆန်းစွာ ငြိမ်သက်တိတ်



www.burmeseclassic.com

www.burmeseclassic.com


ဆိတ်၍နေသည်။

မျက်လုံးဖွင့်၍ ခေါင်းထောင်ကြည့်လိုက်သည်။

“ဟာ ဒီကလေးမ စောစောစီးစီး ကမ်းခြေမှာ တစ်ယောက်ထဲ လမ်းလျှောက်နေပြီထင်တယ်”

အိပ်ယာမှ ကုန်းထလိုက်ပြီး မျက်နှာသစ်ရန် ရေချိုးခန်းထဲဝင်ပြီး မျက်နှာသစ်ကာ ညဝတ်အင်္ကျီကိုချွတ်၍ အဝတ်အစားလဲမည်အလုပ်။

“ဟင်. . ခေး. . ခေးရဲ့ အဝတ်သေတ္တာကို မတွေ့ပါလား”

အဝတ်သေတ္တာနှင့် အသုံးအဆောင်ပစ္စည်းတွေ မတွေ့တော့၍ ခန့်လူ ကြောင်သွားသည်။

“ဘာလဲဟ၊ ပြန်သွားတာလား”

အဝတ်သေတ္တာကို အခန်းထဲအနှံ့ ခုတင်အောက်ပါမကျန်ရှာသည်။ ခေးသုံးသွားသော တစ်သျှူးတစ်စတောင် မတွေ့ရတော့။

“ဟာ. . ဘာလဲကွာ ဘာအထာလဲ၊ ဘာကို မကျေမနပ်ဖြစ်ပြီး ပြန်သွားတာလဲ”

တစ်ယောက်ထဲ မချင့်မရဲ ရေရွတ်ပြီး ဖုန်းခလုတ်တွေကိုနှိပ်လိုက်သည်။ ဖုန်းက စက်ပိတ်ထားပါသည်ဟုပဲ ပြန်၍ဖြေသည်မို့ မွေ့ယာပေါ်သို့ ဖုန်းကို မကျေမနပ် ပစ်တင်လိုက်သည်။

“ဟာ. . ဘာကြောင့် စက်ပိတ်ထားရတာလဲ”

ကိုယ့်ကိုအားကိုးပြီး ဒီချောင်းသာကိုလိုက်ခဲ့သောခေး. . ရန်ကုန်ကို တစ်ယောက်ထဲ ပြန်သွားတာတော့ ဘယ်လိုနည်းနဲ့မှမဖြစ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၃)

"ဟေး. . ယူ ဒီနေ့တော့ တစ်ယောက်ထဲပါလား၊ အဖော်မပါတော့ဘူးလား"

ကမ်းစပ်မှာ တစ်ယောက်ထဲ ခပ်ငူငူထိုင်နေသော ခန့်လူနား သို့ ချိုတေးသံ ရောက်လာသည်။ တစ်ယောက်ထဲ ငေါင်နေတာ စကားပြောဖော်ရပြီဟုတွေးကာ ချိုတေးသံကို ပြုံးပြလိုက်သည်။

"အဖော်က ပြန်သွားပြီ၊ ဒါကြောင့် တစ်ယောက်ထဲ အထီး ကျန်နေတာလေ"

ခုတစ်လော ကိုယ်တော်တော် စန်းပွင့်နေတာပဲဟု တွေးကာ



www.burmeseclassic.com

www.burmeseclassic.com


ကိုယ့်ရှေ့ ဘုတ်ခနဲကျလာသော အခွင့်အရေးကို အမိအရ ဆုပ်ကိုင်လိုက်သည်။

ဗီဇဆိုတာ မွေးရာပါအကျင့်တစ်ခုဟု ဆိုရမလိုပင်။ ငယ်စဉ်ကတည်းက ကောင်မလေးတွေနှင့် ရင်ဆိုင်တိုးပြီဆိုလျှင် ငါးမရရေချိုးပြန်မည်ဆိုသည့် အခွင့်အရေးမျိုးကို လက်ကိုင်ပြုထားပြီးသားမို့ ယခု ကိုယ့်ဘေးကိုရောက်လာသော ချိုတေးသံကိုလည်း ခရီးသွားဟန်လွှဲ တွေ့ကြုံရသည်ဟု သဘောထားမနေတော့ဘဲ ကိုယ့်ဆီ တိုးဝင်လာမည့် အခွင့်အရေးကိုသာ အသာတကြည် စောင့်ယူအသုံးချဖို့ သားကောင်တစ်ကောင်အဖြစ် မှတ်ယူလိုက်မိသည်။

"ဒါဆို တို့နဲ့ပူးပေါင်းမလား၊ တို့လည်း အဖော်မဲ့နေတာလေ"

ကိုယ်တိုင် အားစိုက်မထုတ်ရပါပဲနှင့် သူတို့ကစပြီး မြောင်းပေးလာသည်မို့ ခန့်လူဘက်က ရေလာဖို့ အသင့်ပင်ဖြစ်သည်။

"ကောင်းသားပဲ ဒီလိုနေရာမျိုးမှာထိုင်ပြီး အထီးကျန်နေမှာထက်စာရင် မင်းလိုမိန်းမလှလေးနဲ့ စကားတွေပြောနေရတာ ပိုပြီး အဓိပ္ပါယ် ရှိတာပေါ့"

မိန်းမဆိုသည့်အမျိုးက ချစ်စရာလည်း ကောင်းသလို တစ်ခါတစ်ရံမှာ မုန်းစရာလည်း ကောင်းသည်။ ခင်ရဲတိုက်လို မိန်းမမျိုး ဟသ်ာဖြူလိုမိန်းမမျိုး ပိုလို့တောင် မုန်းစရာကောင်းသေးသည်။

ခင်ရဲတိုက်က ရိုးသားပေမယ့် သူ့ကိုယ်သူ အထက်အရာရှိတစ်ယောက်လိုနေပြီး ကိုယ့်ခင်ပွန်းကိုတော့ ရုံးမှာတောက်တိုမယ်ရခိုင်းသော အကူအလုပ်သမားလို သဘောထားတတ်သည်မို့ စိတ်ထဲမှာ သိပ်ပြီး ဇီလင်မလာတော့ခြင်း ဖြစ်သည်။

ထို့ပြင်. . . ဟသ်ာဖြူရော ဘာထူးလဲ၊ ငယ်ရည်းစားမို့ သံယောဇဉ် ပြန်ခိုင်မယ်ရှိသေးသည်။ ကိုယ့်ကိုညာသည်။


www.burmeseclassic.com

www.burmeseclassic.com



သူ ကိုယ်ဝန်ရှိခဲ့ဖူးသည်ကို သိခဲ့ပြီးသည့်နောက်ပိုင်း စိတ်ကုန်သွားသည်။

ယခု ခေးနှင့်ဆုံလို့ ဘဝကို သူ့မှာပိုင်ဆိုင်သည့် စည်းစိမ်အချို့ကို မျှဝေသုံးစွဲရင်း ပျော်ပျော်ကြီးဖြတ်သန်းမည်ဟု စိတ်ကို ဒုန်းဒုန်းချလိုက်ပြီးကာမှ ကိုယ့်အနားကနေ မီးခိုးငွေ့တွေလို အငွေ့ပျံထွက်သွားပြန်သည်။

ဒါနဲ့တောင် ကံကြမ္မာက လက်မလျှော့သေး၊ ကိုယ့်အနားကို နောက်ထပ် မိန်းမလှလေးတစ်ယောက်ကို တွန်းပို့လိုက်ပြန်သည်။

အမှားတွေကို ကိုယ်ကစ ကျူးလွန်ဖို့ စိတ်ကူးမရှိခဲ့ပေမယ့် မှားချင်စရာ ဇာတ်လမ်းလေးတွေထဲ ကိုယ်ကအလိုလို စီးဝင်သွားတော့ မှားမိရော. . ဘာမှမတတ်နိုင်ဘူးလေ။

"ဟော့. . ယူ ဘာတွေတွေးပြီး ပြုံးနေတာလဲ"

လက်မောင်းကို မထိတထိ ဆွဲကိုင်လှုပ်ယမ်းပြီး မေးလာသော ချိုတေးသံ၏အသံကြားမှ အတွေးစတို့ကို ပြန်ရုပ်လိုက်ပြီး. .

"ဘာမှ မတွေးပါဘူး၊ ဒီည **HAPPY NEW YEAR** ဆိုတော့ ဘယ်လိုပျော်ရင် ကောင်းမလဲလို့ စဉ်းစားနေတာ"

ပါးစပ်ထဲ တွေ့ကရာပြောလိုက်ခြင်းပါ။

"ဟယ်. . ယူက အဲလိုပျော်ရတာ ဝါသနာပါလား"

"ပါတာပေါ့"

"အိုး. . ရက်စ်၊ ဒါဆိုရင် ရှိတ်လိုက်ကြရအောင်"

အားရပါးရ လက်ဆွဲနှုတ်ဆက်လာသော ချိုတေးသံ၏ ပွင့်လင်းပေါ့ပါးသော အမူအရာကို ဘာကြောင့်ရယ်မသိ၊ တဒင်္ဂတွင်း နှစ်သက်သွားမိပြန်သည်။

ဩော်. . ငါ့နှယ် တတ်လည်းတတ်နိုင်ပါ့၊ မောစောက ခေး



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် လွမ်းနေတဲ့အလွမ်းတွေ သဲသောင်ပြင်ပေါ် တက်လာသည့် ရေလှိုင်းတွေနှင့်အတူ ပင်လယ်ထဲ ဆင်းပြေးသွားပြီ ထင်ပ့ါ။

နှလုံးသားကလည်း ရှပ်ပြောင်းရှပ်လွဲတတ်သည်ထင်၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၄)

"ဟော့ . . ယူ အိပ်ပုတ်ကြီး ထတော့လေကွာ"

လက်တစ်လုံးကြိုးချည် ဘလောက်စ်အင်္ကျီလေးကို ပေါင်ရင်းအထိသာရှိသော ဂျင်းဘောင်းဘီ ကျပ်ကျပ်ကလေးနှင့် မခို့တရိုလုပ်နေသည့် ချိုတေးသံ၏အသံလေးကြောင့် မျက်လုံးအစုံကို ဖျတ်ခနဲ ပွင့်လာသည်။ ဒီအခန်းက ကိုယ်တည်းနေသော အခန်းမဟုတ်။

"ဟင် . . ချိုတေးသံ"

"ဘာလဲ . . လူကို မမြင်ဖူးလို့လား"

အတင်းပြုံးကြည့်နေသော ခန့်လူ၏ နှာခေါင်းကို မထိတထိ



www.burmeseclassic.com

www.burmeseclassic.com



ဆွဲလိမ်ပြီး ခပ်ညုညုပြောလာသည့် ချိုတေးသံ၏မျက်နှာမှာ ရှက်ရိပ် လွှမ်းနေသည်။

"ဒီအခန်းက ဘယ်သူ့အခန်းလဲ"

"တို့အခန်းလေ. ."

"ဟင်. . ဒါ. . ဒါဆို ညက. . ကိုယ် မင်းနဲ့အတူ"

ရှေ့ဆက်မေးဖို့ အားနာနေ၍ စကားလုံးတွေ ထပ်ထွက်မလာ။ .

"အင်းပေါ့လို့"

"ဟာ. . ကိုယ်. . ကိုယ် တောင်းပန်ပါတယ်"

"အို. . သူနော် တောင်းပန်ရုံနဲ့ ပြီးမှာလားလို့၊ ညက သူ အမူးလွန်ပြီး တို့ကိုလေ. . အဟင်း. . ခစ်. . ခစ်. . ခစ်"

"ကိုယ်. . ကိုယ် ဘာမှမသိလိုက်ဘူးကွာ"

"ဘာလဲ. . သိရင် အဲလိုမမှားဘူးလို့ ပြောမလို့လား"

နှုတ်ခမ်းစူကာ မေးသည်။

ခန့်လူ ခပ်ပေါ့ပေါ့ ရယ်လိုက်ပြီး. . .

"ဘယ်ကလာ. . မသိလိုက်တာနာတယ်လို့၊ တကယ်ဆို စိတ်တူ ကိုယ်တူ ပျော်ရမှာ၊ တော်တော်ရင်ခုန်စရာ ကောင်းလား"

ချိုတေးသံ၏ ကိုယ်လုံးလေးကို ရင်ခွင်ထဲ ဆွဲဖက်ရင်းမေး သည်။

"ရင်ခုန်စရာ ကောင်းလားမကောင်းလားတော့ မသိဘူး၊ တို့လေ လေထဲမှာ လွင့်မျောနေသလိုပဲ၊ အရမ်းကြည်နူးဖို့ကောင်း တယ်၊ ဒါပဲနော် ဒီနေ့ပဲ တရားရုံးမှာ လက်မှတ်ထိုးပြီး တို့ကိုလက် ထပ်ယူရမယ်"

"အယ်. ."



www.burmeseclassic.com

www.burmeseclassic.com



မြန်းစားကြီး လက်ထပ်ခိုင်းနေ၍ ကျောတွန့်သွားသည်။

ကိုယ့်ဘက်မှာက ခင်ရဲတိုက်နှင့် ကိစ္စမပြတ်သေး။

"ဘာ. . အယ်လဲ၊ ဘာလဲ. . လက်မထပ်ချင်ဘူးလား၊ သူများက ညတုန်းက ဖွတ်ဖွတ်ညက်ညက်ကျေအောင်ကို ပုံအပ်လိုက်တာ၊ အပျိုဘဝ ဘယ်လိုပျောက်သွားမှန်းတောင် မသိတော့ဘူး၊ ရှင်တော်တော်ကဲခဲ့တာ၊ အဲ. . အလကားရ ရတောင် အသေသောက်တဲ့ လူစားမျိုးလိုပဲ၊ ဒီကလည်း သူ့ကိုချစ်မိလို့. . ရော့. . အင့်ဆိုပြီး ရက်ရောခဲ့မိတာ၊ ရှင်သာ တို့ကိုမယူရင်လေ တို့အစ်ကိုတွေက အလွတ်ပေးမှာ မဟုတ်ဘူး၊ တို့အစ်ကိုတွေက လူမိုက်တွေ၊ လူသတ်မှု မုဒိန်းမှုတွေနဲ့ ထောင်ကျခဲ့ဖူးကြတယ်"

ဂုဏ်ပုဒ်တွေကို ဖော်ပြနေသည်မှာ အားကျစရာ တစ်ကွက်မရှိ၊ ကျောချမ်းချင်စရာပင် ကောင်းသေးသည်။

ဒီတော့ ပွင့်ပွင့်လင်းလင်း မြင်မြင်သာသာ ထင်ထင်ရှားရှားဖြစ်အောင် ဖွင့်ပြောရတော့မှာပင်၊ ကြိုက်ရင်သုံး မကြိုက်ရင်မသုံးနဲ့ ဒါပဲပေါ့။

"ကိုယ်က လူပျိုမဟုတ်ဘူးနော်"

ခုရှုပ်မှနောင်ရှင်း ခင်ရဲတိုက် ရှုပ်လာနိုင်သည်မို့ မိန်းမရှိကြောင်း ပေါ်တင်ပြောလိုက်သည်။

"တို့က ဘာဖြစ်ဖြစ်ရတယ်၊ အဓိကက ရှင်ချစ်တတ်ဖို့ပဲ"

"ကောင်းပြီလေ၊ ဒါဆိုရင်တော့ ကိုယ်တို့ လက်တွဲကြတာပေါ့"

"ဒါဆို ဒီညနေပဲ လက်ထပ်ကြရအောင်"

"ကိုယ့်ဇနီးဟောင်းကြီးနဲ့ ကွာရှင်းရဦးမယ်"

"ရတယ် လက်ထပ်ပြီးမှ ကွာရှင်းဖို့လုပ်လည်း ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဇွတ်အတင်း လက်ထပ်မယ်ချည်းပဲ လုပ်နေသော ချိုတေးသံကို အရိပ်အကဲကြည့်ပြီး. . .

"မင်း ကြည်ဖြူရင်ပြီးတာပဲ"

"ချိုတေး နင် အခန်းထဲကို ဘယ်သူ့ခေါ်သိပ်တာလဲ၊ ဟမ် နင်သိက္ခာမရှိဘူးလား"

ဗလတောင့်တောင့် အားကောင်းမောင်းသန် ယောကျ်ား ကြီးသုံးယောက် အခန်းထဲ ဇွတ်ဝင်လာသဖြင့် ခန့်လူ ယုန်သူငယ် တစ်ကောင်လို ချိုတေးသံကို ဖက်ထားရာမှ ကြောက်အားလန့်အား လွှတ်လိုက်ပြီး ပြူးတူးကြောင်တောင်လေး မော့ကြည့်လိုက်သည်။

"ကိုကိုကြီး အဲဒါ ချိုတေးရဲ့ချစ်သူပါ။ ဒီနေ့ပဲ တရားရုံးမှာ လက်ထပ်ဖို့ တိုင်ပင်နေကြတာ"

"ဘာ. . လက်ထပ်မယ်ဟုတ်လား"

"ဟုတ်တယ် ဒါကြောင့် သူ့ကို ချိုတေး အခန်းထဲ ခေါ်တာ ပေါ့လို့"

"ဟေ့ကောင် သူပြောတာဟုတ်လား၊ မဟုတ်လို့ကတော့ နှစ်ယောက်စလုံးကို အသေသတ်မှာ"

လက်သီးလက်မောင်းတန်းကာ ပြောနေသည့် လေယူလေ သိမ်းတွေက ကြောက်စရာ. . .

"တ. . တကယ်. . လက်ထပ်မှာပါ အစ်ကိုတို့၊ ကျွန်တော် ချိုတေးကို လက်ထပ်မှာပါ"

"အေး. . ပြီးရော၊ ပြီးမှ ဘာသံညာသံတွေ မကြားချင်ဘူး၊ အဲ. . ဒါနဲ့ မင်းက လူပျိုလား. . လူအိုလား"

"ခင်ဗျာ"

မျက်လုံး ပေကလပ်ပေကလပ်ဖြင့် ခင်ဗျားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


"မင်း ဗမာစကား နားမလည်ဘူးလား"

ပုံစံတွေက တကယ်ဖွဲ့မည့်ပုံစံတွေမို့ ဖြေရခက်နေတာ အမှန်ပါ။

"ဗျာ. . ဟုတ်. . ဟုတ်ကဲ့ နားလည်ပါတယ်၊ ဟိုလေ ကျွန်တော်က 'မပျိုမအို'ပါ"

"ဘာကွ မပျိုမအို ဟုတ်လား"

"ဟုတ်ကဲ့"

"ရှင်းအောင်ပြော"

"ဒီလိုပါ အရင်ကတော့ ကျွန်တော်က လူပျိုမဟုတ်ပါဘူး၊ ခုတော့ ကျွန်တော်က လူပျိုပါ၊ ဒါကြောင့် မပျိုမအို တစ်ခုလပ်ပါ"

"ဩော်. . တစ်ခုပဲ လပ်တာလား၊ ရတယ် သုံးလေးခုလပ်တာထက်စာရင် တစ်ခုလောက်က ခွင့်လွှတ်လို့ရတယ်"

"ဩော်. . ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်"

"မလိုဘူး"

"ဟုတ်. . ဟုတ်ကဲ့"

ထိုစဉ် ခန့်လူ ဘောင်းဘီအိတ်ထဲမှ ဖုန်းသံမြည်လာသည်။ ဖုန်းနံပါတ်ကိုကြည့်ပြီး မသိမသာ မျက်လုံးပြူးသွားသည်။

"ဟဲလို. . ဟဲလို ပြောပါ၊ ဟဲလို. . ဩော် အရေးထဲ လိုင်းက မမိဘူးထင်တယ်"

ခင်ရဲတိုက်ဆီမှ ဖုန်းဖြစ်နေ၍ သူတို့ရှေ့မှာ ပြော၍မဖြစ်နိုင်၊ လိုင်းမကောင်းတာကို အကြောင်းပြပြီး အခန်းအပြင်ဘက်သို့ ထွက်ခဲ့သည်။

"ဟဲလို ချစ်ပြော၊ ကိုယ် အခု အလုပ်တွေ အရှုပ်ရှုပ်နေတယ်"


www.burmeseclassic.com

www.burmeseclassic.com



"ရှင့်အလုပ်တွေ ရှုပ်နေမှန်း ကျွန်မသိပါတယ်၊ အခု ကျွန်မတို့ ချောင်းသာရောက်နေတယ်၊ ရှင် အလုပ်ပြီးရင် ချောင်းသာကို တန်းလာခဲ့ဖို့ လှမ်းပြောတာ"

"ဟင်. . ဘာ. . ဘယ်လို ချောင်းသာကို ရောက်နေကြပြီ ဟုတ်လား"

"ဟုတ်တယ် ဒယ်ဒီတို့လည်း ပါတယ်၊ အခု သီရိဟိုတယ်မှာ ရောက်နေပြီ"

သီရိဟိုတယ်ဆို၍ ခန့်လူ ခေါင်းမွေးများ ထောင်ထသွားရလောက်အောင် အံ့ဩထိတ်လန့်သွားသည်။ ကိုယ်ကိုယ်တိုင် သီရိဟိုတယ်မှာရှိနေသည်မို့ တွေ့များသွားလို့ကတော့ အလိမ်ပေါ်သွားနိုင်သည်။

"ဟုတ်လား. . ကိုယ်လည်း အခု ချောင်းသာကို ရောက်နေပြီ"

"ဟင်. . ရှင်ပြောတော့ အလုပ်များနေလို့ဆို"

"ဟုတ်တယ်လေ ချောင်းသာကို စောစောကမှ ရောက်တာဆိုတော့ အလုပ်ရှုပ်နေတာပေါ့၊ ချစ်ကို တမင်နောက်ချင်လို့ နောက်တာ"

"ရှင်တစ်ယောက်ထဲလား"

"ဒါပေါ့. . ကိုယ်တစ်ယောက်ထဲရောက်တာ၊ ကိုယ့်မိသားစုနဲ့ဆုံဖို့ ချိန်းထားတဲ့နေရာကို ဘယ်သူငယ်ချင်းကို ခေါ်လာရမှာလဲ"

"အင်းပါ. . ဒါဆိုရင် ခုပဲ သီရိဟိုတယ်ကိုလာခဲ့၊ ကျွန်မနဲ့ ရှင့်အတွက် နှစ်ယောက်ခန်း စီစဉ်ထားလိုက်မယ်"

ပြောပြီးတာနှင့် ခင်ရဲတိုက် ဖုန်းချလိုက်သည်။

"ကျွတ်. . ဟာကွာ ဘာမှတောင် ပြင်ဆင်ချိန် မရလိုက်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



တည်းမယ်ဆိုလည်း တခြားဟိုတယ်မှာ တည်းလိုက်ပါတော့လား"

တစ်ယောက်ထဲ မကျေမနပ်ပြောပြီး ဖုန်းကိုပိတ်ကာ ချို တေးသံအခန်းထဲသို့ ခပ်သွက်သွက် ဝင်ခဲ့လိုက်သည်။ အခန်းထဲ ရောက်တော့ ယောက္ခလောင်း လူသန်ကြီးတွေ မရှိတော့. . ။

"ဘယ်ကဖုန်းလဲ"

"ဩော်. . အလုပ်ကိစ္စပါကွာ၊ သိပ်အရေးမကြီးပါဘူး. . တပည့်တွေနဲ့ လွှဲထားလိုက်တယ်"

မျက်နှာအမူအယာ စိတ်အမူအယာ နှလုံးသား ခံစားချက် အားလုံးကို ရုပ်ပြောင်းရုပ်လွှဲလုပ်နိုင်သော ကိုယ့်အရည်အချင်း ကိုယ်မှမချီးမွမ်းလျှင် ဘယ်သူလာချီးမွမ်းမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၅)

"ဟာ. . သေစမ်းကွာ၊ အခန်းချင်းလာကပ်ပြီး ဆုံရတယ်လို့"

ချွေးစေးတွေ စိမ့်ထွက်လာလောက်အောင်ကို. . ခန့်လူကြောက်ဒူးတွေ တုန်လာသည်။

ချိုတေးသံ၏အခန်းနှင့် ခင်ရဲတိုက်တည်းသောအခန်းက ဘေးချင်းကပ် အခြေအနေမျိုး၊ ဘယ်လိုစခန်းသွားရပါ့။ စိတ်ရှုပ်လွန်း၍ ရေပြင်ကျယ်ကြီးထဲမှာ နှာခေါင်းဖော်ပြီးတော့သာ သေလိုက်



www.burmeseclassic.com

www.burmeseclassic.com


ချင်ရဲ့။

"ကိုခန့်လူ ရှင့်မျက်နှာကြီးက ဘာဖြစ်နေတာလဲ"

"ဘာ. . ဘာဖြစ်လို့လဲ"

"ဩော်. . ရှင့်ကို မေးနေတာလေ၊ ရှင်က ပြန်ပြီး မေးခွန်း ထုတ်နေရသလား. . ဟွန်း. . "

"ဘာ. . ဘာမှမဖြစ်ပါဘူး၊ ဒီ. . ဒီအခန်းက ပင်လယ်ဘက် မျက်နှာပေးထားတော့ မင်းများအေးမလားလို့ပါ"

"အို. . မအေးပါဘူး၊ ဒီလိုနေရာရဖို့ မနည်းပြောထားရတာ၊ ကဲပါ. . အထုပ်တွေ အထဲကိုထည့်ပြီးရင် ဒယ်ဒီနဲ့ မိထွေးတော်ကို နေရာသွားချပေးလိုက်ဦး၊ ဩော်. . ဟသ်ာရေ လာပါဦးကွယ် မမ ဒါလင်နဲ့ မိတ်ဆက်ပေးရဦးမယ်"

"ဟမ်. . ဘယ်. . ဘယ်သူ. . ဟသ်ာ ဟုတ်လား"

"ဟုတ်တယ်လေ အန်တီ့ရဲ့မြေး၊ သူပါလိုက်ချင်တယ်ဆိုတာ နဲ့ အဖော်ရအောင် ခေါ်လာတာ"

"သိပြီးခင်ပြီးသားတွေပဲ မမရယ်၊ အထူးတလည် မိတ်ဆက် ပေးစရာလားလို့. . နော်. . ကိုခန့်ရယ်"

ဟသ်ာဖြူ၏ ကလိတိတိ ရိတိတိ စကားနှင့် အမူအယာကို ကြည့်ပြီး မလုံမလဲဖြစ်ရသူက ခန့်လူပင်ဖြစ်သည်။

"ဒါ. . ဒါပေါ့၊ အဟဲ. . နေ. . နေကောင်းတယ်နော်"

"ဩော်. . ကြည့်. . သူ တော်တော်နောက်၊ နေကောင်းလို့ ချောင်းသာကို လိုက်လာတာပေါ့လို့၊ ဩော်. . မမရေ ဟသ်ာပြော ပြောနေတဲ့ ဟသ်ာရဲ့ချစ်သူကို ချောင်းသာမှာ မထင်မှတ်ပဲ ပြန်တွေ့ ရလို့ ဟသ်ာ အရမ်းပျော်နေတာ မမရဲ့"

ခန့်လူ မျက်လုံးပြူးသွားသည်။ ဒီလိုပဲ ဒွဲကစ်တော့မှာလား၊


www.burmeseclassic.com

www.burmeseclassic.com



စည်းတော့စောင့်သင့်ပါတယ်ဟု စိတ်ထဲက တောင်းပန်တိုးလျှိုးလိုက်သည်။

"ဟင်. . ဟုတ်လား၊ ဒါနဲ့. . သူ့မိန်းမနဲ့ရော ကွာရှင်းပြီးလို့လား"

"အင်း. . ပြီးလောက်ပြီထင်တယ် မမရဲ့၊ ဩော်. . ကိုခန့်အံ့သြသွားလား၊ မမနတ်သမီးနဲ့ ဟာသ်ာက အဘွားနဲ့အဘိုး လက်မထပ်ခင် ဟိုးပဝေနသီထဲက ခင်ခဲ့ကြတာ၊ ဟာသ်ာက မမရဲ့ ကာစတန်မာလေ၊ ဆိုင်ကိုသွားတိုင်း ဟာသ်ာရဲ့ချစ်သူအကြောင်းကို ရင်ဖွင့်တိုင်ပင်နေကြ"

"ဟုတ်တယ် ကိုခန့်လူရေ၊ ကျွန်မလေ အန်တီရဲ့မြေးဆိုတာ သိတာမကြာသေးဘူး"

"ဟုတ်လား. .၊ လော. . လောကကြီးက ကျဉ်းကျဉ်းလေးနော်"

ခုမှတော့ မထူးတော့ပြီမို့ အလိုက်အထိုက်လေး ရှူးချင်ယောင်ဆောင်ရတော့မှာပင်၊ သိပ်တော့ ကိစ္စမရှိ ခင်ရဲတိုက်နှင့်ကိုယ်လင်မယားဆိုတာ ဟာသ်ာသိနှင့်နေပြီးသားပဲ၊ သိသိကြီးနှင့် မှားခဲ့ကြတာမို့ ဖြေရှင်းဖို့ လွယ်ကူသည်။

ထိုစဉ် ဖုန်းမြည်လာသည်မို့ ဖုန်းကိုထုတ်ပြီး ကြည့်လိုက်သည်။

ဗုဒ္ဓေါ. . ခေး. . ခေးပါလား၊ အောင်မလေး ဝင်မယ့်ဝင်တော့လည်း ပြုံးပြီးတော့ကို ကျလာတော့တာပဲ။

စိတ်ထဲက ကယောင်ကတမ်းပြောပြီး ခင်ရဲတိုက်၏ အပတ်သေတ္တာကိုပိုက်ကာ ဖုန်းထူးရင်း အခန်းထဲသို့ ခတ်သုတ်သုတ် ဝင်ခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ. . ဟဲလို. . ခေး. . ဘယ်. . ဘယ်ပျောက်သွားတာလဲကွာ"

"ခေးလေ ကိုကို့ကို စိတ်ကောက်နေတာ သိလား၊ ကိုကိုက မိန်းမတစ်ယောက်နဲ့ ရောနေတော့ ခေးက သဝန်တိုတာပေါ့လို့. . ခေးကိုလာချော့၊ ခေး. . အခန်းကို ပြန်ရောက်နေပြီ"

ဗုဒ္ဓေါမြတ်စွာ ခုဟာက ရောရုံတင်မဟုတ်၊ ညက ငြိပါငြိခဲ့ပြီးပြီ၊ ခေးသာသိလျှင် ပေါက်ကွဲမှာ အမှန်ပင်။

"ဩော်. . အင်း. . လာ. . လာခဲ့မယ်နော်ခေး၊ ခုလေ. . ကိုယ်. . သဲ. . သဲဖြူကျွန်းကို ရောက်နေတယ်၊ ဟ. . ဟလို ခေး. . ဟဲလို. . ဟဲလို. . ဟာ. . လိုင်းကလည်း မကောင်းဘူးကွာ"

ဖုန်းလိုင်း မကောင်းသလိုနှင့် ဖုန်းကို ပိတ်ပစ်လိုက်သည်။

"ဘယ်သူ့ဆီ ဆက်နေတာလဲ"

ခင်ရဲတိုက် အခန်းထဲဝင်လာသည်။

"ဩော် ဘော်ဒါတစ်ယောက်ပါကွာ၊ ဒီည သူ့ပါတီရှိလို့ လှမ်းဖိတ်တာ"

"ဟုတ်လား. . ဘယ်မှာလဲ၊ ဒီချောင်းသာမှာပဲလား"

"အင်း. . ဟုတ်တယ်"

အခွင့်အရေးရတုန်း ချော်လဲရောထိုင်မှ ဖြစ်မည်။ ဒါမှ ညကျလျှင် ခေးဆီကိုတစ်လှည့် ချိုတေးသံဆီကိုတစ်လှည့် သွားလို့ရမည်။

"ဩော်. . ဒါဆိုရင်လည်း သွားလိုက်ပါ၊ မသွားရင် အားနာစရာကြီး"

"ဟုတ်တယ် ချစ်ရဲ့၊ ချစ်ရော လိုက်မလား၊ ခေါ်ထားခေါ်ရတာပါ ယောကျ်ားလေးတွေချည်းပဲ၊ သောက်ကြစားကြမှာဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မိန်းမကို ဝိုင်းကြည့် ဝိုင်းနောက်ကြမှာ မလိုလားဘူး”

မလိုက်စေချင်၍ စကားလမ်းလွှဲလိုက်သည်။

“ဟင့်အင်း မလိုက်ချင်ပါဘူး၊ အဲဒီအနံ့တွေကို ခေါင်းကိုက်လွန်းလို့၊ ဒါပဲနော် အရက်နံ့တွေနဲ့ ကျွန်မအခန်းထဲကို ဝင်မလာနဲ့၊ မနက်မိုးလင်းမှပဲ ပြန်လာခဲ့တော့”

“ဟာ. . စိတ်ချ၊ ချစ် ကိုယ့်ကြောင့် စိတ်အနှောင့်အယှက်လုံးဝမဖြစ်စေရဘူး၊ မ. . မနက်ကျမှ ကိုယ်တို့လင်မယား ရေတူတူ ကစားကြမယ်နော်၊ အင်း. . ဒါဆိုရင် ဒီည ဟာသ်ဖျူကို ချစ်နဲ့အဖော်ရအောင် ခေါ်သိပ်လိုက်ပါလား”

စိတ်မချတာထက် ညကျလျှင် ဖုန်းဆက်ပြီးတွေ့ဖို့ ပြောလာမည်စိုး၍ တမင်တကာ ချုပ်လိုက်ခြင်းပါ။

“အင်း. . ကောင်းသားပဲ၊ ဒီည စကားပြောဖော် ရတာပေါ့၊ ရှင်သာ တရားလွန်တွေ သောက်မနေနဲ့နော်”

“အင်းပါချစ်ရဲ့”

ခင်ရဲတိုက်၏ ပါးဖောင်းဖောင်းလေးကို ချစ်စနိုး ဆွဲညှစ်ပြီး ကတိပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၆)

"ကို ကိုမကောင်းဘူး သိလား. .၊ ခေးအပေါ် သစ္စာဖောက်တယ်"

ခန့်လူ၏ရင်ဘတ်ကို ခပ်ဖွဖွထုရင်း မျက်ရည်လေးဝဲကာ အပြစ်တင်လာသောခေးကို နှမျောတသစွာကြည့်ရင်း ခေးကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။

"ခေးရယ် ကိုကို့ကို ခွင့်လွှတ်ပါ။ ခေးမကြိုက်မှန်းသိရင်ဒါလဲ သူလာမိတ်ဆက်တာကို ကိုကိုမျက်နှာလွှဲခဲ့ရမှာ၊ ခုတော့ကိုကိုကြောင့် ခေး စိတ်သောကရောက်ရပြီ၊ ကိုကို့ကို ခွင့်လွှတ်နော်"

www.burmeseclassic.com



ဖုန်းတဂွမ်ဂွမ်ဆက်ခေါ်နေသော ချိုတေးသံကို အကြောင်းပြချက်ပေးပြီး ခေးနှင့်အတူ နေပေးနေရသည်။ ခေး အပြီးထားသွားပြီအထင်နှင့် ချိုတေးသံနှင့် သွား၍ပတ်သက်မိသည်။ ကိုယ့်ရဲ့ တဏှာ ရေယဉ်ကြောကို ခုတော့ ဘာနှင့်မှ ပြန်ပိတ်၍မရတော့။

ချိုတေးသံကို ခေါက်ခဲ့ပြီး ချောင်းသာကနေ လစ်ဖို့ စိတ်ကူးမိပေမယ့် ခုချက်ချင်းကြီးတော့ မဖြစ်နိုင်သေး၊ ခင်ရဲတိုက်ကလည်း ရှိသေးသည်။ ဒီတော့ ခုညကိုတော့ ခေးဆီမှာ အချိန်တစ်ဝက် ချိုတေးသံဆီမှာ အချိန်တစ်ဝက်ပေးပြီး အခြေအနေကို လိုက်လျောညီထွေစွာ အသုံးချရမှာပင်။

"ခေး. . ကော်ဖီသောက်ကြရအောင်ကွာ"

"အင်း. . ကောင်းသားပဲ ကိုကို"

ကော်ဖီကြိုက်သော ခေးကို ကော်ဖီနှင့်မျှားပြီး အိပ်ဆေးခပ်ရမည်။ ဒါမှ ချိုတေးသံ အခန်းဘက်ကို တိတ်တဆိတ် ကူးလို့ရမည်ဖြစ်သည်။

ထိုအကြံကို အကောင်အထည်ဖော်ဖို့အတွက် သူကိုယ်တိုင်ပင် ကော်ဖီထဖျော်လိုက်သည်။

အားတော့ နာတယ်ခေးရယ်၊ အမှန်ဆို ဒီညလေးကို မင်းဆီမှာ ကုန်ဆုံးချင်တာပါ၊ ဒါပေမယ့် ချိုတေးသံဆီ မသွားပြန်ရင်လည်း ရှော့က အကြီးကြီးရှိတယ်။ သူ့အစ်ကို လူသန်ကြီးတွေကို ကိုကိုယှဉ်မတိုက်နိုင်သေးဘူး။

ခေး အိပ်ပျော်အောင်အိပ်ပါ။

"ဟိုက်. . အဲဒါမှ သောက်ဒုက္ခပဲ"

ချိုတေးသံ အခန်းဆီသွားဖို့ ဘန်ဂလိုရှေ့ရောက်သည်နှင့် ခြေလှမ်းတို့ တွန့်သွားသည်။ အကြောင်းမှာ ခင်ရဲတိုက်နှင့် ဟသ်ာဖြူ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဘန်ဂလိုရှေ့ ဝရန်တာတွင် ထိုင်စကားပြောနေကြသောကြောင့် ဖြစ်သည်။

ဘန်ဂလိုပေါ်တက်သွားလျှင် ဘယ်နည်းနှင့်မဆို လှမ်းမြင်နိုင်သည်။

"တောက်. . ဒီအချိန်အထိ မအိပ်ကြသေးဘူး၊ ဘယ်သူ့အတင်းတွေများ တုတ်နေကြသလဲ မသိ"

ပန်းခြုံကွယ်မှာရပ်ပြီး သူခိုးချောင်းချောင်းပြီး ခြေလှမ်းတွေကို ရှေ့ဆက်မတိုးရဲ။

"ဖတ်. . ဖတ်. ."

"တောက်. . အရေးထဲ ပုရွက်ဆိတ်က ကိုက်နေသေးတယ်"

ပုရွက်ဆိတ်အုံပေါ် သွားရပ်မိလျက်သား ဖြစ်သွား၍ ခြေတွေလက်တွေကို ပုရွက်ဆိတ်တွေက ဝိုင်းခဲတော့သည်။

တစ်နာရီလောက်ကြာတော့မှ နှစ်ယောက်သား အခန်းထဲ ဝင်သွားကြသည်။

"အောင်မလေး. . ဂန်နာနှစ်ယောက်ရယ်၊ ဝင်မှပဲ. . မဝင်ရင် ငါလည်း ဒီနေရာမှာ မိုးလင်းအထိပဲ ငုတ်တုတ်မေ့မလား၊ သူခိုးဆိုပြီး အအော်ခံထိမလား၊ တစ်ခုခုတော့ တစ်ခုခုပဲ. . ."

အတွေးနှင့်အတူ အချိန်ထပ်မဆွဲတော့ဘဲ ချိုတေးသံရှိရာ ဘန်ဂလိုပေါ်သို့ ခပ်သွက်သွက် တက်လာလိုက်သည်။ အခန်းတံခါးက စေ့ရုံစေ့ထားခိုင်းသည်မို့ ခတ်တိတ်တိတ်ပင် ဝင်ခဲ့လိုက်သည်။

ချိုတေးသံမအိပ်သေး၊ ခုတင်ပေါ်မှာ ငုတ်တုတ်ထိုင်စောင့်နေဟန်ရှိသည်။

"ဟွန်း. . ကိုကို ပေါ်လာသေးတယ်နော်"

"သူငယ်ချင်းတွေကွာ၊ ဇွတ်အတင်းတားနေတာ ဒီည သူတို့



www.burmeseclassic.com

www.burmeseclassic.com



နဲ့ပဲ အချိန်ကုန်ရမယ်တဲ့၊ ခုတောင် သူတို့ကို တွိုင်းလက် ခဏသွားမယ်လို့ ဖိန့်ခဲ့ပြီး လစ်ထွက်လာခဲ့တာ"

"တော်သေးတာပေါ့. . ၊ ပြန်လာလို့ ရှင်မလာမချင်း တို့ကယည်း လုံးဝကိုမအိပ်ဘူး"

"ပြန်မလာလို့ ဘယ်ဖြစ်မလဲ လာရမှာပေါ့"

"တို့အရမ်းအိပ်ချင်နေပြီ အိပ်တော့မယ်"

"ဟင်. . အိပ်တော့မလို့လား"

"အင်း မနက်ကျမှ စကားတွေ အများကြီးပြောကြမယ်လေ"

ချိုတေးသံ တဝါးဝါးသမ်းဝေပြီး ခုတင်ပေါ် ဘုန်းခနဲ လှဲချလိုက်သည်။

ခန့်လူစိတ်ထဲ ကျေးဇူးတင်လိုက်သည့်ဖြစ်ခြင်း၊ ခုချိန်မှတော့ ခေးဆီပြန်သွားဖို့လည်း မဖြစ်နိုင်တော့၊ ခေးကို အိပ်ဆေးနှင့်ကော်ဖီ ရောတိုက်ထား၍ ခုချိန်မှာ သူ့ကိုယ်ပေါ် ဆင်အကောင်တစ်ရာတက် လျှင်တောင် သိနိုင်တော့မည်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၇)

"ဟော့ . . ယူ ထတော့ . . ထပါဦး၊ အရေးကြီးတယ် အမြန်ထ"

ချိုတေးသံ၏ အရေးတကြီး နှိုးလိုက်သော အသံကြောင့် ခန့်လူ အိပ်မှုံစုံမွှားဖြင့် . . .

"ဟာ. . ဘာလဲကွာ၊ ကိုယ် ခဏအိပ်ချင်သေးတယ်"

"ခဏတောင် အိပ်လို့မရတော့ဘူး၊ ရှင် ကွိုင်အကြီးကြီး တက်တော့မယ်"

ချိုတေးသံ၏ စကားလုံးတွေသည် မနက်ခင်းနှင့် ဆန့်



www.burmeseclassic.com

www.burmeseclassic.com



ကျင်စွာ သာယာနာပျော်ဖွယ်မရှိ။

"ဘာလဲ. . ဘာကွိုင်လဲ"

"သိချင်ရင်. . မျက်လုံးကို သေချာဖြဲကြည့်လိုက်ပါလား ကိုခန့်လူ"

ခင်ရဲတိုက်၏ အသံကြောင့် စိတ်က မန္တီးဆော်ရဘဲနှင့် ခန္ဓာကိုယ်က ခုတင်ထက်မှ ဝုန်းခနဲ ခုန်ထလိုက်သည်။

"ဟင်. . ချစ်. . ဟသ်ာ"

ခင်ရဲတိုက်နှင့် ဟသ်ာဖြူကို ခုတင်ဘေးတွင် မားမားကြီး ရပ်နေတာ တွေ့လိုက်ရ၍ မျက်လုံးတွေ ပြာဝေမတတ် ထူပူသွားသည်။

"ရှင်ပြောတော့ သူငယ်ချင်းတွေရဲ့ ပါတီကို သွားမလို့ဆို"

"ကိုယ်. . ကိုယ်. . အခု ဘယ်ရောက်နေတာလဲ"

အိပ်ချင်မူးတူးဟန်ဖြင့် အခန်းကို ဝေ့ကြည့်လိုက်ပြီး. .

"ည. . ညက ပါတီကအပြန် အမူးလွန်ပြီး. . အ. . အခန်း များမှားဝင်လာသလား မသိဘူး"

အရှုးကွက် နင်းကြည့်သည်။

"ယူနော် ဘာအခန်းမှားဝင်လာရမှာလဲ၊ ယူနဲ့တို့က ဒီနေ့ပဲ တရားရုံးမှာ လက်ထပ်ရတော့မယ့် အခြေအနေ ရောက်နေပြီးမှ"

"အဲ. . ဟို. . ဟိုလေ၊ အဟဲ. . မိတ်. . မိတ်ဆက်ပေးရဦး မယ်၊ ဒါ. . ဒါက ကိုယ့်ဇနီး ခင်ရဲတိုက်တဲ့"

"သိပါတယ်၊ သိလို့လဲ သူ့ယောက်ျား ဒီအခန်းထဲ ရောက် နေတယ်ဆိုပြီး ဝင်လာတာပေါ့"

အလိမ်တွေ ပေါ်ကုန်ပြီမို့ ခန့်လူမျက်နှာကို ဘယ်မှာဝှက် ထားရမှန်းတောင် မသိတော့။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် တော်တော်မျက်နှာပြောင်တိုက်ပါလား ကိုခန့်လူ၊ ကျွန်မတစ်ယောက်လုံး ရှိနေလျက်နဲ့ တခြားမိန်းကလေးတွေကို မြူဆွယ်သိမ်းသွင်းသေးတယ်"

"အဲ. . အဲဒီလို. . မ. . မဟုတ်ပါဘူး၊ ကိုယ်. . ရှင်းပြ"

"တော်ပါ. . ခုတင်ပေါ်မှာ လက်ပူးလက်ကြပ် မိနေတာ တောင် ရှင်က ဘာကိုရှင်းပြဦးမှာလဲ"

ခန့်လူ မိန်းမသုံးယောက်ရှေ့မှာ ချောင်ပိတ်မိနေသည်။

ဖြေရှင်းဖို့အတွက် ခိုင်မာတဲ့နည်းလမ်း မရှိတော့။

"ရှင် သိပ်ရက်စက်တယ် ကိုခန့်၊ တကယ်ဆို ရှင် ကျွန်မအ ပေါ်မှာလည်း အပျော်ကြံခဲ့တယ်၊ ကျွန်မက ကိုယ့်အပြစ်ကိုယ် သိ ပေမယ့် ရှင်ကတော့ အပြစ်မသိတဲ့အပြင် နောက်ထပ် မိန်းမတွေနဲ့ တောင် ထပ်ရှုပ်လိုက်သေးတယ်"

"ဟင်. . မင်း. . မင်း. . မဟုတ်တာတွေ လျှောက်မဖွနဲ့"

"သူကမဖွဘူး၊ ရှင်ကသာ ပွနေတာ၊ မိန်းမတွေကို ပဲလှော် ဝါးသလို ဝါးနေတာ ရှင်နဲ့ ဟသ်ာဖြူအကြောင်းကို ကျွန်မ သိပြီးသွား ပြီ"

"ဟင်. . သိပြီးသွားပြီ ဟုတ်လား"

"ကိုကို. . ကိုကို"

သောက်ကျိုးနည်း ဒီပြဿနာတွေတောင် မရှင်းရသေးဘူး၊ နောက်ပြဿနာက ထပ်ရောက်လာပြန်ပြီ။

"ဟင်. . ခေး. . ခေး ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ"

ခုတင်ပေါ်တွင် ငုတ်တုတ်ထိုင်နေသော ခန့်လူကိုကြည့်ကာ ခေး ဆတ်ဆတ်ခါနေသည်။

"ကိုကိုကရော ဘာဖြစ်လို့ သူများအခန်းထဲက ခုတင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေတာလဲ၊ ညက ခေးနဲ့အတူရှိနေပြီး မနက်လင်းဝေဘဲ့ ကိုကို မရှိတော့ဘူး"

"ဟဲ့. . အပိုတွေမပြောနဲ့၊ သူက တို့နဲ့ တစ်ညလုံး ဟောဒီ ခုတင်ပေါ်မှာ တူတူရှိနေတာ၊ ငါနဲ့လက်ထပ်တော့မယ့် . . ငါ့ယောက်ျား"

"အမလေး တန်ရာတန်ရာ မှန်းစမ်းပါ၊ နင်က လက်ထပ်ဖို့ အဆင့်ပဲရှိသေးတာ၊ ငါက ရန်ကုန်မှာကတည်းက လက်ထပ်ပြီးသား၊ ချောင်းသာကို ပျားရည်ဆမ်းခရီးထွက်လာတာ"

ခေးကလည်း မိန်းမပီပီ အနိုင်ပြောသည်။

"ဟော့ . . ဒီမှာ ညည်းဟာညည်း ပျားရည်မကလို့ ထန်းလျက်ရည်ပဲဆမ်းဆမ်း ငါ စိတ်မဝင်စားတော့ဘူး၊ ဒီနေ့ သူနဲ့ လက်ထပ်မှာမို့ ငါ့အစ်ကိုတွေတောင် ရောက်လာတော့မှာ"

"အို . . မရဘူး၊ ဒါ တို့ကိုကို"

ခေး ခုတင်ပေါ် အတင်းကုန်းတက်သည်။ ချိုတေးသံက လည်းမခံ၊ သူပါ အပြိုင်လိုက်တက်ပြီး ရှုံကြောင့်မှုးကြောင်ပုံစံဖြစ်နေသော ခန့်လူကို တစ်ဖက်စီ ဝိုင်းဆွဲကြသည်။

"ဒါ . . ငါ့အခန်း၊ ငါ့ခုတင်၊ ခုလေးတင် ငါနဲ့ အိပ်ပြီးသား"

ချိုတေးသံ ပိုင်ပိုင်နင်းနင်း ပြောသည်။

"ဟဲ့ . . ငါနဲ့က ကိုဝင်းကြည်ပါရတော့မယ်ဟဲ့ သိလား"

ခေးကလည်း ကက်ကက်လန်အောင် ပြန်ချေပသည်။

"အ. . အား. . နေ. . နေကြပါဦး၊ လက်တွေ ပြုတ်ထွက်ကုန်ပါ့မယ်"

"ပြုတ်ပါစေ၊ လက်ပြုတ်တာလောက်က ကိစ္စမရှိဘူး"

"ကဲ. . ဒီမှာ ညည်းတို့ရဲ့လင်လုပွဲ ရပ်ကြစမ်းတော့၊ မရှက်ကြ



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား၊ ယောကျ်ားတစ်ယောက်အတွက်နဲ့များ ကိုယ့်ရဲ့ဂုဏ်သိက္ခာတွေကို ဖွတ်ဖွတ်ညက်ညက်ကျေအောင် နင်းချေနေကြပါလား"

ခင်ရဲတိုက်စကားကို ချိုတေးသံ လက်မခံ။

"ကျေချင်တာကျေပါစေ၊ အရေးကြီးတာ သူ့ကို မစွန့်လွှတ်ရဖို့ပဲ"

"ကဲ. . ကိုခန့်လူ ရှင် ဘယ်လိုလုပ်မလဲ၊ အခု ရှင့်ရှေ့မှာရှိတဲ့ မိန်းမလေးယောက်အပေါ်မှာ ရှင်ဟာ ဘယ်လိုမှ ခွင့်မလွှတ်နိုင်တဲ့ အပြစ်ကြီး ကျူးလွန်ထားတယ်"

"ကိုယ်. . ကိုယ်မှားပါတယ် ချစ်ရယ်"

"ရှင် ကျွန်မကို အဲလိုခေါ်ဖို့ မလိုတော့ဘူး၊ ရှင်ထုပြီး လင်လုတဲ့အစားထဲမှာ ကျွန်မ မပါတဲ့အတွက် ကျွန်မက ရှင့်ကို ယောကျ်ားအဖြစ်ကနေ ရာသက်ပန် စွန့်ပစ်လိုက်ပြီ၊ ခုချိန်မှာ ရှင်ဟာ အမှိုက်ပုံက ကြွတ်ကြွတ်အိတ်စုတ်တစ်လုံးလောက်တောင် ကျွန်မအတွက် တန်ဖိုးမရှိတော့ဘူး"

ပြောလိုက်သည့် စကားက ပိဿလေးနှင့် ခေါင်းကိုထုချလိုက်သလို နာကျင်မှုတွေအပြင် အရှက်တွေ သိက္ခာတွေ ဟတ်တက်ကိုကွဲ။ ကိုယ်က အမှားလုပ်မိမှတော့ ငြိမ်ခံရုံကလွဲပြီး ဘာတတ်နိုင်မှာလဲ။ ကိုယ်အဖြစ်က ငါးစာကိုမြင်ပြီး ဒစ်မမြင်တဲ့ လူနုံလူအ။

"ဒီတော့ ဒီသုံးယောက်ထဲကနေ ရှင် တစ်ယောက်ကိုရွေး"

ရွေးချယ်ခွင့်ပေးသော ခင်ရဲတိုက်ကို ကျေးဇူးတင်ကာ. . ထိုင်ပင်ကန်တော့ရမလို။

"တကယ်တမ်း ကိုယ်ရွေးချယ်ချင်ခဲ့တာ ခေးကိုပါ"

ခင်ရဲတိုက် မဲ့လိုက်သည်။ ဘာမှတော့မပြော၊ ချိုတေးသံက

"ဘာ. . ဘာပြောတယ်၊ ရှင်. . ရှင်က ကျွန်မခုတင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



တက်၊ ကျွန်မကို စော်ကားပြီးမှ တခြားမိန်းမကိုရွေးမယ် ဟုတ်လား ဟမ်"

"ဟော့ကောင် မင်းက ငါ့ညီမကို ကြောရရုံ ကြံတာပေါ့ ဟုတ်လား၊ ဒီနေ့မှ ငါ လူထပ်မသတ်ရင် နောင် ဘယ်တော့မှ လူမသတ်တော့ဘူး"

အားကောင်းမောင်းသန် လူသန်ကြီးသုံးယောက်နှင့် အတာချီကေ့စ်ကိုင်ထားသော လူတစ်ယောက် ဘန်ဂလိုအခန်းထဲ ဝင်လာသည်။

"မင်း ဒီလိုအကွက်ရွှေ့မယ်မှန်းသိလို့ ရှေ့နေပါ တစ်ခါတည်းခေါ်လာတယ်ကွ"

"ဟင်. ."

ခန့်လူ ခေါင်းနပန်းကြီးသွားသည်။

"ဟို. . ကျွန်. . ကျွန်တော့်ကို အချိန်နည်းနည်းပေးပါ"

"အချိန်နည်းနည်း ဟုတ်လား. . မရဘူး၊ မင်း ခုပဲ ဟောဒီ လက်ထပ်စာချုပ်ပေါ် မှာ လက်မှတ်ထိုး"

"ဗျာ. ."

"မဗျာနဲ့. . . ယူ ဘယ်သူကကိုမှ လက်မထပ်ရဘူး၊ တို့ယောက်ျားအဖြစ်နဲ့ တို့အနားမှာပဲ နေရမယ်၊ ထိုး. . ခုထိုးလိုက်ပါ"

"ဒါ. . ဒါဆို. . ခေး. . ခေးကရော၊ အား. . အားနာစရာတွေ ဖြစ်ကုန်ပြီ"

ပစ်ရက်စရာ တစ်စက်မှမရှိသောခေးကို သံယောဇဉ်မပြတ်နိုင်သောအကြည့်ဖြင့် ငိုမဲ့ငိုမဲ့ ကြည့်လိုက်သည်။

ခန့်လူရဲ့ဘဝမှာ ဒီတစ်ကြိမ်ဟာ ကူကယ်ရာအမဲ့ဆုံးပါပဲ။

"အောင်မလေး ဘယ်သူမှ မကယ်နိုင်ကြတော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု 'တတ'ပြီး အော်ဟစ်ငိုယိုလိုက်ချင်တာပါ။

"ခေး. . ကိုယ်. . ကိုယ် ဘယ်လိုလုပ်ရမလဲ၊ ကိုယ်မှားတယ် လုံးဝမှားတယ်၊ ဟသ်ာ ကိုယ့်ကိုခွင့်လွှတ်ပါ"

"မှားရင်လည်း အမှန်ဖြစ်အောင် သူပြောသလိုပဲ လက်မှတ် ထိုးပေးလိုက်တာပေါ့၊ ကိုကို ခေးကတော့ ကိုကိုနဲ့ ဒီလိုပုံစံမျိုးကြီး မဖြတ်သန်းချင်ဘူး"

"ဟသ်ာလည်း ကိုခန့်ကို ကြည်ကြည်ဖြူဖြူနဲ့ စွန့်လွှတ်လိုက် ပါတော့မယ် ကိုခန့်ရယ်၊ ဟသ်ာတို့ မစွန့်လွှတ်ရင် ကိုခန့် သူများသတ် လို့ သေရလိမ့်မယ်"

"ဟော့ကောင်. . ခုမှ ကြောင်သေပါးရိုက်ရုပ်နဲ့ မိန်းမတွေကို အသနားလိုက်ခံမနေနဲ့၊ မင်းကို ငါတို့က ယောက်ဖမတော်ချင်ပေ မယ့် ငါ့ညီမနဲ့ လွန်ပြီးနေပြီမို့ မချစ်သော်လည်း အောင့်ကာနမ်းဆို သလို ယောက်ဖတော်ရတော့မှာပဲ၊ ဟောဒီရှေ့နေက မင်းနဲ့ငါ့ညီမကို အကြင်လင်မယားအဖြစ် အသိအမှတ်ပြုပေးလိမ့်မယ်"

ဓါးကြီးတရွယ်ရွယ်ဖြင့် လက်ထပ်စာချုပ်မှာ ဖွတ်အတင်း လက်မှတ်ထိုးခိုင်းနေသော ယောက်ဖလောင်းတွေ၏ စကားကို ဘယ် လိုမှ မလွန်ဆန်ဝံ့သည့်အဆုံး တုန်ချိချိဖြင့် ဘောပင်ကို လှမ်းယူကာ လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးလိုက်ရသည်။

ဒီတစ်ခါရသည့်နောင်တက အကြီးဆုံးကြီးပါ။

ချိုတေးသံကလွဲ၍ မိန်းမသုံးယောက် တစ်ပြိုင်တည်း ကျော ခိုင်းသွားလိုက်ကြတာ တစ်ချက်ကလေးတောင် ငဲ့ကြည့်သွားဖော် မရဘူး။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၈)

“မင်းတို့ အရမ်းခံစားနေရလား၊ ၄ှက်ကလေးနဲ့ ခေး”

ခင်ရဲတိုက် တည်ငြိမ်နေသလောက် ဟသ်ာဖြူနှင့် ခေးက တော့ ရင်ထဲမှာ မချမ်းမြေ့. . .

“အရမ်းကြီးတော့ မခံစားရပါဘူး၊ ကိုယ့်အပေါ် သစ္စာမရှိတဲ့ ယောကျ်ားဆိုပြီး ရင်ထဲမှာနာတယ်၊ ပြီးတော့ ဝမ်းနည်းတယ်၊ ခေး ကလေ ဒီတစ်ခါတော့ ခေးဘဝရဲ့အားကိုးရာ ရပြီဆိုပြီး ဘဝကိုပုံအပ် ပေးခဲ့တာ”

“ဟသ်ာလည်း ဒီအတိုင်းပါပဲခေးရယ်. . ၊ အိမ်ထောင်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတစ်ယောက်နဲ့ ဆိတ်ကွယ်ရာမှာ မထင်မှတ်ပဲ ဆုံမိကြပြီး တဒင်္ဂအတွေ့ကို မရှောင်နိုင်ခဲ့ဘူး၊ အမှားကြီးတစ်ခုကို ကျူးလွန်လိုက်ပြီဆိုတာ သိလိုက်ပေမယ့် သူက ဟသ်ာရဲ့ ငယ်ရည်းစားအချစ်ဦးလေ"

"ကဲပါ. . ကိုယ့်အပေါ် သစ္စာမရှိဘဲ မိန်းမမြင်တိုင်း ငမ်းငမ်းတက်တဲ့ယောက်ျားနဲ့ ထပ်ဆုံဆည်းရဦးမယ်ဆိုရင် မင်းတို့ ခံစားဖို့ ရင်ဘတ်ကြီး ဆယ်ခုလောက် ရှိတယ်ဆိုရင်တောင် မလောက်ငှာဘူး"

"မမကရော မခံစားရဘူးလား၊ ခေးသိတယ်. . သူ အဲဒီမိန်းမကို လက်မထပ်ချင်ဘူး၊ သူ့အစ်ကို လူသန်ကြီးတွေကို ကြောက်လို့သာ ယက်မှတ်ထိုးလိုက်ရတာ. . သနားပါတယ်"

မျက်ရည်လေးဝဲနေသော ခေးကိုကြည့်ပြီး ခင်ရဲတိုက် တဟားဟားအော်ရယ်သည်။

ဟသ်ာနှင့်ခေး အသားလွတ် ထရယ်နေသော ခင်ရဲတိုက်ကို နားမလည်စွာ ကြည့်လိုက်ပြီး. . .

"မမက ဘာလို့ရယ်တာလဲဟင်"

"ရယ်ချင်လို့ပေါ့၊ မဆိုးဘူး မမ.အလှပြင်ဆရာမ မလုပ်ပဲ ဒါရိုက်တာ ပြောင်းလုပ်ရင် ကောင်းမလားလို့"

ခင်ရဲတိုက်စကားကြောင့် မျက်ဝန်းတွေ ကိုယ်စီဝင့်ကာ. .

"ဘာ. . ဘာလို့လဲ မမ"

"တကယ်တော့ ချိုတေးသံဆိုတာ မမဖန်တီးထားတဲ့ တစ်ယောက်"

"ဟင်. ."

"ဟယ်. . ဒါ. . ဒါဆိုရင် မမက အဲဒီမိန်းမနဲ့ ဦးအောင်တမင်ဖန်တီးလိုက်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သူ တစ်သက်လုံး နောင်တရနေစေရအောင်လို့ ခုလို တမင်ဖန်တီးလိုက်တာ တကယ်တော့ အဲဒီ ချိုတေးသံဆိုတာ မိန်းကလေးစစ်စစ်မှ မဟုတ်တာ"

"ရှင်. ."

"ဘုရားရေ"

"ဟုတ်တယ် တကယ်တော့ သူတို့ မငြိစွန်းခဲ့ကြပါဘူး၊ မူးနေတဲ့ ခန့်လူကို ခုတင်ပေါ် ခေါ်သိပ်ထားရုံလေးနဲ့ လှည့်စားလိုက်တာ"

"ဒါ. . ဒါပေမယ့် တကယ့်မိန်းကလေးလိုပဲ"

"ဟုတ်တယ်လေ၊ တကယ့်မိန်းကလေးနဲ့တူအောင် မျက်နှာနဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို ခွဲစိတ်ပြုပြင်ထားတာလေ၊ ဒါကြောင့် မိန်းကလေးနဲ့ တူနေတာပေ့ါ"

"ဟော့တော်. . ဒါဆိုရင် ကိုခန့် လက်ထပ်လိုက်ရတာ. . ယောက်ျားကြီးပေ့ါ၊ ဟုတ်လား. . ဟယ်. . ခစ်. . ခစ်. . ခွိး. ခွိးခွိး"

ဟာသ်ဖြူ မအောင့်အီးနိုင်စွာဖြင့် ထရယ်တော့သည်။

ခေးလည်း ခုမှပဲ ရယ်နိုင်တော့သည်။

"မမရယ်၊ ဒါဆို သူ. . သူ့အစ်ကိုတွေ ဆိုတာကရော"

"အဲဒါလား၊ သူတို့ကို အချိန်ပိုင်းငှားပြီး သရုပ်ဆောင်ခိုင်းထားတာလေ"

"ဝါး. . မမ အိုင်ဒီယာ အရမ်းမိုက်တယ်၊ ခေးတို့တောင် တကယ် ကြွေသွားတယ်၊ လုံးဝထင်မထားဘူး"

"အဲလိုဆိုရင် ဒီအခြောက်မနဲ့ ပေါင်းရမှာပေ့ါ"

"ဒါပေါ့၊ ဒင်းကို ကောင်းကောင်းပညာပေးလိုက်တာလေ၊ တစ်သက်လုံး မှတ်သွားစေရမယ်"



www.burmeseclassic.com

www.burmeseclassic.com


"မမ မနှမြောဘူးလား"

"ဟင့်အင်း မြူတစ်မှုန်တောင်မှ နှမြောစိတ်မရှိဘူး"

ခင်ရဲတိုက် ပြတ်သားသလောက် ခေးကတော့ မပြတ်သားနိုင်၊ မျှော်လင့်ချင်ပါသေးသည်။ သို့သော် ဇာတ်လမ်းက ပြီးပါပြီလို့ စာတန်းထိုးလိုက်မှတော့ ဆက်ကခွင့် ဘယ်ရှိတော့မလဲ။

ဟသ်ာမှာလည်း အစကတည်းက အမှားနဲ့ စထားတာမို့ ဒဲမှန်တွေ ဘယ်တော့မှ ဖြစ်မလာမယ့်အတူတူ မေ့ထားလိုက်ရုံပေါ့။

ဆုံဆည်းဖို့ကံက အစကတည်းက ပါကိုမပါတာ။


www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၉)

"ဟာ. . မင်း. . မင့်း. . ဘာ. . ဘာကြီးလဲ"

ကိုယ် စိတ်ပါပါ မပါပါ၊ မင်္ဂလာဦးညကိုတော့ ဝတ္တရားအရ ကျော်ဖြတ်ခံရမည်မို့ အခန်းထဲတွင်ရှိသော ချိုတေးသံဆီသို့ ဝင်ခဲ့လိုက်သည်။

အရင်ညတွေတုန်းက အချစ်နယ်ကျွံခဲ့သည်ဆိုတာ မူးနေ၍ဘာမှန်းမှ မသိလိုက်တာ။ ဒီညတော့ မမူး၊ ဘာပဲဖြစ်ဖြစ် လက်ထပ်ပြီးမှတော့ ဝတ္တရားအတိုင်းပေါ့ ဆိုသည့်စိတ်က ချိုတေးသံ၏ပုံစံကိုမြင်လိုက်တာနှင့် နတ်ဆိုးတစ်ယောက်ကို တွေ့လိုက်ရသလို တုန့်

www.burmeseclassic.com

www.burmeseclassic.com



တက်သွားကာ မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်သွားသည်။

"မင်း. . မင်း. . မိန်းမ. . မဟုတ်ဘူးလား"

မိန်းမတစ်ယောက်၏ ရင်အစုံလို မို့မောက်နေပေမယ့်. . သဘာဝကျခြင်း မရှိသောကြောင့် ထိုသို့အလန့်တကြားမေးမိခြင်းပါ။

"ဟယ်. . ကိုရယ်၊ မိန်းမလေ မိန်းမစိတ်ရှိနေလို့ ခုလို ကိုနဲ့တို့ အကြင်လင်မယားဘဝကို ရောက်လာတာပေါ့"

ခန့်လူ ချွေးစေးတွေပြန်လာသည်။ စိတ်ထဲမှ ဘုရားတမိသည့်အဖြစ်. . .

မျက်နှာလေးကို လှပအောင် ပြင်ဆင်ချယ်သပြီး အရိုက်အဖိုပြေပြစ်၍ မိန်းမဟုထင်ခဲ့မိပေမယ့် အပေါ်ယံ အဝတ်အစားအချိုဖယ်ထုတ်လိုက်သည့်အချိန်မှာ သဘာဝတရားကို ဘယ်လိုမှ ဟန်လုပ်ဖုံးကွယ်ထားလို့မရ။

"မင်း. . မင်း. . အ. . အခြောက်မကြီးပဲ"

"အို. . အဲလိုမပြောပါနဲ့၊ အခြောက်မှာလည်း နှလုံးသားရှိတယ်၊ ရင်ဘတ်ကြီးနဲ့ ပြည့်လျှံထွက်အောင်ကို ချစ်လဲချစ်တတ်တယ်၊ ညှစ်လဲညှစ်တတ်တယ်၊ ဒါပဲနော်. . ယူ တို့ကိုထားခဲ့လို့ကတော့ တို့က အလွတ်မပေးဘူး၊ ကိစ္စတုံးပစ်မှာ"

တကယ်လုပ်မည့်ပုံမျိုးဖြင့် ကျိန်းဝါးနေပုံက မိန်းမနှင့်မတူကြောက်စရာကောင်းနေသည်မို့ ဒူးတွေတုန်လာကာ. .

အောင်မလေး အဖြစ်ရယ်ဆိုးလိုက်လေခြင်းဟု စိတ်ထဲမှ ငိုချင်းချလိုက်သည်။

"လာ. . အိပ်မယ်"

ခန့်လူ ခြေလှမ်းတို့ နောက်ဆုတ်ကာ ခေါင်းတခါခါဖြင့်. .



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း. . ဟင့်အင်း. . "

"လာဆို"

ခန့်လူလက်ကို ဖွတ်အတင်း ဆွဲခေါ်ပြီး ခုတင်ပေါ် ပစ်တွန်းလိုက်သည့် ချိုတေးသံ အပြုအမူက ဒီတစ်ညတော့ ခန့်လူကို လုံးဝ အလွတ်မပေးတော့မည့်ပုံ။

ခန့်လူ အရှင်လတ်လတ် ငရဲကျသလို ခံစားပြီး. . ရင်ထဲမှာ လှိုက်၍လှိုက်၍ ဝမ်းနည်းလာကာ ယောက်ျားကြီးတန်မဲ့ ချုံးပွဲချပြီး ငိုလိုက်ပါတော့သည်။

ပင်လယ်ကြီးကတော့. . တဟဲဟဲနဲ့. . . ။

ရှင်လန်းချမ်းမြေ့ကြပါစေ



www.burmeseclassic.com